www.burmeseclassic.com

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

# သမီးလိမ္မာ မရစာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သမီးလိမ္မာ မရှစာ

ပထမအကြိမ်၊ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀၊

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၆၃/ ၂၀၀၁ (၆) နှင့်
စာမူခွင့်ပြုချက် အမှတ် ၃၈၃/ ၂၀၀၁ (၅) တို့အရ
ဦးတင်ရှိန် (၀၃၇၆၃) စန်းရောင်ရှိန်စာပေ၊ ၄/ ၁၇၇၊
မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားကို ဒေါ်ကြည်ကြည်အေး
(၀၃၂၅၅) ဆန်းသိန်အော့ဖ်ဆက်။ ၁၅၀၊ ၄၈ လမ်း၊
ဗိုလ်တထောင်မြို့နယ်က ပုံနှိပ်သည်။

တန်ဖိုး ၃၅၀ ကျပ်

ဖြန့်ချိရေး ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း (အထက်လမ်း)၊ ရန်ကုန်၊ ဖုန်း ၂၅၃၂၄၆၊
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်၊
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## မာတိကာ


| | | |
|---|---|---|
| | ပါရမီစာပေ၏အမှာစကား | ၄ |
| | စာရေးသူ၏အမှာ | ၇ |
| | သမီးလိမ္မာ မရှစာ | ၁၃ |
| | နိဒါန်း | ၁၆ |
| ၁။ | ရှစာဒေဝီမင်းသမီး | ၂၆ |
| ၂။ | အမတ်တို့နဲ့ တိုင်ပင်ခန်း | ၃၂ |
| ၃။ | ကဿပတက္ကတွန်းနဲ့တွေ့ဆုံခန်း | ၄၀ |
| ၄။ | ဇီဇကာသူဆင်းရဲ ငိုကြွေးခန်း | ၅၀ |
| ၅။ | ရှစာမင်းသမီး တရားဟောခန်း | ၆၄ |
| ၆။ | ရှစာမင်းသမီး အတိတ်ကိုဆောင်ခန်း | ၈၀ |
| ၇။ | ရှစာဒေဝီ ခုနစ်ဖြစ်စဉ်ကို ဆင်ခြင်ခန်း | ၉၀ |
| ၈။ | ရှစာဒေဝီက ဥပမာအမျိုးမျိုးပြပြီး နားချခန်း | ၉၄ |
| ၉။ | အစိဌာန်ပြုခြင်း | ၁၀၄ |
| ၁၀။ | နာရဒပြဟ္မာမင်း တရားဟောခန်း | ၁၁၄ |
| ၁၁။ | ငရဲအကြောင်းကိုပြခန်း | ၁၂၆ |
| ၁၂။ | ရှေးမင်းမြတ်တို့အကျင့်ကို ပြဆိုခန်း | ၁၃၄ |
| ၁၃။ | ရထားဥပမာ ပြဆိုခန်း | ၁၃၈ |
| ၁၄။ | ဇာတ်တော်ပေါင်းခန်း | ၁၄၆ |
| | နာရဒဇာတ်တော် သန္ဒေတည်ခဲ့ရာဒေသနဲ့ ကျမ်းပြုသူအကြောင်း | ၁၆၆ |

www.burmeseclassic.com

## ပါရမီစာပေ၏ အမှာစကား

တော၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဟူသော နှုတ်တက်ရွရွ ရွတ်၍ကောင်းလှသည့် အတိုကောက်စာလုံးများဖြင့် အမှတ်အသားပြုထားသော ဇာတ်ကြီးဆယ်ဘွဲ့ကို စာအုပ်၊ ဇာတ်သဘင်၊ နံရံရေးပန်းချီကား၊ လူကြီးသူမများ၏ ထပ်ဆင့်ပြောပြမှုစသည့် 'မီဒီယာ' အသီးသီးတို့မှတစ်ဆင့် ကျွန်တော်တို့၏ မိဘ ဘိုးဘွားများ ရင်းနှီးစွာ အကျွမ်းဝင်လာခဲ့ကြ၍ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပေးနိုင်သော ဗုဒ္ဓ၏အဆုံးအမများကို ပြည့်ပြည့်ဝဝ ခံယူကျင့်သုံးနိုင်ကြပါသည်။

လူလတ်ပိုင်းဟုခေါ်ကြသော ယခု ကျွန်တော်တို့ခေတ်တွင်မူ မိဘဘိုးဘွားများ၏ခေတ်ထက် တော၊ ဇ၊ သု၊ နေ၊ မ တို့နှင့် ရင်းနှီးမှု လျော့ပါးသွားသည်ဟု ထင်မြင်ပါသည်။ ယခုလူငယ်အများစုအနေဖြင့်မူ ကျွန်တော်တို့ခေတ်ထက်ပင် ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်ဇာတ်တော်များနှင့် အလှမ်းကွာဝေးသွားကာ ကက်ဆက်၊ ဗွီဒီယို၊ ဗွီစီဒီ၊ ဒီဗွီစသည့် မီဒီယာများကပေးသော ကာရာအိုကေသီချင်း၊ ရုပ်ရှင် ဇာတ်လမ်းစသည်တို့၌သာ နှစ်မျောနေကြသည်ဟု သုံးသပ်မိပါသည်။



အခြေအနေအရ ထိုသို့ဖြစ်နေသည်ကို အပြစ်မတင်ဘဲ ခေတ်အဆက်ဆက် မတိမ်ကောသင့်သည့် ဇာတ်ကြီးဆယ်ဘွဲ့ကို တတ်စွမ်းသမျှ ဖော်ထုတ်နေသင့်သည်ဟူသော ခံယူချက်ဖြင့် မင်းဘူးဦးသြဘာသ၏ ဝေဿန္တရာ၊ မဟာဇနကစသည့် ဇာတ်တော်များကို စီးပွားရေးအကျိုးအမြတ်ကို မကြည့်ဘဲ ပါရမီစာပေက ထုတ်ဝေခဲ့ပါသည်။ ရှေ့ဆက်လည်း မဟောသဓ စသည့် ကျန်နေသည့် ဇာတ်တော်များကို ထုတ်ဝေဦးမည် ဖြစ်ပါသည်။

မင်းဘူးဦးသြဘာသနှင့် အခြားဆရာတော်ကြီးများ၏ အရေးအသားနှင့် တင်ပြပုံတို့မှာ ခံ့ညားဝေဆာမှု အားကောင်းလှသော်လည်း ခေတ်လူငယ်များ၏ အရသာခံစားတတ်မှုနှင့် အနည်းငယ် မဟပ်မိဖြစ်နေသည်ဟု ယူဆရသဖြင့် သူတို့၏ 'အထာ' ကိုလည်း သိ၊ သူတို့ကြိုက်သော အရသာမျိုးကိုလည်း ဖော်စပ်နိုင်သည့် ဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ကို ဇာတ်ကြီးဆယ်ဘွဲ့ကို ဆရာမ၏ ကိုယ်ပိုင်ရေးဟန် ကိုယ်ပိုင်တင်ဆက်မှုဖြင့် ရေးပေးပါရန် တောင်းပန်ခဲ့ပါသည်၊ ဆရာမကလည်း ဝမ်းမြောက်ဝမ်းသာ ရေးပေးခဲ့သဖြင့် မဟာဇနကဇာတ်တော်ကို 'လက်ဆင့်ကမ်းရတနာ' အမည်ဖြင့် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပါရမီစာပေက ထုတ်ဝေနိုင်ခဲ့ပါသည်။

ယခုစာအုပ်မှာ ဆရာမ၏ ဒုတိယမြောက် ဇာတ်ကြီးဆယ်ဘွဲ့ 'စီးရီး' ဖြစ်ပါသည်။ 'နာရဒ' ဇာတ်တော်ကို

www.burmeseclassic.com



ပြန်လည်ရေးသားခြင်းဖြစ်ပြီး စာအုပ်၏အမည်ကို 'သမီးလိမ္မာ
မရှုစာ' ဟု ဆရာမက အမည်ပေးပါသည်။ ထုတ်ဝေသူမှာ
ဆရာမ၏ 'သမီးလိမ္မာ နန့်ချစ်ကြည်' ဖြစ်ပါသည်။

တော၊ ဇ၊ သု၊ နေ၊ မ ဟူသည် ရွတ်ဆို၍ကောင်းသော
အတိုကောက်စာလုံးများသာမဟုတ်ဘဲ ထုတ်ယူအသုံးချပါက
အရာရာ၌ အောင်မြင်ခြင်းကို ပေးစွမ်းနိုင်သော ဇာတ်တော်များ
ဖြစ်ကြောင်း လူငယ်စာဖတ်ပရိသတ် သိစေရန် ဆရာမ၏
ကြိုးပမ်းမှုနှင့် ထုတ်ဝေသူအသစ်ဖြစ်သော်လည်း ထုတ်ဝေရေး
လောကနှင့် မစိမ်းလှသည့် နန့်ချစ်ကြည်၏အားထုတ်မှုတို့
ကြောင့် ဤစာအုပ်သည် လူငယ်များကြားတွင် ပျံ့နှံ့အောင်မြင်
မှာ သေချာလှကြောင်း ထင်မြင်ပါသည်။

ကျော်ဦး
ပါရမီစာပေ

○

## စာရေးသူ၏အမှာ

သားသမီးများနှင့်မိဘတို့သည် အချိန်ရှိသခိုက်မှာ တစ်ဦးအပေါ်
တစ်ဦး ချစ်ခင်ကြင်နာမှုကို ပြစေချင်သော စေတနာ ကျွန်မ
တွင်ရှိပါသည်။ ထိုစေတနာ၏တွန်းအားကြောင့် ကျွန်မ ရေး
သောဆောင်းပါးများ စာအုပ်များတွင် မိဘများအား သားသမီး
တို့၏ သနားကြင်နာစဖွယ်အဖြစ်တို့ကို ပြောပြသောစာ များစွာ
ပါပါသည်။ သားသမီးတို့အနေဖြင့်လည်း အိုမင်းမစွမ်းဖြစ်ကာ
စိတ်အားငယ်နေသောမိဘများ၏ ဖြစ်အင်ကို နှလုံးသားဖြင့်
မြင်စေချင်ပါသည်။ ထိုသို့မြင်ပြီးနောက် မိဘများအပေါ် လေး
စား ချစ်ကြည်ညိုမှုများ ဆတက်ထမ်းပိုး တိုးစေချင်ပါသည်။

ချစ်ခင်ကြင်နာမှုဆိုသည်မှာ အချင်းချင်း အမျက်အအိ
မရှိသော မျက်စိဖြင့် ကြည့်နိုင်ကြသည့်အချိန်တွင် တိုးတက်
ဖွံ့ဖြိုးတတ်ပါသည်။ မိဘနှင့်သားသမီးတို့ကြားမှာဖြစ်စေ
ဆွေမျိုးသားချင်းများ မိတ်ဆွေသင်္ဂဟများအကြားမှာဖြစ်စေ
အမျက်အအိမရှိကြဖို့အရေးမှာ နားလည်သဘောပေါက်ခြင်း
ခွင့်လွှတ်သည်းခံခြင်းတို့အပေါ်တွင် အခြေခံလျက် ရှိပြန်ပါ
သည်။ သားသမီးနှင့်မိဘတို့အကြားတွင် အပြန်အလှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နားလည်သဘောပေါက်မှုရှိရန် ကြိုးစားရမည် ဖြစ်ပါသည်။ သည်းခံခွင့်လွှတ်ခြင်းမှာကား နားလည်သဘောပေါက်ပြီးမှ အားကောင်းလာမည်ဖြစ်ပါသည်။ ထိုလုပ်ငန်းတို့သည် နှစ်ဖက်စုံညီရှိသောအခါမှသာ အောင်မြင်တတ်ပါသည်။

ထိုသို့ အဆင်ပြေပြေဖြစ်ရန် များစွာကြိုးစားနေထိုင်သည့်ကြားမှ ကျွန်မတို့နောင်တရတတ်သေးသည်၊ စိတ်စက်မချမ်းမသာ ဖြစ်ရသေးသည်။ အထူးသဖြင့် ခွင့်လွှတ်ပါဟု အပြန်အလှန်ပြောခွင့် မရတော့သည့်အချိန်တွင် များစွာအခံရဆိုးသော ဝေဒနာကို ရစေတတ်ပါသည်။

ကျွန်မသည် သားသမီးက မိဘကို လောကီကြောင်းအရရော လောကုတ္တရာကြောင်းအရပါ ကယ်တင်နိုင်သည်ဆိုသည့်အကြောင်းကို ရေးသားမိသော စာများတွင်လည်း ထည့်သွင်းဖော်ပြခဲ့ပါသည်။ ကြုံကြိုက်သည့်အခါတိုင်းမှာလည်း ဝေဝေဆာဆာ ထည့်သွင်းရေးသားခဲ့ဖူးပါသည်။

သမီးလိမ္မာ မရှစာ ဆိုသည့်အမည်ဖြင့် စာအုပ်တစ်အုပ်ရေးရန် စိတ်ကူးရသည်မှာ ၂၀၀၀ ပြည့် ဒီဇင်ဘာလလယ်လောက်တွင်ဖြစ်ပါသည်။ လက်ရှိနီးအချိန်တွင် ဤအမှာစာကို ရေးနေပါပြီ။ ထိုစိတ်ကူးသည် ကျွန်မ၏သမီးနှင့်ချစ်ကြည်ကို ချီးမြှင့်လိုသော စေတနာမှ စီးဆင်းလာသည့် မေတ္တာဖြင့် ထုံမွမ်းသော စိတ်ကူးဖြစ်ပါသည်။

သမီးက စာအုပ်ထုတ်ဝေရေးကို လေ့လာလိုသည်။ သင်ယူလိုသည်။ ကျွန်မသည် အသက်ငါးဆယ်ကျော်ဟု ပြော



ရသည့်အချိန်လောက်က အပြင်ထွက်၍ သမီးအလုပ်လုပ်မည်ကို သဘောမတူခဲ့ပါ။ သမီးနှင့်အမေ နွေးနွေးထွေးထွေးနေရင်း တစ်ဦးနှင့်တစ်ဦး ကိုယ်ကျန်းမာကာ စိတ်ချမ်းသာအောင် အပြန်အလှန်ဖေးမရင်း နေကြမည်။ သမီး အပြင်ထွက်ရင်ဖြင့် အမေလည်း အဆင်မပြေ သမီးလည်းပင်ပန်းလိမ့်မည်။ သမီးက အမေ့နားမှာပဲ နေသင့်သည်ဟု အတ္တကဲသောအတွေးဖြင့် တားမြစ်ခဲ့သည်။

ကျွန်မသည် ယခုအချိန်တွင် အသက်ခြောက်ဆယ်ကျော်ဟု ပြောရမည့်အချိန်သို့ရောက်လာပြီ။ တစ်နှစ်ပြီးတစ်နှစ်ကျလာသည့်အရှိန်မှာ သိသာနေပြီ။ သမီးကို လောကအလယ်မှာ ထားရစ်ခဲ့ရမည့်အချိန်သည် နီးသည်ထက်နီးလာပြီ။ သမီးသည် ကျွန်မရေးနေသော အမှာစာကို ဖတ်ရသည့်အချိန်တွင် စိတ်မကောင်းဖြစ်မည်မှာ သေချာပါသည်။ သို့သော် ကျွန်မသည် အမှန်တရားကို အေးအေးဆေးဆေး ပြောပြနေခြင်းသာဖြစ်သည်။ မဟုတ်သည်ကို အဟုတ်လုပ်ကာ စိတ်ကူးဖြင့်ချဲ့ထွင်ရေးသားနေခြင်း မဟုတ်ပါ။

ထိုသို့ သမီးကိုထားရစ်ခဲ့ရာတွင် လက်မဲ့အနေအထားဖြင့် ထားသွားရမည်ကို စိုးရိမ်စပြုလာပါသည်။ ထို့ကြောင့် စာဖတ်ဝါသနာကြီးသော စာစီစာရိုက်ကိုလည်း ကျွမ်းကျင်သလောက် ကျွမ်းကျင်နေပြီဖြစ်သော သမီးကို ထုတ်ဝေသူလုပ်လိုက လုပ်ပါစေဟူသော စေတနာဖြင့် အခွင့်ထုတ်ဝေရန်လည်း စာအုပ်မရှိသေးသောကြောင့် သမီးမိန်းကလေးတို့၏

www.burmeseclassic.com



မိဘအပေါ်ထားရှိသော မေတ္တာစေတနာကို အလွန်အားကောင်းစွာဖော်ကျူးထားသည့် သမီးလိမ္မာမရှုစာ ကို ရေးသားပါသည်။

စာဖတ်သူတို့သည် ကျွန်မ၏ မွေးစားသမီးကလေးနှင့်ချစ်ကြည်ကို ကျွန်မ၏စာများမှတစ်ဆင့် သိသင့်သလောက် သိကြပါသည်။ သမီးသည် သာပေါင်းမြို့နယ်မှ လယ်သမားကြီး ဦးနုနှင့်ဒေါ်ဒဲလာတို့၏ ရင်နှစ်သည်းခြာ ဖြစ်ပါသည်။ မွေးစကတည်းက သူ့ကို ဗမာမဟု တစ်ရွာလုံးက ချစ်စနိုးခေါ်ခဲ့ခြင်းသည် မြန်မာအမျိုးသမီးဖြစ်သူ ကျွန်မ၏သမီး ဖြစ်လာရန် လုံလောက်သော အတိတ်နိမိတ်ဖြစ်သည်ဟု ဆိုရပေမည်။ သမီးသည် ကျွန်မ၏မိခင်ကြီးနှင့် အတန်ကြာနေထိုင်ပြီး မိခင်ကြီးကို စိတ်ချမ်းသာအောင် များစွာပြုစုခဲ့ပါသည်။ မိခင်ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ ပြုစုနိုင်ခြင်းမရှိသော ကျွန်မအဖို့ သမီးက ကိုယ်စားပြုစုပေးသဖြင့် များစွာကျေးဇူးတင်ရပါသည်။ ကျွန် ၏မိခင်ကြီး ကွယ်လွန်ပြီးသည့်နောက် သမီးသည် ကျွန်မကို ဘွားဘွားကိုယ်စား များစွာပြုစုခဲ့ရှာပါသည်။

ကျွန်မနှင့်ကျွန်မ၏သမီးတို့ကြားမှ တိုးပွားဆဲဖြစ်သော အချစ်အကြင်နာများ နားလည်သည်းခံမှုများ တစ်ယောက်က တစ်ယောက်ကို ကောင်းစေချင်သောမေတ္တာ စေတနာအားများကြောင့် ကျွန်မရေးသော ဤစာအုပ်သည် အောင်မြင်မည်ဟု ကျွန်မယုံကြည်ပါသည်။ စာဖတ်သူများလည်း နှစ်ခြိုက်လက်ခံမည်ဟု ကျွန်မယုံကြည်ပါသည်။



ထို့ပြင် သမီးလိမ္မာမရှုစာ သည် မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ်က ဖြစ်တော်စဉ်ဇာတ်တော်ကြီး တစ်ခုဖြစ်သော နာရဒဇာတ်တော်ကြီးကို လွယ်ကူအောင် ခေတ်စကားပြေဖြင့် ရေးသားထားသော ဇာတ်လမ်းဖြစ်နေပါသည်။ ကျွန်မကလည်း ဆရာတော်ကြီး မင်းဘူးဦးဩဘာသ ဟောတော်မူသော ဇာတ်တော်ကို လုံးဝအားထား၍ ရေးပါသည်။ ဇာတ်လမ်းကိုလည်း ပြင်ဆင်ဖြည့်စွက်ခြင်း မပြုခဲ့ပါ။ သမီးကို ပုံပြောပြသည့် အနေဖြင့် ရေးသားပါသည်။

အကယ်၍ ချို့ယွင်းချက်များတွေ့ခဲ့ပါကလည်း ဆရာတော်ဦးဩဘာသ ဝိဓုရဇာတ်တော်နိဂုံးရတုပိုဒ်စုံမှာ 'ဗဟုသုတ၊ ကုံလောက်လှစွာ၊ ပညာဝါတို့၊ ဤရာဤဒွိ၊ ဤမထိုက်ဟု၊ အဆိုက်အသွား၊ စကားရှေ့နောက်၊ နှိုင်းညှိထောက်၍၊ ကျရောက်မြူသွင်၊ အပြစ်မြင်က၊ တင်၍နှုတ်သာ၊ ကဲ့ရဲ့ပါနှင့်၊ လျှင်စွာလျှောက်ကူ၊ ပြင်တော်မူရှင့်' ရေးသားခဲ့သည့်အတိုင်း ကျွန်မရေးသားသောစာတွင် အပြစ်မြင်ပါက ထိုအပြစ်သည် ဆရာတော်ကြီးနှင့် မပတ်သက်ပါ။ ကျွန်မအရေးအသားမတော်သောကြောင့်သာ ချွတ်ချော်ခြင်းဖြစ်ပါသည်၊ ပညာရှင်များ ပြင်ဆင်ကြစေလိုပါသည်။

ကျွန်မသည် ပါဠိဘာသာမှ မြန်မာလိုပြန်ဆိုရေးသားထားသော ဆရာတော်ကြီး၏ စာအုပ်ကိုမဖတ်ရပါက မည်သည့်နည်းနှင့်မျှ သမီးလိမ္မာမရှုစာ ကို ရေးနိုင်မည်မဟုတ်ပါ။

www.burmeseclassic.com



ထို့ကြောင့် မိဘများ သားသမီးများအတွက် အကျိုးကျေးဇူး ရှိသည်ဟု ဆိုပါက ဆရာတော်ကြီးမင်းဘူးဦးသြဘာသ၏ ဇာတ်တော်မူရင်းကို ဖတ်ကြည့်ကြစေလိုပါသည်။

ခမည်းတော်ကို အပါယ်သို့ကျမည့်ဘေးမှ ကယ်ဆယ်ခဲ့သော မင်းသမီးကလေး မရစ္စသည် အများအတွက် နှစ်ခြိုက်စရာကောင်းမည်မှာ သေချာပါသည်။ ကျွန်မသည် စေတနာအား မေတ္တာအားများဖြင့် ဤစာအုပ်ကို သမီးကလေးအတွက် ရေးသားသည်ဆိုသည့်အချက်ကိုလည်း စာရှုသူများက စိတ်ဝင်စားလိမ့်မည်ဟု မျှော်လင့်ပါသည်။ အားလုံးသော စာရှုသူများလည်း ပြေပြစ်ချောမွေ့သော ဟန်ချက်ညီသော အေးချမ်းသာယာသော မိသားစုဘဝများရကြကာ သားကောင်းသမီးကောင်းများကို မွေးမြူနိုင်သော မိဘများ၊ မိကောင်းဘကောင်းကို မှီခိုအားကိုးခွင့်ရသော သားသမီးများ ဖြစ်ကြပါစေဟု မေတ္တာချွေလိုက်ပါသည်။

မေတ္တာအာသီသဖြင့်
ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)
ခေတ္တ ပဲခူးဆယ်မိုင်ကုန်း တောစခန်းရိပ်သာ

၀

# သမီးလိမ္မာမရစ္စ

သမီးနန့်ချစ်ကြည်ရေ

သမီးကိုအမေပြောပြခဲ့တဲ့ ပုံပြင်တွေကို စာအုပ်ထုတ်တော့ 'သမီးကိုပြောဖြစ်သော ပုံပြင်များ' နဲ့ 'မေမေပြောတဲ့ ရှေးရှေးစကား' ဆိုတဲ့စာအုပ်နှစ်အုပ် ထွက်သွားတယ်။ စာဖတ်တဲ့လူငယ်တွေ တော်တော်ကြိုက်ကြပါသတဲ့။ အခုလည်း အမေဟာ စာအုပ်တစ်အုပ်ကို စပြီးရေးနေပြန်ပါပြီ။ ဒီတစ်ခါတော့ သီးခြားစီဖြစ်တဲ့ပုံပြင်တွေ စုထုတ်တာမျိုးလည်း မဟုတ်တော့ဘူး။ စာအုပ်ထွက်ရင် သီးခြားစီဖတ်လို့လည်း အချိုးကျတဲ့ အဆစ်အပိုင်းတွေနဲ့ ဖွဲ့ထားတဲ့ နာရဒဇာတ်တော်ကို အမေပြန်ပြီးရေးထားတဲ့ အခန်းဆက်ဇာတ်တော်ကြီး ဖြစ်ပါတယ်။ သမီးလိမ္မာမရစ္စ လို့ အမည်ပေးရတာကတော့ ရစ္စဒေဝီမင်းသမီးကို ဗဟိုပြုပြီး ဖြန့်ချထားတဲ့ ဇာတ်ကြောင်းဖြစ်လို့ပါပဲ။ သမီးကို သမီးလိမ္မာ မရစ္စ စာအုပ်နဲ့ ထုတ်ဝေသူအဖြစ် စာပေလောကထဲကို ဝင်ရစေမယ်လို့ အမေဆုံးဖြတ်ထားပါတယ်။ လိမ္မာတဲ့သမီးအကြောင်းကို ရေးပြီး လိမ္မာတဲ့ သမီးကို ချီးမြှင့်မယ်ဆိုတဲ့ စိတ်ကူးကြောင့်ဖြစ်ပါတယ်။

သမီးကလည်း သားအမိနှစ်ယောက်တည်းရှိတဲ့အိမ်မှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနေရာမှာရော ယောကျ်ားလေးနေရာမှာရော/နေပြီး အမေကို ပြုစုလုပ်ကျွေးနေတာကြောင့် အမေ့အပေါ်မှာ ကျေးဇူး ရှိပါတယ်။ သမီးကလည်း သမီးဆိုတဲ့နေရာမှာနေပြီး အမေ့ ကျေးဇူးတွေကို ဆင်ခြင်တာများနေတော့ ဒီစကားကို ကြား လိုက်တဲ့အခါ နေတတ်မှာမဟုတ်ဘူး။

အထူးသဖြင့် သမီးက မွေးစားသမီးဖြစ်နေတာကိုး။ အဲဒါကြောင့် သမီးအနေနဲ့ ကိုယ့်အနေအထားကို ကိုယ် စဉ်းစားရင် နောက်ကိုခြေတစ်လှမ်းမက ဆုတ်ပြီး၊ အောက်ကို တစ်ဆင့်မက နှိမ့်ပြီးစဉ်းစားတတ်တာ အကျင့်ပါနေပြီ။ အမေ ရယ် အမေ့သမီးဖြစ်လို့ သမီးဘဝအခြေအနေတွေ မြင့်လာတာ ကြောင့် ကျေးဇူးတင်လိုက်တာလို့ တစ်ခါတုန်းက ကျောင်းက အပြန် ကားမောင်းနေရင်း သမီးပြောခဲ့တယ်။ အမေကလည်း ခပ်ပြတ်ပြတ်ပဲ ပြန်ပြောခဲ့တယ်လေ၊ သမီးမှတ်မိလား၊ အဲဒီ စကားကတော့ ကျေးဇူးတင်ချင်ရင် ကိုယ့်ဘာသာကိုယ် ကြိုး စားခဲ့တာ ကိုယ့်ကိုယ်ကိုတော်အောင် မွေးခဲ့မိတာကို ကျေးဇူး တင်၊ မတော်တဲ့ မတည့်တဲ့သူတစ်ယောက်ကို အမေဘယ်လိုမှ ကောက်ပြီး မြေတောင်မြှောက်မပေးဘူးလို့၊ မှတ်မိတယ်နော်။ အေး သမီးကို မြေတောင်မြှောက်ပေးတာကတော့ အမေပေါ့ လေ။ အဲဒီလိုဆိုတော့ ဒို့သားအမိမှာ ကျေးဇူးက အပြန်အလှန် ပေါ့။

အခုမရှုစာအကြောင်းကို သမီးနဲ့တကွ စာဖတ်သူများ



ဖတ်ပြီးကြရင် အနမတဂ္ဂသံသရာကြီးမှာ ချာချာလည်ခဲ့ကြရ တဲ့သူတွေ မဖြစ်ဖူးတာ မရှိခဲ့တာ၊ မတော်စပ်ဖူးတာ မရှိခဲ့ ကြတာကို ဆင်ခြင်နိုင်ကြမှာဖြစ်ပါတယ်။ အဲသည်လို ဆင်ခြင် ပြီးရင်တော့ သတိသံဝေဂများလည်း ရကြမှာပဲလို့ အမေ ယုံကြည်ပါတယ်။ မကောင်းမှုအကြောင်းခံခဲ့ရင် မကောင်း ကျိုးဖြစ်တယ်ဆိုတာကို သိလာတဲ့အခါ သတိသံဝေဂတွေ ရကြတော့မှာပါပဲ။ ဟော ကောင်းတာကိုလုပ်ဖို့ အသိပညာ တွေကို ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူများက ရ ကြတယ်ဆိုတာကို သိပြီးတဲ့နောက်မှာတော့ ကောင်းသည် ထက်ကောင်းအောင် ဘယ်လိုလုပ်နိုင်ခွင့် ရှိသေးတယ်ဆိုတာ ကို တွေးတောဆင်ခြင် ဉာဏ်နဲ့မြင်ပြီး သဒ္ဓါဆိုတဲ့ ယုံကြည် မှုများနဲ့ အားတက်လာကြမယ့်သူတွေလည်း မနည်းနိုင်ပါဘူး သမီးရယ်။

ကဲလေ အမေတို့လိုအပ်တာကလွဲလို့ မပြောကြဘဲ ဇာတ်တော်ကို စကြတာပေါ့နော်။

○

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

သမီးရေ

ဇာတ်တော်များကို မြတ်စွာဘုရားက ကောက်ကာငင်ကာ ဟောတော်မူတာ မဟုတ်ပါဘူး၊ အကြောင်းတစ်ခုခုကို ထောက်ပြီးတော့ ယခုမှသာ သည်လိုဖြစ်တာမဟုတ် မည်သည့်အချိန်ကလည်း အဲသည်အဖြစ်နဲ့ အလားတူအဖြစ်မျိုး ဖြစ်ခဲ့ဖူးတယ်လို့ အတိတ်ကိုဆောင်ကာ ဟောတော်မူလေ့ရှိတာကို။

ဥပမာ တေမိယဇာတ်ကို မြတ်စွာဘုရားရဲ့ နိက္ခမပါရမီနဲ့ ပတ်သက်လို့ ချီးမွမ်းကြတဲ့ ရဟန်းပရိသတ်ကို အကြောင်းပြုပြီး ဟောတော်မူတာဖြစ်တယ်။ မဟာဇနကဇာတ်တော်ကို အမေက ဝီရိယပါရမီကို အကြောင်းပြုပြီး ဟောတာလို့ ထင်ခဲ့တာကွဲ၊ ဒါပေမဲ့ နိက္ခမပါရမီကိုပဲအကြောင်းပြုပြီး ဟောတော်မူခဲ့ပါသတဲ့။ ဆရာတော်ကြီး မင်းဘူးဦးသြဘာသ ပါဠိဘာသာကနေ မြန်မာလို ပြန်ဆိုရေးသားတော်မူတဲ့ မဟာဇနက ဇာတ်တော်ကြီးနိဒါန်းမှာ ဖတ်ရတယ်။ မဟောသဓကျတော့ ထင်ရှားပါတယ်။ ပညာပါရမီပေါ့။ ဝေဿန္တရာကျတော့ ဒါနပါရမီပေါ့။

အဲသည်လိုအကြောင်းပြုစရာတွေက သူ့ဇာတ်နဲ့သူ



ရှိပါတယ်။ တစ်ခုတော့ရှိတာပေါ့ကွယ်။ ထူးထူးခြားခြား ပါရမီတော်တစ်ခုကို အကြောင်းပြုပြီး ဟောတော်မူပေမယ့် ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်ဆိုသလို ဖြည့်ဆည်းရမယ့် ပါရမီတော်တွေကိုတော့ ဘဝတိုင်းမှာ အနည်းနဲ့အများ ဖြည့်ဆည်းတော်မူနေရပါတယ်။ ဘာဖြစ်လို့တုံးလို့ဆိုတော့ မြတ်စွာဘုရားအဖြစ် ပွင့်တော်မူဖို့ဟာ ပါရမီတော်များကို ပြင်းပြင်းထန်ထန် ဖြည့်ဆည်းကျင့်ဆောင်ထားလို့သာ ဖြစ်တော်မူလာရတာကို။

ဇာတ်တော်များက အကြောင်းပြုစရာအလိုက် ဟောတော်မူခဲ့တာ အများအပြားရှိပါတယ်။ ဇာတ်တော်ကြီး ဆယ်ဘွဲ့ကတော့ ထူးထူးခြားခြား ဖြည့်ဆည်းတော်မူခဲ့တဲ့ ပါရမီတော်များအကြောင်းဖြစ်တဲ့အတွက် ပညာရှိရဟန်းတော်များက လူအပေါင်းတို့ ကြည်ညိုသဒ္ဒါပွားပြီး အကျိုးများစေဖို့ ရွေးထုတ်ပြီး ရေးသားထားတော်မူကြတယ်လို့ မှတ်သားရပါတယ်။

မြတ်စွာဘုရားဟာ ဇာတ်တော်နဲ့ပတ်သက်တဲ့သူများနဲ့ ပတ်သက်တဲ့အကြောင်းကလည်း ရှိနေတယ်။ ဇာတ်တော်ကို နာကြားရတဲ့အခါမှာ ကျွတ်ထိုက်တဲ့သတ္တဝါများလည်း ရှိတယ်လို့ဆိုရင် မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

ဇာတ်တော်ဆယ်ဘွဲ့စလုံးကိုတော့ အမေက မပြောတော့ဘူးနော်။

အခုပြောပြမယ့် နာရဒဇာတ်တော်နဲ့ ပတ်သက်လို့

www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောပြရမှာပေါ့သမီးရယ်။ အမေက ကျောင်းသားများနဲ့ ရွှေတိဂုံကို လေ့လာရေးသွားတိုင်း သမီးကိုခေါ်ခေါ်သွားတတ်လေတော့ ရွှေတိဂုံမြတ်စွာဘုရား အင်္ဂါထောင့်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဂူတစ်ခုထဲမှာကိန်းဝပ်တဲ့ ရုပ်ပွားတော်ရှေ့မှာ ရပ်ရပ်ပြီး အမေရှင်းပြတာကို သမီးသတိထားမိတာ သေချာပါတယ်။

ကဲလေ သမီးကတော့ သိပြီးသားဖြစ်လို့ ထားလိုက်ပါတော့ စကားကစထားပြီးတဲ့နောက်မှာတော့ ဆုံးအောင် ဆက်ပြီးပြောမှ ကောင်းမှာဖြစ်တော့ ပြောလိုက်ပါတယ်။ အဲဒီဘုရားရုပ်ပွားတော်နဲ့ ပတ်သက်တဲ့ဇာတ်လမ်းက ဒီလိုကွဲ့။ ကုန်းဘောင်ပြည်ကြီး ပျက်စီးကိန်းကြုံပြီး နောက်ဆုံးမင်းဖြစ်တဲ့ သီပေါမင်းတို့မိသားစုပါ ရန်သူများနောက်ကို ပါသွားပြီးတဲ့နောက် ရွှေနန်းတော်ကြီးက ရတနာပစ္စည်းအမျိုးမျိုးတို့ကို ရန်သူများက ခိုးယူကြပါတယ်။ အနောက်နိုင်ငံသားများဟာ သူတစ်ပါးတို့ရဲ့ အလေးအမြတ်ထားတဲ့ ပစ္စည်းများကို ဖျက်ဆီးဖို့ရာ ဝန်လေးတတ်ကြသူများ မဟုတ်ကြပါဘူး။ သူတို့က တော့ သူတို့စစ်နိုင်လိုက်တဲ့ တိုင်းပြည်များက လူများနဲ့ ပတ်သက်တာကို မယဉ်ကျေးဘူးလို့ ထင်တတ်ပြောတတ်ရေးတတ်ပေမယ့် ရသမျှကိုတော့ ရအောင်ယူတတ်ကြပါတယ်။

အခုနရုပ်ပွားတော်က ရတနာပုံနေပြည်တော် ပျက်သုဉ်းတော့ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက် နန်းတော်ဦးကနေပြီး



သယ်ဆောင်သွားတဲ့ နန်းဦးဘုရားဖြစ်ပါတယ်။ သူက သူနေထိုင်ရာ အင်္ဂလန်ထိ သယ်သွားတာဖြစ်ပါတယ်။ ဘာလုပ်ဖို့လဲ လို့မေးရင်တော့ နန်းဦးဘုရားရုပ်ပွားတော်မြတ်ကို သူ့အိမ် လှေကားရင်းက လှေကားတိုင်အနီးမှာ ထောင်ထားပြီး မြတ်စွာဘုရားရဲ့မဏိတော်မြတ် (ဦးခေါင်းတော်) အပေါ်က နေပြီး ဦးထုပ်တွေစွပ်၊ ပခုံးတော်ပေါ်မှာ တုတ်ကောက်တို့ ထီးတို့ချိတ်စတဲ့ ကိစ္စတွေအတွက်သုံးတာ ဖြစ်ပါသတဲ့။

သူဟာ ရုပ်ပွားတော်ကို အဲသည်လို ကြာကြာတော့ မသုံးလိုက်နိုင်ပါဘူး။ သူ့မိသားစုတစ်စုလုံး အဲဒီလှေကား အနီးမှာပဲ ခဏခဏလဲပြိုပြီး ဒုက္ခရောက်လာတာ အကြိမ်များတော့ ရုပ်ပွားတော်မြတ်ကို ထုပ်ပိုးပြီး ရန်ကုန်၊ မြန်မာပြည်လို့ လိပ်မူကာ ပြန်ပို့လိုက်ပါသတဲ့။

ရန်ကုန်မြို့ကို ဘုရားရုပ်ပွားတော် ပြန်လည်ရောက်ရှိလာပေမယ့် ဘယ်သူ့ထံသို့ဆိုတဲ့ တိတိကျကျညွှန်းဆိုတဲ့ စာက ပါမလာလို့ ကုန်လှောင်ရုံထဲမှာ ထားခဲ့ကြရပါသေးတယ်တဲ့။ နောက်မှ စေတီတော်ကြီး အနောက်ဘက် သံတန်ဆောင်း ဒါယိကာမ ဒေါ်ကြီးကြီးကနေပြီး ကမ္မကထပြုကာ ရုပ်ပွားတော်ကို ရွေးယူပြီး သံတန်ဆောင်းထဲမှာ ပူဇော်ထားခဲ့ပါတယ်တဲ့။

အမေ ရွှေတိဂုံလေ့လာရေးစထွက်တာက ၁၉၇၂ ခု ဖြစ်တယ်။ အဲဒီအချိန်မှာတော့ အင်္ဂါထောင့်ကို ပြောင်းရွှေ့ပူဇော်ပြီး ပြီဖြစ်ပါတယ်။ အမေက အဲဒီအကြောင်းကို စကား

www.burmeseclassic.com

www.burmeseclassic.com



စပ်လို့ သားအရွယ် သမီးအရွယ်များ သိထားရအောင် ပြောလိုက်တာပါ။ နည်းနည်းလေရှည်တယ်ဆိုရင်တော့ ခွင့်လွှတ်ကြပေရော့။ ဘာဖြစ်လို့လဲဆိုတော့ နာရဒဇာတ်တော်နဲ့ စပ်လျဉ်းတာက အခုမှစမှာ ဖြစ်ပါတယ်။ အဲဒီရုပ်ပွားတော်နဲ့ ဥရုဝေလတောက ရသေ့ညီနောင် ရှင်တစ်ထောင်ချွတ်ခန်းနဲ့ ပတ်သက်နေပါတယ်။ တိုက်ဆိုင်တဲ့နေရာကျတော့ ပြောမယ်နော်။

မြတ်စွာဘုရားဟာ ပဥ္စဝဂ္ဂီ၊ ယသဝဂ္ဂီ၊ ဘဒ္ဒဝဂ္ဂီ ရဟန်းတော်များကို ထိုထိုသောအရပ်မျက်နှာများကို သွားပြီးသာသနာပြုကြလေလို့ စေလွှတ်ပြီး ကိုယ်တော်တိုင်ကတော့ ဥရုဝေလတောအုပ်ဘက်ကို ကြွတော်မူသွားပါတယ်။ အဲဒီတောမှာ တပည့်အခြံအရံငါးရာရှိတဲ့ နောင်တော် ဥရုဝေလကဿပ၊ အခြံအရံ နှစ်ရာငါးဆယ်စီရှိကြတဲ့ ညီလတ် နဒီကဿပ၊ ညီထွေး ဂယာကဿပ တို့ နေထိုင်ကြပါတယ်။

သူတို့ဟာ သူတို့ကိုယ်သူတို့ ရဟန္တာလို့ မှတ်ထင်ကြပါတယ်။ သူတို့ဟာ ကိုယ့်ကိုယ်ကို ညှဉ်းဆဲတဲ့အကျင့်ကို ကျင့်နေကြပါတယ်တဲ့။ ရေချိုးလိုက် မီးလှုံလိုက် တုံးခုန်လိုက် ဇယ်ခတ်လိုက်နဲ့ ကိုယ်ထဲက ကိလေသာတွေ မထကြွအောင် ကျင့်နေကြပါသတဲ့။

မြတ်စွာဘုရားက ဥရုဝေလကဿပ နေထိုင်တဲ့ ကျောင်းကို ချဉ်းကပ်ပြီး ခဏတည်းခိုပါရစေဆိုတော့ နဂါးတစ်ကောင်ရှိတဲ့ မီးဖိုချောင် အဟောင်းတစ်ခုထဲမှာ နေရာချ —



ထားပေးပါသတဲ့။ နောက်တစ်နေ့ကျတော့ အာဂန္တုတော့ဖြင့် နဂါးပေါက်သတ်လို့ သေရှာရောပေါ့လို့ သွားကြည့်ကြတော့ မြတ်စွာဘုရားက သပိတ်ထဲမှာ နဂါးကိုခွေပြီး ထည့်ထားပါသတဲ့။ သူတို့က ဪ တန်ခိုးရှိရှာသားပဲ။ ငါတို့လို ရဟန္တာမဟုတ်တာကလွဲလို့ပေါ့လေလို့ ပြောကြပါသတဲ့။

မြတ်စွာဘုရားတစ်နေ့မှာ ဟိမဝန္တာတောကို ကြွပြီး နေ့သန့်တော်မူပါတယ်။ နေ့သန့်တယ်ဆိုတာက ဟိမဝန္တာတောမှာ သမာပတ်ဝင်စားပြီးနေတာကို ပြောတာဖြစ်ပါတယ်။ ဗုဒ္ဓစာပေကိုဖတ်ရင် ဗုဒ္ဓနဲ့ပတ်သက်တဲ့ ဝေါဟာရများနဲ့ ရင်းနှီးလာမှာပါပဲ။

အဲသည်လို နေ့သန့်ပြီး ညနေချမ်းမှာ ပြန်ကြွတော်မူလာတော့ လက်တော်တစ်ဖက်မှာ ဇမ္ဗူသပြေသီးတစ်လုံးကို သက်သေအဖြစ်ယူလာခဲ့ပါတယ်။ ဇမ္ဗူသပြေပင်က ဟိမဝန္တာမှာသာ ပေါက်ပါသတဲ့။ အဲဒီလို ပြန်ကြွလာတော်မူတဲ့အခါ ဥရုဝေဠကဿပတို့က ဘယ်သွားနေတာလဲလို့ မေးကြတာပေါ့လေ။ အဲသည်လိုမေးကြတော့ မြတ်စွာဘုရားက ဇမ္ဗူသပြေသီးကိုပြပြီး ဟိမဝန္တာမှာ နေ့သန့်တော်မူခဲ့တယ်လို့ ဖြေတော်မူခဲ့ပါတယ်။

အခုန ရုပ်ပွားတော်က မြတ်စွာဘုရား ဇမ္ဗူသပြေသီးကိုကိုင်တော်မူပြီး တောင်တန်းတွေပေါ်ကဖြတ်ပြီး ကြွတော်မူဟန်ထုထားတာဖြစ်ပါတယ်၊ အလွန်လည်းသပ္ပာယ်ပါတယ်။ လက်တော်တစ်ဖက်က သင်္ကန်းစကို အသာသိမ်းထားပါ

www.burmeseclassic.com



တယ်။ ခေတ်ရုပ်ပွားတော်တွေမှာ ထုပုံအဆင်မပြေတော့ သင်္ကန်းကိုဆွဲထားသလိုပါပဲ။ ရှေးရုပ်ပွားတော်ကတော့ လေခတ်တဲ့ သင်္ကန်းစကို အသာသိမ်းထားလေဟန် ပီပြင်အောင် ထုထားပါတယ်။

အဲသည်ရသေ့ညီနောင်များကို ချွတ်တဲ့အခါမှာတော့ မာနက မိုးထိုးနေကြတာကြောင့် မြတ်စွာဘုရားက တန်ခိုးပြာဋိဟာကို ပြတော်မူရပါတယ်။ ဒါတောင်မှ ငါတို့လိုရဟန္တာ မဖြစ်သေးတာ တစ်ခုပဲဆိုတဲ့စကားက လာနေသေးတော့ မြတ်စွာဘုရားက နှုတ်ကနေဖွင့်ဆိုပြီး ဆုံးမတော်မူရပါတယ်။ ပထမ ဥရုဝေလကဿပနဲ့ သူ့တပည့်များ ကျွတ်ပါတယ်။ နောက်တော့ ညီတွေနဲ့ ညီတွေရဲ့တပည့်များ ကျွတ်တမ်းဝင်ပါတယ်။

အဲသည်လို ဥရုဝေလကဿပ ရသေ့တစ်ထောင်ကို ချွတ်ပြီးတဲ့နောက် မြတ်စွာဘုရားဟာ ရဟန္တာအဖြစ်ကို တကယ်ရောက်သွားပြီဖြစ်တဲ့ ရှင်တစ်ထောင်ခြံရံပြီး ရာဇဂြိုဟ်ပြည်ကို ကြွတော်မူကာ ဘုရင်ပိုင်တဲ့ နွယ်ချိုတော ဥယျာဉ်မှာ သီတင်းသုံးတော်မူပါတယ်။ အဲသည်လို ကြွတော်မူရတာကတော့ မြတ်စွာဘုရားမဖြစ်မီကတည်းက မြတ်စွာဘုရား ဖြစ်တော်မူရင် သူ့နေပြည်တော်ကို ကြွတော်မူပါလို့ ကြိုတင်ပင့်လျှောက်ထားတဲ့ ဗိမ္ဗိသာရမင်းကြီးကို ချီးမြှင့်ဖို့ပဲ ဖြစ်ပါတယ်။

ဗိမ္ဗိသာရမင်းကြီးကလည်း ပရိသတ်အခြံအရံများစွာနဲ့ —



နွယ်ချိုတောဥယျာဉ်ကို လာရောက်ပြီး မြတ်စွာဘုရားကို ဖူးမြော်တော်မူပါတယ်။ မင်းကြီးရဲ့ပရိသတ်ထဲမှာပါတဲ့ ပုဏ္ဏားသူကြွယ်တွေက မြတ်စွာဘုရားကို ရှင်တစ်ထောင် ဝန်းရံခနေတာကို မြင်တော့ အင်း ဂေါတမနွယ်ဖွားမြတ်စွာဘုရားကပဲ ဥရုဝေလကဿပတို့ရဲ့ ဆရာလား။ ဥရုဝေလကဿပတို့ကပဲ မြတ်စွာဘုရားရဲ့ ဆရာလားလို့ တွေးတောကြပါသတဲ့။ သူတို့ပတ်ဝန်းကျင် သူတို့ခေတ်မှာတော့ ရှင်တစ်ထောင်တို့ကလည်း ကိုးကွယ်တဲ့သူများများနဲ့ ကျော်ကြားခဲ့တယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။

သမီးရေ

တစ်ခုတော့ ပြောစရာရှိတာပေါ့။ ဒီပုဏ္ဏားသူကြွယ်များနှယ်နော် ထိုင်နေပုံများကြည့်ပါဦးတော့လား မြတ်စွာဘုရားက အမြင့်မှာ ပြီးတော့ရှင်တစ်ထောင်က ဝန်းရံနေတာလို့ ပြောလို့တော့ရတာပေါ့။ သို့သော်လည်း တချို့သောအသိုက်အဝန်းမှာဆရာဖြစ်ပေမယ့် အပေါ်ကမနေတာလည်း ရှိကောင်းရှိပေမှာပေါ့။ လူတွေရဲ့သဘာဝက ဆန်းပြားသားကလား။

မြတ်စွာဘုရားကတော့ သဗ္ဗညုတဉာဏ်တော်နဲ့ ပုဏ္ဏားသူကြွယ်များရဲ့ စိတ်အကြံကို သိတော်မူလို့ ဥရုဝေလကဿပကို 'အသင် ကဿပ အဘယ်ကြောင့် သင်တို့မီးပူဇော်ခြင်း မပြုတော့သလဲ' လို့ မေးတော်မူလိုက်ပါတယ်။ ဥရုဝေလကဿပက အရှင်ဘုရား ယဇ်ပူဇော်ခြင်းမှာ ကာမဂုဏ်ကို

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိသောကြောင့် ပူဇော်ခြင်းဖြစ်ပါတယ်။ ကာမဂုဏ်ဆိုတာ ရဟန်းတို့ရဲ့ အညစ်အကြေးဖြစ်တယ်လို့ သိကြလို့ ယဇ်ပူဇော်ခြင်းကိုလည်းကောင်း၊ မီးပူဇော်ခြင်းကိုလည်းကောင်း စွန့်လိုက်ကြတာဖြစ်ပါတယ်လို့ လျှောက်ရုံမကပါဘူး၊ မြတ်စွာဘုရားရဲ့ ခြေဖမိုးကို ဦးချပြီး ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ဆရာ ဖြစ်ပါတယ်။ တပည့်တော်က အရှင်ဘုရားရဲ့ တပည့်ဖြစ်ပါတယ်လို့ ဆိုပြီး ကောင်းကင်ကိုတက်လိုက် မြတ်စွာဘုရား ခြေအစုံကို ဦးခိုက်လိုက်နဲ့ ၇ ကြိမ်တိုင်တိုင် ရှိခိုးပြီးမှ သင့်တင့်လျှောက်ပတ်တဲ့နေရာမှာ နေပါသတဲ့။

လူတွေက အံ့သြကြတာပေါ့လေ၊ မြတ်စွာဘုရား မပြောနဲ့၊ တပည့်သာဝကတစ်ပါးကတောင်မှ တန်ခိုးပြာဋိဟာ ပြနိုင်ပါပေတယ်။ မြတ်စွာဘုရား တန်ခိုးကြီးပါပေတယ်။ ဘုရားတပည့်သားသာဝကဖြစ်တဲ့ ဥရုဝေဠဟာ အလွန်မာန ကြီးခဲ့တာစသည်ဖြင့် ပြောကြဆိုကြနဲ့ မြတ်စွာဘုရားရဲ့ ကျေးဇူးတော်ကို ချီးမွမ်းကြပါသတဲ့။

သမီး နန့်ချစ်ကြည်ရေ

ပြောသူကလည်း လေရှည်သလားမပြောပါနဲ့တော့။ နိဒါန်းတောင်မှ တော်တော်ရှည်သွားပါပြီ။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီးတဲ့နောက်မှာ ဥရုဝေလကဿပကို ချွတ်နိုင်တာဟာ အံ့သြလောက်စရာ မဟုတ်သေး။



ကိလေသာမကင်းသေးတဲ့ နာရဒရသေ့ဘဝတုန်းကတောင်မှ ငါဟာ ဥရုဝေလကဿပကို အယူမှားကို ပယ်စွန့်စေပြီးတော့ ငါ၏အဆုံးအမမှာ တည်တော်မူစေခဲ့ပြီလို့ မိန့်တော်မူပြီးတဲ့နောက် ဆိတ်ဆိတ်နေတော်မူပါသတဲ့။

ပရိသတ်က ထိုအတိတ်က ဇာတ်ကြောင်းကို ဟောတော်မူပါဘုရားလို့ လျှောက်ထားတောင်းပန်တဲ့ခါမှာ မြတ်စွာဘုရားက နာရဒဇာတ်တော်ကို ဟောတော်မူပါသတဲ့။

အဲသည်နိဒါန်းကလည်း ဇာတ်တော်ကြီးဆယ်ဘွဲ့ စာအုပ်ထဲက မင်းဘူးဦးသြဘာသအရှင်မြတ် ရေးသားတော်မူတဲ့ နာရဒဇာတ်တော် နိဒါန်းအတိုင်း ယူပြီး ပြောတာဖြစ်ပါတယ်။

၀



www.burmeseclassic.com

www.burmeseclassic.com

# ရုစာဒေဝီ မင်းသမီး



သမီး နန့်ချစ်ကြည်ရေ

ရှေးရှေးတုန်းကလို့ ဇာတ်တော်ကိုစကြမယ်။ ဘယ်လောက်များ ရှေးကျသလဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ပရိနိဗ္ဗာန်စံဝင်တော်မူပြီးတဲ့ ဂေါတမနွယ်ဖွား မြတ်စွာဘုရားတောင်မှ မြတ်စွာဘုရားအဖြစ် ပွင့်တော်မူနိုင်ဖို့ ပါရမီဖြည့်ဆည်းနေရဆဲအခါ ဖြစ်ပါတယ်။ အဲသည်လောက် ရှေးကျတဲ့အခါတုန်းက ဝိဒေဟရာဇ်တိုင်း မိထိလာပြည်မှာ အင်္ဂတိဆိုတဲ့အမည်နဲ့ မင်းတစ်ပါး ထီးနန်းစိုးစံနေခဲ့ပါသတဲ့။ အဲသည်မင်းက မင်းကျင့်တရားဆယ်ပါးနဲ့ ပြည့်စုံသူ ဖြစ်ပါသတဲ့။

မင်းကျင့်တရား ဆယ်ပါးဆိုတာကတော့

၁။ ဒါန အလှူပေးခြင်း၊
၂။ သီလ အလှူပေးခြင်း၊
၃။ ပရိစ္စာဂ အမှုထမ်းတို့ကို ရိက္ခာပေးကမ်းခြင်း၊
၄။ အဇ္ဇဝ ရိုးသားဖြောင့်မတ်ခြင်း၊
၅။ မဒ္ဒဝ သာယာနူးညံ့စွာ ပြောဆိုကျင့်ကြံခြင်း၊
၆။ တပ အကျင့်သီလတို့ကို မြဲမြံစွာ စောင့်သုံးခြင်း၊
၇။ အက္ကောဓ အမျက်မထွက်ခြင်း၊
၈။ အဝိဟိံသ မနှိပ်စက်ခြင်း၊
၉။ ခန္တီ သည်းခံခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၁၀။ အဝိရောဓန ပြည်သူတို့သဘောနှင့် မဆန့်ကျင်ခြင်းတို့ ဖြစ်ပါသတဲ့။

အဲသည်တော့ အင်္ဂတိမင်းဟာဖြင့် တော်တော် တရားမျှတတဲ့ မင်းတစ်ပါးလို့ ဆိုရမှာဖြစ်ပါတယ်။

အဲသည်မင်းရဲ့သမီးတော်အမည်က ရုစာ ဖြစ်ပါသတဲ့။ ရုစာမင်းသမီးဟာ အလွန်အဆင်းလှပါတယ်။ လှတာကတော့ ထားပါတော့၊ တင့်လည်းတင့်တယ်ပါသတဲ့။ ကြည်ညိုဖွယ် ကောင်းတဲ့ ကြန်အင်လက္ခဏာလည်း ရှိသတဲ့။

အဲဒီစကားတွေက ဘာကိုဆိုလိုသလဲ ဆိုတာကို ရှင်းပြပါမယ်။ တချို့က လှပါတယ်၊ ဒါပေမဲ့ ကြည့်ရတာ မတင့်တယ်လှပါဘူး။ ရုပ်ထွေးနေသလိုလို အသက်မပါသလိုလို ဖြစ်နေတတ်ပါတယ်။ တချို့များတော့ လှတယ်တောင် မဆိုနိုင်ပါဘူး။ ဒါပေမဲ့ ကိုယ်နေဟန်ထား သွားပုံလာပုံက ပြေပြစ်နေတော့ ကြည့်ရတာ တင့်တယ်ပါတယ်။ ကြည်ညိုဖွယ် ဆိုတာကတော့ သူ့အတွင်းစိတ်က စင်ကြယ်သန့်ရှင်းနေလေတော့ မျက်နှာနေမျက်နှာထားကလည်း ကြည်လင်နေတာပေါ့။ အဲသည်လိုလူမျိုးကို လူတွေက ကြည်ညိုနိုင်ပါတယ်။ တချို့ဆိုရင် ရုပ်ရည်ကလည်းလှပပြီး ကြန်အင်လက္ခဏာ ဆိုတဲ့ မျက်နှာနေမျက်နှာထား ကိုယ်ပေါက်ကိုယ်ရောက်ကအစ သွားပုံလာပုံ ပြောပုံဆိုပုံ နေပုံထိုင်ပုံကအစ သိပ်သည်းကျစ်လျစ်ကာ မြင်ရသူစိတ်ထဲမှာ အေးချမ်းသွားတာ သူ့အပေါ်မှာလည်း အထင်ကြီးလေးစားသွားတာမျိုး ဖြစ်တတ်ပါတယ်။



ရုစာဒေဝီကလေးဟာ ဘုန်းပညာလက္ခဏာ နဲ့လည်း ပြည့်စုံပါတယ်တဲ့။ ဘဝဘဝက ဆုတောင်းပြီး ဆုတောင်းသလို ပြည့်စုံဖို့ ဖြည့်ဆည်းခဲ့တဲ့ ပုညဆိုတဲ့ ကောင်းမှုတွေကို ပုညရဲ့အတိုချုပ်အနေနဲ့ ပုန်းလို့ခေါ်ရာက ဘုန်းလို့မြန်မာစကားမှာ တွင်လာပေတာကိုး။ အဲသည်တော့ ဘုန်းရှိတဲ့သူလို့ဆိုရင် ပုညကောင်းမှု အကြောင်းရင်းခံအား များခဲ့သူလို့ဆိုရပါလိမ့်မယ်။ ဘုန်းပညာဆိုတော့ ကုသိုလ်ကောင်းမှု ပြုခဲ့စဉ်ကတည်းက သိတတ်နားလည်ခြင်းနဲ့ ယှဉ်ခဲ့လို့ ရှေ့နောက် ဆင်ခြင်တွေးတောတတ်တဲ့ အရည်အချင်းနဲ့ပါ ပြည့်စုံတာကို ပြောတာပါပဲ။

ရုစာဒေဝီဟာ တောင်ညာစံဒေဝီ မဟေသီကမွေးဖွားတဲ့ မင်းသမီးကလေး ဖြစ်ပါသတဲ့။ တခြားသောမိဖုရားများကလည်း သားသမီးမမွေးတော့ ရုစာမင်းသမီးကလေးကိုပဲ ခမည်းတော် အင်္ဂတိမင်းတရားကြီးက စုပုံပြီး ချစ်လည်းချစ် မြှောက်လည်းမြှောက်စားထားပါသတဲ့။ ရုစာကို အထိန်းတော်သာမက မှူးမတ်သမီးငါးရာကို အခြံအရံအဖြစ် ထားပါသတဲ့။ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ထက်မှာ နေစေပါသတဲ့။

သမီးရေ

အားကျစရာကောင်းတာကို ပြောရဦးမယ်။ ခမည်းတော်ကြီးက သမီးတော်ကို နေ့စဉ်ရတနာပန်းတောင်း နှစ်ဆယ့်ငါးတောင်းကိုလည်း ပေးပါသတဲ့။ အဲဒီပန်းတောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သဇင်၊ စကား၊ ချယားဆိုတဲ့ မွှေးမြလှပတဲ့ ပန်းတွေ အပြည့်ထည့်ထားပါသတဲ့။ ပြီးတော့ နေ့စဉ် နေ့စဉ် တန်ဖိုးသိပ်ကြီးတဲ့ အလွန်လည်းလှပနူးညံ့တဲ့ အဝတ်တွေကိုလည်း ပေးပါသတဲ့။ စားစရာသောက်စရာတွေကိုလည်း ပေးပါသတဲ့။ လခွဲတစ်ကြိမ်ဆိုတော့ နှစ်ပတ်တစ်ကြိမ်ဆိုသလို အလှူပေးဖို့ ငွေတစ်ထောင်ပေးပါသတဲ့။ ငွေရဲ့ပမာဏက အဲသည်ခေတ်အနေနဲ့ဆိုရင် တော်တော်များတယ်လို့ အောက်မေ့ရမှာပါပဲ။ အခုပြောခဲ့တာကတော့ ရှစာဆိုတဲ့ မင်းသမီးလေး ဘယ်လိုနေခဲ့ရတယ်ဆိုတာကိုပြောပြီး တစ်ခန်းရပ်ကြရအောင်နော်။

သမီးဖိုးချစ်ရေ

မနေ့က သမီးနဲ့ ဖုန်းအဆက်အသွယ်ရတော့ ဆရာတော်ဦးဂုဏိန္ဒကျောင်းမှာ ကပ်လှူတဲ့ ဘွားဘွား ကိုးနှစ်ပြည့် ဆွမ်းအလှူမှာ သမီးနဲ့အတူ ဘဘဦးသန်းဆွေနဲ့ ကြီးကြီးဒေါ်တင်တင်စုတို့လာပြီး ဆွမ်းကပ်ကြတာကို သိလိုက်ရလို့ အမေက သမီးကို သူတို့ခေါ်လေ့ရှိတဲ့ အမည်နဲ့ ခေါ်လိုက်တာပါ။

လူတချို့ကတော့ ဖြစ်ရပလေလို့ အောက်မေ့လိမ့်မယ်။ အမေက ရိပ်သာသွားပြီး နိုင်ငံခြားသား ခြောက်ဆယ်တို့ ရက်ပေါင်းခြောက်ဆယ် တရားအားထုတ်ကြတာ ကို မှတ်တမ်းတင်ရင်း တရားထိုင်မှာကြောင့် သမီးက ဆွမ်းကပ်တာ



တွေကို တစ်ယောက်တည်း တာဝန်ယူရတယ်ဆိုတာ အံ့ပါ့လို့လည်း ပြောကောင်းပြောကြပေမယ်ပေါ့။ ထားလိုက်ပါတော့လေ၊ ကောင်းသောအမှုဆိုတာ မဖြစ်ဖြစ်အောင်ပြုကြရတာကိုး။

○

www.burmeseclassic.com

www.burmeseclassic.com

# အမတ်တို့နဲ့ တိုင်ပင်ခန်း



သမီးဖိုးချစ်

အင်္ဂတိမင်းကြီးမှာ အမတ်သုံးယောက်ရှိပါသတဲ့။ သူတို့ကတော့ ဝိဇယအမတ်၊ သုနာမအမတ်၊ အလာတအမတ်တို့ပါပဲ။ သူတို့က မင်းကြီးစေခိုင်းတဲ့ အမှုကြီးငယ်ကို စီရင်ဆုံးဖြတ်ရတဲ့ အမတ်တွေဖြစ်ပါသတဲ့။

တန်ဆောင်မုန်းလဆိုတာက မိုးလေးလ ကုန်ဆုံးလို့ ကောင်းကင်တစ်ခွင် ကြည်လင်ရှင်းလင်းနေတော့ ကြတ္တိကာနက္ခတ်ပွဲ သဘင်ဆင်ယင်ကျင်းပမြဲဖြစ်ပါသတဲ့။ ပွဲတော်ကျင်းပချိန်မှာ အင်္ဂတိမင်းကြီးမိုးစံတဲ့ မိထိလာပြည်ကို လှပအောင်ပြင်ဆင်ကြပါသတဲ့။ မီးများလည်းထွန်းညှိကြပါသတဲ့။ နန်းတော်ကိုလည်း အလားတူ လှပအောင်ဆင်ယင်ပြီး မီးများထွန်းညှိကြပါသတဲ့။

မင်းကြီးကလည်း မင်္ဂလာအခါမှာ ခေါင်းလျှော်ပြီး ရေမိုးချိုးကာ နံ့သာလိမ်းပြီး မင်းတို့ဝတ်ဆင်ရတဲ့ တန်ဆာတွေကို ဝတ်ဆင်ပါသတဲ့။ အဲဒီနောက် စားကောင်းသောက်ဖွယ်များနဲ့ ညစာကိုစားပြီး ခြင်္သေ့ခံ လေသာနန်းတံခါးကို ဖွင့်ပြီး အမတ်များခြံရံကာ ပျော်ပျော်ပါးပါး စံစားနေပါသတဲ့။

အင်္ဂတိမင်းကြီးက ယောက်ျားဖြစ်ပြီး နံ့သာလိမ်းသလား အမေလို့ ဆေးမလို့လား၊ မျက်နှာကို သနပ်ခါးလိမ်းမှ

www.burmeseclassic.com



နံ့သာလိမ်းတာ မဟုတ်ပါဘူး။ နံ့သာကအမျိုးမျိုးရှိတာပဲ သမီးရယ်၊ အခုခေတ်မှာ ယောကျ်ားသားများ ရေမွှေးနံ့ တသင်းသင်းနဲ့နေတတ်သလိုပေါ့။ မင်းကြီးလည်း မွှေးမွှေး ကြိုင်ကြိုင် လှလှပပဝတ်ပြီး စည်းစိမ်နဲ့နန်းတော်မှာ စံပျော်နေ တာကို ပြောချင်တာပါပဲ။

စိတ်ကလည်း ပျော်နေပါလိမ့်မယ်။ တစ်မြို့လုံးလည်း အုတ်အုတ်ကျက်ကျက်နဲ့ ပျော်နေကြပါတယ်။ ရာသီဥတု ကလည်း ကြည်လင်သာယာနေပါတယ်။ တန်ဆောင်မုန်းမှာ လမင်းကြီးကလည်း အထူးသဖြင့်သာနေလေတော့ ပျော်သည် ထက် ပျော်ရအောင် ဘာလုပ်ရရင်ကောင်းမလဲလို့ မင်းကြီးက သူ့အမတ်ကြီးများကို မေးလိုက်ပါသတဲ့။

အမတ်ဆိုတာကလည်း မင်းကြီးမေးသမျှကို မှန်ပါ၊ ဘုန်းတော်ကြောင့် ကျွန်တော်မျိုးတို့ မသိကြောင်းပါလို့ လျှောက်လို့ရတာမှ မဟုတ်တာ။ ဩော် အဲသည်လိုမေးတာကို မသိဘူးလို့ဖြေတတ်ရင် အစောပိုင်းကတည်းက အမတ်မခန့် တော့ဘဲ နေမှာပေါ့။

အဲဒီတော့ အမတ်တွေလည်း သန်ရာသန်ရာ ကိုယ့် အလိုအတိုင်းစဉ်းစားခန်းထုတ်ပြီး လျှောက်တင်ကြရတာပေါ့။ အလာတ အမတ်ကြီးက အရင်လျှောက်ပါတယ်။ မင်းကြီး ဘုန်းတော်ကြောင့် ကျွန်တော်တို့ တိုက်တိုင်း အောင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဘက်ကို မလိုက်သေးတဲ့ရန်သူဆိုလို့ နည်းနည်းပဲကျန်ပါတော့တယ်။ အဲဒီရန်သူတွေကို သွားရောက်



တိုက်ခိုက်သိမ်းပိုက်ရရင် ကောင်းမှာပဲ၊ အခုပဲစစ်ပြင်ပြီး လူစု ကာ ထွက်ကြရအောင်ပါလို့ လျှောက်တာပါတဲ့။

ဟိုတုန်းက စစ်ပြင်တာနဲ့ အခုခေတ်စစ်ပြင်တာတော့ ကွာမှာပေါ့၊ အဲသည်လိုအကြောင်းတွေပြောနေရင် သမီးလည်း ကြားနေကျပဲ။ ရာဇဝင်တစ်စောင်လုံး မွှေနှောက်ကာ ပြော လည်း ကုန်နိုင်ဖွယ်မရှိလို့ ထားခဲ့ကြပါစို့။ ပဒေသရာဇ်ခေတ်ဆို တော့ စစ်တိုက်လို့ နိုင်တာကို ဘုန်းလက်ရုံးအားကြီးတယ်၊ ဂုဏ်ရှိတယ်လို့လည်း ယူဆကြပါတယ်။ စစ်တိုက်တဲ့အခါ သိမ်းပိုက်ရရှိတဲ့ ပစ္စည်းတွေကလည်း မက်မောလောက်စရာ ဖြစ်တယ်။ ကိုယ်နိုင်တဲ့နိုင်ငံကို ပဏ္ဏာဆက်နိုင်ငံပြုပြီး နှစ်စဉ် ဆက်သရမြဲ လက်ဆောင်များကို လက်ခံရတာဟာလည်း တိုင်းကြီးပြည်ကြီးရှင် ပီသတယ်လို့ ယူဆတတ်ကြတာကိုး။

အဲသည်လို အလာတ အမတ်ကြီးကပြောတော့ သုနာမ အမတ်ကြီးက မင်းကြီး ကျွန်တော်မျိုးတို့လက်အောက်ကို မဝင်ရောက်သေးတဲ့သူလည်း မရှိသလောက် နည်းနေပါပြီ။ ပြီးတော့ ဒီကနေ့ကလည်း ဥပုသ်နေ့ဖြစ်တော့ စစ်တိုက်တဲ့ အလုပ်နဲ့ မသင့်တော်ပါဘူး။ အရှင်မင်းကြီး အစားအသောက် ကောင်းကောင်းစားပြီး ကကြိုခုန်ကြတာ ကောင်းပါတယ်။ လူပီပီ ကာမဂုဏ်စည်းစိမ်ကို ခံစားကြတာက အကောင်းဆုံး ပါပဲလို့ လျှောက်တင်ပါသတဲ့။

စဉ်းစားကြည့်စမ်းပါဦး သမီးရယ်၊ ငါကားနွားရဆို သလို လျှောက်တင်နေကြတာများနော်၊ ဥပုသ်နေ့ စစ်မထိုးဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အထိ သူ့စကားကကောင်းသလိုလို ရှိနေပေမယ့် ဥပုသ်နေ့ကြီးမှာ အဖျော်ယမကာ အပါအဝင် အစားအသောက်တွေ စားမယ်၊ ကမယ်ခုန်မယ်၊ ကာမဂုဏ်ခံစားမယ်ဆိုတော့ သူလည်း အတူတူနဲ့ အနူနူဖြစ်နေတာပေါ့။

ဝိဇယအမတ်ကတော့ အဲဒီနည်းနှစ်နည်းစလုံးကို ပယ်ပါတယ်။ မင်းကြီး မင်းကြီးမခံစား မစံစားဖူးတဲ့ ကာမဂုဏ်ဆိုတာလည်း မရှိတော့ပါဘူး၊ အကြားအမြင်များတဲ့ ရဟန်းပုဏ္ဏားကို ဆည်းကပ်ကိုးကွယ်ရရင် ကောင်းမယ်လို့ လျှောက်တင်ပါသတဲ့။ သုနာမကလည်း ကောင်းမှုကုသိုလ်နဲ့ ပတ်သက်ပြီး သေသေချာချာ ရေရေရာရာသိလို့ ဘယ်သူ့ထံကို သွားကြရအောင်လို့ လျှောက်တာဟုတ်ပုံမရပါဘူး။ သူ့ထက်ငါကောင်း လျှောက်တင်ချင်လို့သာ လျှောက်တင်တာ ဖြစ်ပါလိမ့်မယ်။ အရင်လူတွေလျှောက်ထားတာထက် ထူးခြားပြီး မြင့်မြတ်တယ်လို့ ထင်စရာလမ်းကို နောက်လူက စိတ်ကူးစဉ်းစား ကြံစည်ခွင့် ရသွားတာကိုး။

အဲသည်လို ဝိဇယအမတ်ကပြောတာကို မင်းကြီးကလည်း ကောင်းတယ်၊ ပညာဗဟုသုတနဲ့ ပြည့်စုံတဲ့သူကို ချဉ်းကပ်ရတာ ကောင်းတာပေါ့။ အကျိုးစီးပွားကို ဆင်ခြင်မြော်တွေးတတ်တဲ့ ရဟန်းပုဏ္ဏားတွေကို ငါ့စိတ်ထဲမှာ ယုံမှားသံသယဖြစ်နေတာတွေကို မေးရရင် ကောင်းမှာပဲလို့ ဆိုပါသတဲ့။

အဲသည်လို အင်္ဂတိမင်းကြီးက ကောင်းတယ်လို့ဆိုမှ



တော့ အမတ်သုံးယောက်စလုံးကလည်း ကောင်းလိုက်တာဘုရား၊ တကယ်ကောင်းတာပါပဲစသည်ဖြင့် ဖြစ်ကုန်ကြတာပေါ့ကွယ်။

အဲသည်အချိန်မှာ မင်္ဂလာယူတတ်တာက အလာတအမတ်ဖြစ်ပါတယ်။ သူက မင်းကြီး ထပ်ပြီးလျှောက်တင်ခွင့်ကို အမြန်ယူလိုက်ပြန်လို့ပါပဲ။ သူက မင်းကြီး ဗဟုသုတနဲ့ ပြည့်စုံတဲ့ ရသေ့ရဟန်းတွေကို ဆည်းကပ်ချင်တယ်ဆိုရင် မိဂဒါဝုန်တောမှာ ဗဟုသုတလည်းရှိတယ်၊ ပညာလည်းရှိတယ်လို့ကျော်ကြားတဲ့ တက္ကတွန်းဆရာတစ်ယောက် ရှိတယ်။ သူ့မျိုးရိုးအမည်က ကဿပ ဖြစ်တယ်။ အဝတ်လည်းမဝတ်ဘူး။ အကြားအမြင်လည်း များတယ်။ စကားကိုလည်း တင့်တင့်တယ်တယ် အဆန်းတကြယ် ဖွယ်ဖွယ်ရာရာ ပြောတတ်တယ်။ အခြွေအရံလည်း များတယ်လို့ လျှောက်သတဲ့။

သမီးဖိုးချစ်

တက္ကတွန်းလို့ဆိုလိုက်တာနဲ့ အဝတ်မဝတ်ဘူးဆိုတာ တန်းသိနိုင်တယ်။ ဗုဒ္ဓမတိုင်မီရော ဗုဒ္ဓခေတ်မှာရော နောင်ခေတ်များမှာရော မဇ္ဈိမဒေသများမှာ အယူဝါဒအဆန်းအပြားတွေ များစွာထွန်းကားတယ်။ တချို့က လူ့ဆံပင်ကို အဝတ်ရက်ပြီးဝတ်တယ်။ တချို့ကလည်း ပျဉ်ချပ်ဝတ်တယ်၊ တချို့ကလည်း သစ်ရွက်ဝတ်တယ်။ ဟော တက္ကတွန်းများကတော့ ဘာမှကိုမဝတ်ဘူး။ အလွန့်ကို ခြိုးခြံတယ်လို့ သူ့ကို ရှိသေဆည်းကပ်တဲ့ လူတွေလည်းအများသားဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



သမီးရေ သာသနာတော်ထွန်းကားနေတဲ့ အချိန်များမှာတောင် အယူဝါဒတွေ ထွေပြားတတ်သေးတာပဲ။ သာသနာကွယ်တဲ့အချိန်မှာဆိုရင်တော့ အယူဝါဒတွေက မိုးဦးကျမှိုလို ပေါက်နေမှာပေါ့။ ဒါပေမဲ့ အမတ်တွေလျှောက်တာကို နားထောင်ရင် သိသာတာက အဝတ်မဝတ်တာကို အမေတို့ မကြိုက်ပေမယ့် သူ့အကျင့်လို့ သတ်မှတ်လို့ရသေးတယ်။ ကျန်တာ ဘာမှလည်းမရှိပါကလား။ ပြီးတော့ ဗဟုသုတရှိတယ်၊ စကားအပြောအဆိုတတ်တယ်ဆိုတာ သူတကာရဲ့ အကျိုးကို ဘယ်လိုဆောင်နိုင်တယ်ဆိုတာကို ပြဆိုတဲ့စကား မဟုတ်ပေဘူးနော်။

သမီးသတိထားမိအောင်လို့ ပြောတာပါ။ တချို့က အဆန်းတကြယ် နေထိုင်ဝတ်ဆင်ပြီး သူတော်ကောင်းလို့ သမုတ်တာကို ခံယူတတ်ကြတယ်။ တချို့ဟိတ်ဟန်ထုတ်တယ်။ ချမ်းသာကြွယ်ဝတာ အခြံအရံများတာ ဆည်းကပ်တဲ့သူ များတာကို ဆွဲအားအဖြစ်သုံးပြီး နောက်ပိုင်းမှာ မျက်စိလည်တဲ့သူများကို ဆွဲဆောင်စည်းရုံးတတ်တယ်။ အဲသည်လိုနဲ့ စားလို့မကုန်ဖြစ်နေတဲ့ လူသူတော်ကောင်းဆိုတာတွေကလည်း များလှလို့ သတိထားကြရပါမယ်။


ပြီးတော့ သူ့အကျိုး ကိုယ့်အကျိုးပြီးအောင်၊ ပူတဲ့သူအပူငြိမ်းအောင်၊ ရှုပ်ထွေးနေတာကို ရှင်းအောင်၊ မှောင်နေတာကို လင်းအောင် လုပ်ပေးတတ်တယ်။ လုပ်ပေးနိုင်တယ်။ မှားနေတဲ့သူ ဆိုးသွမ်းနေတဲ့သူများကို မမှားရအောင် အမှန်



လမ်းကို ဘယ်လိုပြတတ်တယ်ဆိုတဲ့ အရည်အချင်းမရှိရင်တော့ အဲသည်လိုအရည်အချင်းများ ရှိပါတယ်ဆိုတာကို မဖော်ပြနိုင်ရင်တော့ သူတော်ကောင်း ပညာရှိလို့ ဘယ်လိုမှ မယုံကြည်သင့်ပါဘူး။

အင်္ဂတိမင်းနဲ့ အမတ်သုံးယောက်တို့တော့ ကဿပနွယ်ဖွား တက္ကတွန်းဆရာထံကို သွားကြမယ်လို့ ဆုံးဖြတ်ပြီး သွားကြဖို့ ပြင်ဆင်ပါသတဲ့။

၀



www.burmeseclassic.com

www.burmeseclassic.com

# ကဿပတက္ကတွန်းနဲ့ တွေ့ဆုံခန်း



သမီး ဖိုးချစ်

အင်္ဂတိမင်းကြီး တက္ကတွန်းဆီကို သွားဖို့ပြင်ဆင်တဲ့ အခန်း သွားတဲ့အခန်းက တော်တော်ခမ်းနားပေတာပဲ။ ရထား၊ မြင်း၊ ထီး၊ သားမြီးယပ်စတဲ့ ပစ္စည်းတွေဟာ အဖြူချည်း သက်သက်ဖြစ်သတဲ့။ လပြည့်ဝန်းလို တင့်တင့်တယ်တယ် ကြီး ဖြစ်နေတယ်လို့ ဆိုပါတယ်။ ညဘက်ကိုသွားတာတော့ မဟုတ်ပါဘူး။ နောက်တစ်နေ့မှ သွားတာဖြစ်ပါလိမ့်မယ်။ ပြီးတော့ မင်းနဲ့အတူ ပုဏ္ဏား သူကြွယ်တို့ကလည်း လိုက်ပါ လာသတဲ့။ သူ့ခေတ်နဲ့ သူ့ပရိသတ်ဆိုတာတော့ ရှိစမြဲပလေ။ အထူးချီးမွမ်းစရာမလိုသလို ကဲ့ရဲ့စရာလည်း မလိုပေဘူးပေါ့ သမီးရယ်။

လူတွေဟာ တယ်ပြီးအရိပ်ခိုချင်တယ်။ တယ်ပြီးလည်း အရောင်အလင်းကို ယူချင်တယ်လေ။ တစ်နေ့စားဖို့ တစ်နေ့ ရှာရတဲ့သူတွေကတော့ စားရရင်ပြီးတာကြောင့် တောင်တောင် အီအီလည်း မတွေးတောနိုင် အပိုလည်း မလုပ်နိုင်တဲ့အပြင် အဲသည်လို အသိုင်းအဝိုင်းနားလည်း ကပ်လို့မရတော့ ဘယ်မှာ ပါပါ့မလဲ။ ကြွယ်ဝတဲ့ ဂုဏ်ရှိပြီးသားဖြစ်တဲ့ သူတွေကသာ လိုချင်တာတွေ ထပ်လို့ရအောင် ဆည်းကပ်လို့မဆုံး ဖြစ်နေ တာပေါ့ကွယ်။ အမေ ဆိုဗီယက်ခေတ် ရုရှားမှာရှိတုန်း ထရီ

www.burmeseclassic.com

www.burmeseclassic.com



ကျီကောဗ် ပန်းချီပန်းပုပြတိုက်မှာ ရဲပင် (Rè pin) ရဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ခဲ့ဖူးတယ်။

သူတို့အယူသည်း ခရစ်ယာန်များက ခရစ်တော်ရဲ့ပုံတော်ပါတဲ့ ဘုရားကျောင်းဆောင်ကို ပင့်တဲ့အခါ ဆင်းရဲသားများ မမာမကျန်းဖြစ်နေသူများဟာ ဘုရားကျောင်းဆောင်ကို သိပ်ပြီးကိုင်ချင်ကြလို့ အပြေးအလွှားလိုက်ကြတယ်။ ဘုရားကျောင်းဆောင်ကို လက်နဲ့ထိလိုက်ရရင် ရောဂါတွေပျောက်သွားတယ်လို့ ယုံကြည်ကြတာကိုး။ အဲသည်လိုလိုက်နေတဲ့ သူဆင်းရဲများကို အနားမကပ်ရအောင် ဇာဘုရင်ရဲ့ လူတွေက တားမြစ်နေကြတယ်။ အယူသည်းခရစ်ယာန်ဝါဒီ ဘုန်းကြီးများကလည်း ရွှေချည်ထိုးဝတ်ရုံတွေ တပြောင်ပြောင်နဲ့ ဘုရားကျောင်းဆောင်နားကပ်ပြီး ပင့်သွားကြတဲ့ပုံဖြစ်တယ်။

ရဲပင် (Rè pin) က ပန်းချီဆရာပါပဲ။ သူမြင်တာကို သူရေးခြယ်ထားခဲ့တာပါပဲ။ သို့သော်လည်း ကွန်မြူနစ်ခေတ်ကတော့ ကိုးကွယ်ယုံကြည်တဲ့နေရာမှာတောင် လူတန်းစားခွဲခြားတယ်ဆိုပြီး ပန်းချီကားကို ရှင်းတဲ့အခါ ထည့်ရှင်းသွားပါသေးတယ်။ အေးလေ စာရေးနေရင်း ဘယ်လိုက ဘယ်လိုရောက်သွားတယ်မသိပါဘူး။ အခုတော့လည်း ရုရှကလူတွေ ခရစ်ယာန်ဖြစ်ကြပြန်ပြီဆိုပဲ။

ပြောချင်တာက သူ့ခေတ်မှာ သူ့အယူနဲ့ သူ့ပရိသတ်နဲ့ ဆိုတာကိုတော့ သိထားရုံပါပဲ။ ပြောင်းလဲဖို့က တယ်ပြီး မလွယ်ပါဘူးလေ။



အဲသည်လိုနဲ့ ကဿပတက္ကတွန်းဆီကို အင်္ဂတိမင်းကြီးဦးဆောင်တဲ့ မင်းပရိသတ်နဲ့ ပုဏ္ဏားများ သူဌေးသူကြွယ်များ စုစုဝေးဝေးကြီး ရောက်သွားပါသတဲ့။ ဩော် ဩော် မင်းကြီးရထားစီးပြီး မင်းတို့အသရေနဲ့ ထည်ထည်ဝါဝါ သွားပေမယ့် တက္ကတွန်းအနီးကိုရောက်အောင် ရထားစီးမသွားပါဘူးတဲ့။ ဂါရဝတရား ထားတတ်တာကို ပြတာပေါ့။

ကဿပတက္ကတွန်း နေတဲ့နေရာကိုရောက်တော့ မင်းထိုင်ရမယ့်နေရာမှာ လျောက်ပတ်စွာနေရာယူပါသတဲ့။ ရိုးရိုးပြောရင်ဖြင့် မင်းနဲ့သင့်တော်တဲ့ နေရာမှာ ထိုင်ပါသတဲ့လို့ ပြောရပါမယ်။ မင်းကြီးက အဝတ်မပါ ဗလာကိုယ်ထီးနဲ့ ထိုင်နေတဲ့ တက္ကတွန်းကို 'အရှင်ကဿပ ကျန်းမာပါရဲ့လား၊ ပစ္စည်းပစ္စယကော လောက်လောက်ငငရှိပါရဲ့လား။ ကိုယ်ရောစိတ်ပါ ချမ်းသာပါရဲ့လား၊ မျက်စိများရော ကြည်ကြည်လင်လင် မြင်ရပါရဲ့လား'လို့ မေးပါသတဲ့။

တက္ကတွန်းကလည်း ပရိသတ်အင်အားမသေးလှတဲ့ ဆရာကြီးတစ်ဆူဖြစ်တာကြောင့် မင်းကြီးကျေနပ်လောက်အောင် ယဉ်ကျေးဖွယ်ရာရှိတဲ့စကားကို ပြောကြားပြီး နှုတ်ဆက်ပါတယ်တဲ့။ အဲဒီနောက်တော့ အင်္ဂတိမင်းကြီးက အရှင်ကဿပ ကျွန်ုပ်မှာ မေးစရာပြဿနာတွေ ပါပါတယ်။ မေးခွင့်ရစေလို့ ခွင့်တောင်းပြီး မေးခွန်းသုံးခုကို ဂါထာသုံးဂါထာနဲ့ မေးပါသတဲ့။ အမေက သမီးကို မြန်မာလိုပဲ ပြောပြမယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



၁။ အရှင်ကဿပ လူတွေဟာ မိဘတွေအပေါ်မှာ ဘယ်လိုကျင့်ရမလဲ။ တစ်နည်းဆိုရင် မိဘများကို ဘယ်လိုဆက်ဆံရမလဲ။

၂။ ဆရာ၊ သားမယား၊ အသက်အရွယ်ကြီးတဲ့သူ၊ ရဟန်း၊ ပုဏ္ဏားတို့ကို ဘယ်လိုဆက်ဆံရမလဲ။ မှုးမတ် ဗိုလ်ပါ မြို့ရွာနယ်စွန်တို့နဲ့ပတ်သက်တဲ့ အရေးကိစ္စမှာ ဘယ်လိုကျင့်ကြံရမလဲ။

၃။ ဘယ်လိုတရားမျိုးကိုကျင့်ရင် နတ်ပြည်ကို ရောက်ပါသလဲ။ ဘယ်အကျင့်ကို မကျင့်ရင် အဝီစိငရဲကို ရောက်တတ်ပါသလဲ။

အဲသည်လို မေးခွန်းမျိုးကို မေးတယ်ဆိုတော့ သာသနာကွယ်ပတဲ့အချိန်မှာမို့လို့ မေးတဲ့မေးခွန်းတွေ ဖြစ်တယ်ဆိုတာကို သိနိုင်ပါတယ်။ သာသနာရှိနေရင် သိရမှာပဲလေ၊ မဟုတ်ဘူးလား သမီးရယ်။

ပြီးတော့ အင်္ဂတိမင်းကြီးဟာ ပင်ကိုဉာဏ်အားဖြင့်တော့ သိပ်ပြီးမဆိုးလှဘူး။ သူသိချင်နေတဲ့အကြောင်းအရာများက အဆင့်မြင့်ပါတယ်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ ကျမ်းပြုဆရာတော် မင်းဘူးဦးသြဘာသအရှင်မြတ်ကတော့ မေးခွန်းတွေက အလွန်သိမ်မွေ့ခက်ခဲတယ်၊ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကဘုရားလောင်းတို့ကိုသာ မေးဖို့သင့်တယ်၊ ဘာတရားမှ မရှိ၊ မိုက်မဲတဲ့ ပညာမဲ့သူ အဝတ်မဲ့သူ တက္ကတွန်းကိုမှ မေးမိပလေတယ်လို့ မိန့်တော်မူပါတယ်။



သမီးဖိုးချစ်

ရှေးခေတ် ပညာရေးသမိုင်းကိုလေ့လာရင် ဒဿန အမျိုးမျိုးကို ဆရာကြီးတွေအဖြစ် ပို့ချသင်ကြားနေတတ်ကြတဲ့သူတွေဟာ သူတို့ဝါဒကိုပို့ချတဲ့အခါ မေးတာနဲ့ ဆီလျော်တာ မဆီလျော်တာကို မစဉ်းစားဘူး။ သူတို့တင်ကြိုတွေးထားတာတွေကို ပြန်လည်ရွတ်ဆိုပြတတ်သတဲ့ကွဲ့။ မြန်မာစကားပုံနဲ့ပြောရင် ခုတ်ရာတခြား ရှရာတခြားပေါ့လေ။

တက္ကတွန်းကလည်း နိုင်ငံအသီးသီးက ဖြီးဖြန်းညာဝါးစားတတ်ကြတဲ့ ဂိုဏ်းဆရာကြီးတွေလိုပါပဲ။ တခမ်းတနားစကားကြီး စကားကျယ်များကို ရွတ်ဆိုဖြေကြားပါတယ်။

မင်းကြီး တရားကိုကျင့်တဲ့သူမှာ ကောင်းကျိုးလည်းမရှိ၊ မကောင်းကျိုးလည်းမရှိ။ တမလွန်လောကဆိုတာလည်းမရှိ။ ဘယ်သူဟာ တမလွန်လောကက ဒီလောကကို လာတာကို မြင်ဖူးသလဲ။

မင်းကြီး အမိ အဖ ဆရာဆိုတာလည်း မရှိ။ မယဉ်ကျေးတဲ့သူကို ဘယ်သူလာပြီး ဆုံးမနိုင်ပါ့မလဲ။

မင်းကြီး လူတွေဟာ အတူတူပါပဲ။ အသက်ကြီးတဲ့သူကိုလည်း အရိုအသေ အလေးအမြတ်ပြုနေလို့ အပိုပါပဲ။

မင်းကြီး လူတွေဟာ အတူတူပဲဖြစ်နေကြတာ၊ အားလုံ့လထုတ်လို့လည်း အပိုပါပဲ။ ဥစ္စာဆိုတာကလည်း ရချင်ရင်ရတာပါပဲ။ ကောင်းမှုအကျိုးလို့ ဘယ်ပြောလို့ရမလဲ။

မင်းကြီး အလှူပေးတာကလည်း အကျိုးမရှိ၊ လုံ့လ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း အကျိုးရှိတယ်လို့မပြောနိုင်၊ လူတွေက မိုက်လို့ လျှုနေတာပဲ။

လိမ္မာတဲ့သူက အလှူခံစားတာပေါ့။ လူမိုက်ဆိုတာ ပစ္စည်းကိုသိမ်းရကောင်းမှန်းမသိလို့ ပေးနေတာ လှူနေတာပဲတဲ့။

သာသနာရဲ့အဆုံးအမကို ရထားတဲ့သူတွေကတော့ အဲဒီစကားကို ကြားတယ်လို့ဆိုရင်ပဲ ဒါဟာ သူတော်ကောင်းတို့ နှုတ်က ထွက်တဲ့စကား မဟုတ်ဘူးဆိုတာကို သိမှာပါပဲ။

ဒါပေမဲ့ သမီးရေ အဲသည်လောက် မိုက်မဲကြမ်းတမ်းတဲ့စကားကို ယုံမယ့်သူတွေ ရှိနိုင်သေးတယ်နော။ ဘာဖြစ်လို့ အဲသည်လို ကြောက်ကြောက်ရွံ့ရွံ့နဲ့ အမေပြောမိသလဲဆိုတော့ တစ်ခါက ဆရာမဆောင်မှာ တွေ့ခဲ့ဖူး ဆုံခဲ့ဖူးတဲ့ ဒေါက်တာ တစ်ယောက်ကို သတိရလိုက်လို့ပဲ။

သူက နိုင်ငံခြားကပြန်လာပြီး ဘာသာတရားမဲ့သူ ဖြစ်လာဟန်တူပါရဲ့၊ သူပညာသင်သွားခဲ့တာကတော့ အင်္ဂလန်ပါ။ အဲဒီနိုင်ငံမှာ ဘာသာတရားရှိပါတယ်။ အများစုက ခရစ်ယာန်များဖြစ်ပါတယ်။ အေးလေ သူကတော့ သူ့အဖေနဲ့လည်း မတည့်ဘူးလို့ ကြားခဲ့ဖူးတယ်။

သူက အမေ့ကိုပြောတယ်။ သင်ပြနည်းဆိုတာ မလိုပါဘူး။ သူပါရဂူဘွဲ့ကိုရတာ သူတော်လို့ရတာပဲ။ သူသာမတော်ရင် ဘယ်ဆရာသင်ပေးနိုင်မှာလဲ။ သူလိုတော်တဲ့သူဟာ ဆရာသင်သင် မသင်သင် ပါရဂူဖြစ်မှာပဲတဲ့။ အမေကျွေးတာတွေ



စားပြီး အမေ့ခုတင်မှာ သက်သောင့်သက်သာလှဲရင်း ပြောသွားတဲ့စကား ဖြစ်ပါတယ်။ အမေ့နားနဲ့ ဆတ်ဆတ်သာ မကြားရင် ယုံစရာတောင်မှ မကောင်းပါဘူး။ မြန်မာနိုင်ငံက ပညာတတ် အမျိုးသမီးတစ်ယောက် ပြောသွားတဲ့စကားလေ။

ဆရာဆိုတာမရှိ၊ မယဉ်ကျေးတဲ့သူကို ဘယ်သူလာပြီး ဆုံးမနိုင်မှာလဲလို့ ပြောတဲ့စကားနဲ့ အဲဒီအမျိုးသမီးပြောတဲ့စကားဟာ တော်တော်ကလေးဆင်ပါတယ်။

တက္ကတွန်းပြောတဲ့စကားက ရှေ့ဘဝမရှိ၊ နောက်ဘဝမရှိဆိုတဲ့ ရုပ်ကြမ်းဝါဒီများပြောတဲ့စကားနဲ့ အတော်တူပါတယ်။ လုံ့လမရှိလို့ ပြောတာကတော့ ပျင်းပျင်းရိရိ နေတတ်တဲ့သူများ အတော်သဘောကျမှာ ဖြစ်ပါတယ်။

အောင်မယ် သူက သူတစ်ပါးတွေ တန်ဖိုးထားတာတွေကိုသာ ချေဖျက်တာမဟုတ်သေးဘူးကွဲ့၊ သူ့ဒဿနတွေကိုလည်း ဖြန့်ဝေလိုက်သေးတာကိုး။ သူ့ဒဿနကတော့

၁။ မြဲတဲ့တရား ခုနစ်ပါးရှိတယ်။ အဲသည် ၇ ပါးကတော့ မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်တို့ ဖြစ်ကြပါသတဲ့။

၂။ သတ်တယ်ဖြတ်တယ် ညှဉ်းဆဲတယ်ဆိုတာလည်း မရှိဘူး။ ကိုယ်ကြားမှာ ဓား လှံ လက်နက်တွေ သွားတာပဲရှိတယ်၊ လူတစ်ယောက်က တစ်ယောက်ရဲ့ ခေါင်းကို သန်လျက်နဲ့ဖြတ်တယ်၊ အသက်ကို ဖြတ်တာမှမဟုတ်တာ၊ ခေါင်းနဲ့ကိုယ်ကြားမှာ သန်လျက်

www.burmeseclassic.com

www.burmeseclassic.com



သွားဝင်သွားတာပဲရှိတယ်။ အဲဒီလို မြဲတဲ့အသက်ကို သတ်တာမဟုတ်တော့ မကောင်းမှုဆိုတာလည်း မရှိဘူး။

၃။ လူတို့ဟာ ကမ္ဘာကြီး ၈၄ ကမ္ဘာပြည့်သွားရင် စင်ကြယ်သွားမှာ ဖြစ်တယ်။ အဲသည် ၈၄ ကမ္ဘာ မပြည့်မချင်းတော့ ဘယ်လိုကောင်းမှုတွေကိုလုပ်လုပ် စင်ကြယ်စရာ အကြောင်းမရှိပါဘူး။ မကောင်းမှုတွေ ဘယ်လောက်လုပ်လုပ် ၈၄ ကမ္ဘာပြည့်ရင် စင်ကြယ်သွားမှာ ဖြစ်ပါတယ်။ ၈၄ ကမ္ဘာ မပြည့်မချင်း လူတွေဟာ မကျွတ်လွတ်နိုင်ဘူး။ သမုဒ္ဒရာရေက ကမ်းကိုမလွန်သလိုပါပဲလို့ တက္ကတွန်းက ပြောပါသတဲ့။

သမီးရေ လူပြိန်းတွေကတော့ တော်တော့ကို သဘောကျမှာဖြစ်တယ်။ ခေတ်ပညာတတ်ဆိုတဲ့သူများလည်း အဲသည်လို တက္ကတွန်းရှိနေသေးရင် သူ့တပည့်မဖြစ်ဘူးလို့များ မထင်ပါနဲ့။ တချို့ဆိုတာ အတိတ်ကံကောင်းလို့ ပညာတွေတတ်ပြီး ကြွယ်ဝသာနေတာ မြဲခြင်း မမြဲခြင်း ကောင်းခြင်း ဆိုးခြင်းကို ခွဲခြားတတ်တာမဟုတ်ပါဘူး။ သာဓကပြရရင် မနည်းဘူးပဲ။ မလှူဒါန်း မပေးကမ်းနိုင်တာ၊ ရဟန်းများ ပညာရှိသူတော်ကောင်းများကို နေရာမပေးတတ်တာ၊ သူများကို နိုင်လိုမင်းထက်လုပ်တတ်တာစသည်ဖြင့် တော်တော့ကို လားခြင်း မကောင်းနိုင်တဲ့ သူတွေလောကမှာ ရှိတတ်တယ်သမီးရေ။ တကယ်တော့ သူတို့ကို အထင်သေးစရာမဟုတ်ဘူး၊ သနား



စရာဖြစ်တယ်။ ကရုဏာသက်စရာ ကောင်းလှပါတယ်။ ချမ်းသာမှု အစစ်ကိုဆုပ်ကိုင်ပြီး သေသွားတဲ့အခါ ဘာမှလည်း သယ်ဆောင်သွားနိုင်တာမှ မဟုတ်ဘဲပဲ။

အဲသည်လို တက္ကတွန်းက ဟောပြောပို့ချတော့ အလာတအမတ်က တယ်ပြီးတက်ကြွတာပဲ၊ အရှင်ကဿပ အရှင်အခုလို အကျယ်တဝင့် ရှင်းလင်းပြောကြားတာကို ကျွန်ုပ်နှစ်သက်ပါတယ်။ ကျွန်ုပ်က ရှေ့ဘဝကိုပြန်ပြီးမှတ်မိပါတယ်။ အရင်ဘဝက ကျွန်ုပ်က ဗာရာဏသီပြည်မှာ ပိင်္ဂလဆိုတဲ့ နွားသတ်သမားဖြစ်ခဲ့ဖူးပါတယ်။ တစ်သက်လုံး သတ်လိုက်ဖြတ်လိုက်တာ နွားတွေ၊ ကျွဲတွေ၊ ဝက်တွေ၊ ဆိတ်တွေ မနည်းပါဘူး။ အဲသည်လို မကောင်းမှုတွေ ပြုခဲ့ဖူးပါတယ်။ အဲသည် နွားသတ်ယောကျ်ားအဖြစ်ကနေပြီး သေခဲ့တော့ အခုမိထိလာပြည်က ခတ္တိယအနွယ်ထဲမှာ လာပြီးမွေးပါတယ်။ အလာတအမတ်ကြီးဆိုပြီး နာမည်ကြီးပါတယ်။ ကျွန်ုပ်အဖို့တော့ ငရဲလည်းမကျလို့ မကောင်းမှုအကျိုးလည်းမရှိဆိုတာ ယုံပါတယ်လို့ ဆိုသတဲ့။

၀

www.burmeseclassic.com

## မိဇကသူဆင်းရဲ ငိုကြွေးခန်း



သမီး နန့်ချစ်ကြည်ရေ

အမေတို့ ဇာတ်တော်ပြောတဲ့အခန်းက ဆန်းသည်ထက် ဆန်းလာပြီ။ သူ့ဟာနဲ့ သူ့ပရိသတ်နဲ့တော့ ကိုက်သလား မမေးနဲ့တော့။ ရှေ့ကပြောချင်ရာပြောပြီး နောက်ကလည်း ယုံချင်ရာကို လိုက်ပြီးယုံတာလေ။ တက္ကတွန်းက ရှေ့ဘဝမရှိ၊ နောက်ဘဝမရှိလို့ ဟောခဲ့တယ်။ အခု အလာတကက သူ့ရှေ့ ဘဝကို သူမြင်တယ်လို့ပြောတာ ဆန့်ကျင်မနေဘူးလား။ တက္ကတွန်းက ဘာမှမပြောပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မကောင်းမှုဆိုတာ မရှိလို့ပြောခဲ့တဲ့ သူ့စကားက အောင်သွားပြီလေ။

မကောင်းမှုကို ကျူးလွန်ထားတဲ့ အသိဉာဏ်အားနည်းပါးတဲ့သူတွေကတော့ မကောင်းမှုအကျိုးမရှိလို့ ပြောတယ်ဆိုရင်ပဲ ယုံချင်ဇောကပြင်းပြင်းနဲ့ မဆင်ခြင်တော့ဘဲ ဟုတ်လိုက်လေ မှန်လိုက်လေလို့ ယုံကြည်တတ်ကြပါတယ်။ တက္ကတွန်းနဲ့ အလာတအမတ်ကတော့ အဲသည်သဘောမျိုးနဲ့ ဟပ်မိသွားကြတော့တာပါပဲ။

အဲသည်လို အလာတအမတ်က အားတက်သရော ပြောလိုက်တာကို နားထောင်တဲ့ပရိသတ်ထဲမှာ အင်္ဂတိမင်း *ပရိသတ်ထဲက မဟုတ်တဲ့သူတွေလည်း ရှိတာပေါ့။ တက္ကတွန်း*

www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ ချဉ်းကပ်ပြီး တက္ကတွန်းဆုံးမတာကို နာခံနေတဲ့သူတွေထဲမှာ ဆင်းရဲသားတစ်ယောက်ပါပါသတဲ့။ သူ့အမည်က ဗီဇကပါတဲ့။

ဗီဇကက အလာတအမတ်က တက္ကတွန်းရဲ့ မကောင်းမှုဆိုတာ မရှိ၊ မကောင်းမှုအကျိုးဆက် မရှိဆိုတဲ့ စကားကို ကြားတော့ ရှိုက်ကြီးတငင် ငိုလိုက်တာပါတဲ့။ အင်္ဂတိ မင်းကြီးက အသင်ယောကျ်ား ဘာဖြစ်လို့ငိုတာလဲ၊ ဘယ်လိုဝေဒနာကို ခံရလို့ငိုတာလဲ၊ အလာတအမတ်ကို ကြားဖူးမြင်ဖူးလို့လားစသည်ဖြင့် လမ်းစစကားပေးပြီး မေးပါသတဲ့။ မပြောတတ်မှာစိုး၊ မပြောရဲမှာစိုးလို့ စကားလမ်းစပေးပြီး မေးတာပေါ့လေ။

ဗီဇကက မင်းကြီးမေးတော့ ဘာဝေဒနာမှမခံစားရဘဲ နေကောင်းပါတယ်။ ကျွန်တော်ဟာ ရှေ့ဘဝတုန်းက ချမ်းချမ်းသာသာ နေခဲ့ရတယ်ဆိုတာကို မှတ်မိပါတယ်။

ရှေ့ဘဝတုန်းက သာကေတပြည်မှာ သီတင်းသီလနဲ့ ပြည့်စုံတဲ့ ချမ်းလည်းချမ်းသာတဲ့ ဘာဝဆိုတဲ့ သူဌေးကြီးဟာ ကျွန်ုပ်ပါပဲ။ ဘာဝဘဝတုန်းက အလှူအတန်းများစွာ လုပ်ခဲ့တာကိုသာ ကျွန်တော်မှတ်မိပါတယ်။ မကောင်းမှု မလုပ်ခဲ့ဖူးပါ။ အဲဒီဘဝကနေပြောင်းပြီး အခုဘဝကိုလည်းရောက်ကရော အိုးထိန်းသည် (အိုးလုပ်တဲ့သူ) ကျွန်မရဲ့ဝမ်းမှာ ဝင်စားပြီး မွေးကတည်းက ဆင်းရဲငြိုငြင်စွာ နေထိုင်ကြီးပြင်းခဲ့ရပါတယ်။



ဒါပေမဲ့ ကျွန်တော်စားမယ့်ထမင်းကို တစ်ယောက်ယောက်က စားချင်တယ်လို့ဆိုရင်တောင်မှ တစ်ဝက်ခွဲပြီး ပေးလှူတုန်းပါပဲ။ ဥပုသ်လည်းစောင့်ပါတယ်။ သူများကို နည်းနည်းကလေးတောင်မှ ညှင်းဆဲတာ နှိပ်စက်တာ မလုပ်ခဲ့ပါဘူး။ သူများပစ္စည်းကိုလည်း တစ်ခါမှ မခိုးခဲ့ပါဘူး။

အလာတအမတ်ကြီးပြောသလိုဆိုရင် မကောင်းမှုအကျိုးမရှိသလို ကောင်းမှုကလည်း အကျိုးမရှိနိုင်တော့ဘူးပေါ့။ ကျွန်တော်ကတော့ အရှုံးသမားပါပဲ။ အရှင်အလာတကတော့ လိမ္မာတော့ အနိုင်နဲ့ချည်းတွေ့ရပါတယ်။ ကျွန်တော်ကတော့ အရှင်ကဿပပြောသလို ဖြစ်နေပါပြီ။ နတ်ပြည်ကိုလည်း ရောက်စရာလမ်းမမြင်လို့ ငိုတာပါလို့ ပြောသတဲ့။

သမီးရေ

နည်းလမ်းမှန်ကို ပြနိုင်တဲ့သူမဟုတ်တော့ တက္ကတွန်းပြောနေတာနဲ့ သူ့တပည့်တွေ ပြောနေတာကတော့ ရှေ့ဘဝနောက်ဘဝမရှိဆိုတဲ့နေရာမှာ ကွာဟချက်ကြီးဖြစ်နေပေတာပဲ။ အယူမှားမှားနဲ့ ပြောနေတာကတော့ မကောင်းမှုကလည်း မကောင်းကျိုးကိုမရဘူး။ ကောင်းမှုကလည်း ကောင်းကျိုးကို မရဘူး။ မကောင်းတာလုပ်ပြီး မကောင်းကျိုးကို မခံစားရတဲ့သူက ဝမ်းသာတယ်။ ကောင်းတာလုပ်ပြီး မကောင်းကျိုးခံနေရတဲ့သူက ဝမ်းနည်းတယ်၊ စိတ်ဓာတ်ကျတယ်၊ မျှော်လင့်ချက် ကင်းမဲ့တယ်လို့ ပြောတယ်။ အဲသည်လို လွဲပွေလီလီတွေ ဖြစ်နေတာပေါ့ကွယ်။

www.burmeseclassic.com



သမီးရေ

ဗိဇကက သူကောင်းတာတွေကိုလုပ်ပြီး ကောင်းတာကို မရဘူးဆိုတာကတော့ ဒီလိုဖြစ်သတဲ့ကွဲ၊ သူက ဘာဝသူဌေးကြီးဘဝမှာ စင်းလုံးချောကောင်းခဲ့တာကတော့ မှန်တယ်။ ဒါပေမဲ့ ကဿပဘုရားရှင်လက်ထက်မှာတုန်းက မထင်ရှားတဲ့ သာမန်လူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ တစ်နေ့တော့ သူ့နွားပျောက်သွားတာနဲ့ လိုက်ရှာနေတာ တောထဲမှာ တလည်လည်နဲ့ မောနေပါသတဲ့။ တောထဲမှာ သူ့လိုပဲ လည်နေတဲ့ ရဟန်းတစ်ပါးက လမ်းမသိလို့ သူ့ကိုလမ်းမေးပါတယ်။ ဘယ်ကိုသွားချင်လို့ပါ၊ ဘယ်လမ်းကသွားရမလဲလို့ မေးတာကို ဗိဇကအလောင်းအလျာက ထမင်းကဆာ နွားကမတွေ့နဲ့ စိတ်တွေသိပ်ပြီးတော့ တိုနေတဲ့အချိန်ဆိုတော့ ဘာမှပြန်မပြောချင်တာနဲ့ မပြောပါဘူးတဲ့။ အဲသည်လိုမပြောတော့ ရဟန်းကလည်း ငါမေးတာ မကြားဘူးထင်တယ်ဆိုပြီး ထပ်မေးပြန်တာပေါ့။ အဲသည်တော့ နွားပျောက်ရှာနေတဲ့ ယောကျ်ားဟာ စိတ်ဆိုးဆိုးနဲ့ ဟဲ့ ကျွန်မသားရဟန်းလို့ ဆဲလိုက်ပါသတဲ့။ ကြောက်စရာကောင်းလိုက်တာ သမီးရယ်။ နှုတ်နဲ့ပဲဖြစ်စေ မကောင်းတဲ့စကားကို ပြောလိုက်မိပြီလေ။ အဲသည်မကောင်းမှုဟာ ချက်ချင်းအကျိုးမပေးသေးဘဲ မီးခဲပြာဖုံးဖြစ်နေပါသတဲ့။

ဘာဝသူဌေးကြီးဖြစ်တော့ နွားပျောက်ရှာတဲ့ ယောကျ်ားဘဝက မကောင်းမှုက အကျိုးမပေးသေးဘူးလေ။ သူ့ဘဝဘဝက လုပ်ခဲ့တဲ့ကောင်းမှုအကျိုးပေးတွေ သန်နေတုန်းတော့



မကောင်းမှုဟာ အိပ်နေသလို ပြာနဲ့ဖုံးထားတဲ့ မီးခဲရဲ့အပူကို မသိရသလို ဖြစ်နေခဲ့တာပါပဲ။ ဟော မထင်မှတ်တဲ့ ဘဝကျတော့မှ ရုတ်တရက်ထပြီး အကျိုးပေးလိုက်တော့ ကျွန်မသား ဗိဇကံရယ်လို့ ဖြစ်လာတာပါပဲ။ အဲသည်လိုဆိုတော့ ဘာဝသူဌေးဘဝမှာ ပြုခဲ့တဲ့ကောင်းမှုတွေရော ဘာဖြစ်ကုန်ပလဲလို့ မေးစရာရှိပါတယ်။ မကောင်းမှုက အကျိုးမပေးသေးတော့ အိပ်နေသလို၊ ကောင်းမှုများကလည်း မြှုပ်ထားတဲ့ ရွှေအိုးထဲက ရွှေလိုတည်ရှိနေမှာပါပဲ။

ဗိဇကဟာ ဉာဏ်နည်းပြီး တလွဲမြင်တတ် တလွဲပြောတတ်တဲ့သူတွေနဲ့ ပေါင်းမိရတဲ့အထဲမှာ ဘာဝသူဌေးဘဝတစ်ခုတည်းက ပြုခဲ့တဲ့ကောင်းမှုကိုသာ သူကလည်း မြင်နိုင်တာကိုး။ ရဟန်းကိုဆဲခဲ့တာကို သူမသိတော့ဘဲကိုး။ အဲဒါကြောင့် သူက ကောင်းတာလုပ်လည်း မကောင်းဖြစ်တယ်။ အဲသည်တော့ ဘာဖြစ်လို့ကောင်းတာတွေ ကြိုးစားလုပ်နေရဦးမှာလဲ ဆိုသလို အယူမှားသွားတော့ သူ့အတွက် အခြေအနေက ကောင်းလာစရာရှိပါလျက်နဲ့ ဆိုးသွားပါသတဲ့။

ဗိဇကပြောတဲ့စကားကို ကြားတော့ အင်္ဂတိမင်းကြီးက ဆရာကြီးဖြစ်သွားပြန်တာပေါ့။ မင်းကြီးက သုဂတိကိုရောက်ဖို့ အကြောင်းဆိုတာ မရှိဘူးလို့ အသင်စွဲစွဲမြဲမြဲကြီး ယုံလိုက်တော့။ အကြောင်းကြောင့် အကျိုးဆိုတာ ဖြစ်လာတာမဟုတ်ဘူး။ ဆင်းရဲတာ ချမ်းသာတာဆိုတာတွေဟာ သူ့အလိုလို ရှိနေတဲ့တရားတွေပဲ။ သတ္တဝါတွေဟာ တစ်ခါတစ်ရံမှာ ချမ်း

www.burmeseclassic.com



သာမယ်။ တစ်ခါတရံမှာ ဆင်းရဲမယ်။ ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့မှရတာ မဟုတ်ဘူး။

အရှင်ကဿပပြောသလိုပါပဲ။ ၈၄ ကမ္ဘာအတွင်းမှာ စိတ်စောပြီး ကိုယ့်ဘာသာကိုယ် ကောင်းအောင်လုပ်ယူလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ငါလည်း အရှင်ကတော့ မြို့တံခါးလေးမျက်နှာနဲ့ မြို့လယ်ကောင်မှာ အလှူအတွက် အဆောက်အဦများ အတည်တကျဆောက်ပြီး လာလာသမျှလူတွေကို အယုတ် အလတ် အမြတ်မခွဲခြားဘဲ လှူဒါန်းပေးကမ်းခဲ့တယ်။ တရားသဖြင့် ကျင့်ခဲ့တယ်။ အဲသည်လိုကောင်းတာလုပ်လည်း ကောင်းတာဖြစ်လာမှာမှ မဟုတ်တာဆိုတော့ ငါအခုပြန်သွားရင် အဲဒီအလုပ်တွေကို ဖျက်လိုက်တော့မယ်။ ကောင်းတာကိုလုပ်နေလို့ ငါ့မှာ ပျော်ပျော်ပါးပါးကာမဂုဏ်အာရုံတွေကို ခံစားဖို့ အချိန်နည်းသွားတယ်။ ဤအရှင်ကဿပ ပြောသလိုပဲ ငါကတော့ ကာမဂုဏ်ပဲ ခံစားခံစားနေတော့မယ်လို့ ပြောပါသတဲ့။

တက္ကတွန်းဖြစ်သူကိုလည်း မင်းကြီးက အရှင်ကဿပအသင့်ကို ကျွန်ုပ်တို့ ဆရာတစ်ယောက်အနေနဲ့ရခဲ့ပြီ။ နောင်မမေ့ပါဘူး။ အသင့်ထံမှာ တရားနာနေတာလည်း ကြာပြီဆိုတော့ ကျွန်ုပ်တို့ပြန်မယ်။ ကြုံတဲ့အခါမှာ ပြန်တွေ့ကြသေးတာပေါ့လို့ ခပ်ပြတ်ပြတ်ပြောပြီး မင်းကြီးနဲ့ သူ့ပရိသတ်ဟာ နန်းတော်ကို ပြန်သွားကြပါသတဲ့။

တက္ကတွန်းဆီကို လာတုန်းက မင်းကြီးနဲ့ သူ့ပရိသတ်



က ရိုရိုသေသေ ခြေကျင်ဆင်းပြီးလျှောက်ခဲ့တယ်။ မေးခွန်းပုစ္ဆာများကိုလည်း အရိုအသေပြုပြီး ရှိခိုးကာမေးခဲ့တယ်။ ပြန်တော့ ဆရာမရှိ၊ အသက်ကြီးသူဆိုတာလည်းမရှိ၊ ကိုးကွယ်ပူဇော်ခြင်းဆိုတာလည်း အကျိုးမရှိဆိုတဲ့ ခပ်ရိုင်းရိုင်းအယူအဆတွေဝင်ပြီးတော့ လူတွေကလည်း ရိုင်းသွားလိုက်ကြတာ ရှိခိုးတာတွေ ပူဇော်တာတွေ ဘာမှမလုပ်တော့ဘဲ ပြန်ကုန်ကြပါသတဲ့။ တက္ကတွန်းကတော့ သူပျိုးတဲ့အပင်က အသီးကိုသူစားရတာပါပဲ။ သူသင်လိုက်လို့ ရိုင်းသွားတာများ အင်္ဂတိမင်းကြီးနဲ့ သူ့မင်းပရိသတ်ဟာ သူ့ကိုလှူဖို့နေနေသာသာ အရိုအသေတောင်မှ မပြုတော့ပါဘူးတဲ့။

သမီးရေ

သမီးက ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသမီးတစ်ယောက်ဖြစ်လို့ ကုသိုလ် အကုသိုလ်မှာ အကျိုးဆက်ရှိတယ်ဆိုတာကိုလည်း ယုံတယ်။ သူတော်ကောင်း ပညာရှိတို့ကို မှီဝဲဆည်းကပ်ရတယ်ဆိုတာကိုလည်း ယုံတယ်။ လှူဒါန်းပေးကမ်းခြင်းကိုပြုတဲ့နေရာမှာ လိုနေတဲ့ သူတစ်ပါးတို့ မျက်နှာမငယ်ပါစေနဲ့ဆိုတဲ့စေတနာနဲ့ ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံ လှူဒါန်းတယ်။ တွန့်တိုခြင်း မရှိဘူး။ သူတစ်ပါးများ ပြည့်စုံတယ်လို့ဆိုရင် သြော် ကောင်းလိုက်တာလို့ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။ နောက်ဘဝ ငါ့အတွက်ပါအောင် ငါလှူတာလို့ ငါ့အကျိုးကိုတွေးပြီး လှူတာမဟုတ်ဘဲ သူတို့ပြည့်စုံကြပါစေ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမငယ်ပါစေနဲ့လို့ စေတနာထားပြီး လှူလိုက်တဲ့အခါ ကိုယ်လည်းပြည့်ပြည့်ဝဝကြီး စိတ်ချမ်းသာသွားတယ်။ ချက်ချင်း ဝမ်းမြောက်ဝမ်းသာဖြစ်တာက ကောင်းကျိုးပဲ။

အမေဟာ လုပ်ငန်းခွင်မှာ ဝင်ကတည်းက အဝတ်အစားများကို သင့်သလို လိုတဲ့လူတွေကို လှူခဲ့တယ်။ ကိုယ့်မှာ ကလေးအကျီမရှိဘူး။ ကလေးရှိတဲ့ အိမ်တွေကနေပြီး အလှူခံတော့ အကောင်းစားတွေကို အများကြီးရတယ်။ အဲဒီအကျီတွေကို အဆောင်နောက်ဘက်က မာလီရဲ့ကလေးတွေကို ချက်ချင်းဝေပေးလိုက်ပါတယ်။ ဆောင်းတွင်းကာလမှာ ချမ်းလို့ ကုပ်နေ နှာစေးနေတဲ့ကလေးတွေ ထွေးထွေးနွေးနွေး ဖြစ်နေတာကို မြင်ရတော့ ဝမ်းသာတယ်။ သူတို့ကို အမေက ဆက်ပြီး အလုပ်တွေလုပ်ခိုင်းတော့လည်း ပေးနေကျပိုက်ဆံကို ပေးတာပါပဲ။ သူတို့ကို ကိုယ်ကကူညီလို့ သူတို့ဆီက အပြန်အလှန် ဘာဆိုဘာမှ မမျှော်လင့်ပါဘူး။

သူတို့လောက်မဆင်းရဲပေမဲ့ လိုနေတဲ့သူတွေကိုလည်း အမေက အမေ့အကျီအဝတ်အစားတွေကို ပေးတာပါပဲ။ ဆရာမတစ်ယောက်က သိပ်မပေးဖို့ တားမြစ်တယ်။ ကိုယ်လုံးတီး ဖြစ်နေဦးမယ်လို့တောင် ခပ်ကြမ်းကြမ်းပြောပြီး တားမြစ်ပါတယ်။ သူ့ကိုတော့ မတွေ့ရတော့လို့ ဘယ်လိုနေတယ် မသိဘူး၊ အမေ့မှာတော့ ပေါသီးလိုက်တာ။

အမေ့ကို သမီးက သတိပေးတာလည်း ရှိသေးတယ်။ အမေ သမီးအတွက်ချန်ဖို့ဆိုပြီး မစားမသောက် မလှူမတန်းဘဲ မနေနဲ့။ အမေက သမီးအတွက်စုပြီး ချန်ထားခဲ့ပေမယ့်လည်း သမီးက ဆင်းရဲဖို့ကံပါလာရင် ဆက်ခံရတာတွေဟာ ကုန်ဆုံးပြီး ဆင်းရဲသွားမှာပဲ။ အမေ မပူနဲ့၊ လှူစရာရှိတာကို လှူလို့ပြောတာ ကျေးဇူးတင်ပါတယ်။ အခုတော့ သားအမိနှစ်ယောက် လှူနေကြတာ ကိုယ်စားသုံးတာနဲ့ယှဉ်ရင် လှူတာက အများကြီးပိုပါတယ်။ အမေတို့လှူနေတဲ့ စာသင်တိုက်က ဝိနည်းဓိုရ်ကိုယ်တော်တွေ မြတ်စွာဘုရား အဆုံးအမများကို ဆောင်နိုင်ကြပါစေ၊ ထိန်းသိမ်းနိုင်ကြပါစေ၊ ကျင့်ကြံနိုင်ကြပါစေ။ ရိပ်သာကဆိုရင်လည်း တရားကို ကြိုးကြိုးကုတ်ကုတ် အားထုတ်နေကြတဲ့ ယောဂီများရော ယောဂီများကို မြတ်စွာဘုရားတရားတော်များ နားလည်အောင် ဟောပြောပြသ ကြီးကြပ်သွန်သင်နေကြတဲ့ သူများရော ပြည့်စုံကြပါစေ၊ အာဟာရအားဖြင့် မချို့ငဲ့ကြပါစေနဲ့လို့ စေတနာထားပြီး လှူဒါန်းကြတာ သိပ်ကောင်းပါတယ်။

အမေနဲ့သမီးဟာ အခုဘဝမှာ အစောပိုင်းက တကွဲစီဖြစ်ခဲ့ကြပေမယ့် အခုလိုသားအမိတော်စပ်တဲ့အခါမှာ မွေးစားသမီး မွေးစားအမေလို့ ခွဲခြားလို့မရနိုင်အောင် တူညီတာတွေ ရှိပါတယ်။ သဒ္ဓါ၊ သီလနဲ့ စာဂတရားများကို လက်ကိုင်ထားနိုင်ကြတာ တူညီလို့ အမေသိပ်ဝမ်းသာတယ်။ အမေ့ကို သိပ်လှူမနေနဲ့ဦးလို့ ဖျက်ကြတဲ့ ဆရာမနှစ်ယောက်ကို အမေ မှတ်မိတယ်။ သမီးကသာ သိပ်မလှူပါနဲ့လို့ ပြောခဲ့ရင် အမေ သိပ်ဝမ်းနည်းရမှာပဲ။ အမေက လှူချင်တယ်လို့ ဆိုရုံသာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေ။ သမီးက ဝယ်ရခြမ်းရဦးမယ်။ ချက်ရပြုတ်ရဦးမယ်။ အခုစာရေးနေတဲ့အချိန်မှာ သမီးဟာ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်က မဟာဂန္ဓာရုံကျောင်းကို ဆွမ်းဟင်းချိုင့် နှစ်ချိုင့် သွားပို့နေတဲ့အချိန်လောက် ဖြစ်ပါတယ်။ ဝက်သားနှစ်ပိဿာနဲ့ ငါးနှစ်ပိဿာကို ကောင်းရာကောင်းကြောင်း စီမံချက်ပြုတ်ပြီး သမီးသွားလှူပေးတာ တစ်ပတ်မပြတ်ဘူး။ အမေ ရိပ်သာရောက်နေတာ တစ်လနဲ့နှစ်ပတ်ရှိပြီ။ သမီးမိန်းကလေးတန်မဲ့ တစ်ယောက်တည်း ကားမောင်းမောင်း သွားနေရတာ ပင်ပန်းတယ်။ ဆရာတော်ကို လျှောက်ခဲ့ပါလား။ အမေရိပ်သာက ထွက်တော့မှ လာမယ်လို့ မှာလိုက်တာကို သမီးက ဆရာတော်ကို မလျှောက်ဘူး။ တစ်နပ်စာကို လှူတာနဲ့ အရဏ်ဆွမ်းအတွက်ပါ ပြည့်စုံတယ်ဆိုတာကို ဝမ်းသာလွန်းလို့ အမေရယ်၊ သမီးက အဲဒီဆွမ်းပတ်ကိုလည်း မဖျက်နိုင်ပါဘူး။ သမီးတတ်နိုင်ပါတယ်။ လုပ်ပါ့မယ်တဲ့။ သာဓုပါသမီးရယ်၊ သာဓု၊ သာဓု။

အမေကလည်း ရွှေတောင်ကုန်းဆရာတော်ကြီးကျေးဇူးတွေ အမေ့အပေါ်မှာ တစ်ပုံကြီးရှိတာကြောင့် ကျေးဇူးဂုဏ်ကို ဖော်ကျူးသောအားဖြင့် တောစခန်းတရားပတ်အကြောင်း မှတ်တမ်းကလေးရေးမယ်လို့ ကြိုးစားရင်း၊ ဆရာတော်ကြီး တရားများကို နေ့စဉ်နာကာ မှတ်တမ်းလည်း ရေးနေပါတယ်။ ခဏတစ်ဖြုတ်ဆိုသလို ဖတ်ကြားမိတဲ့ နာရဒဇာတ်တော်ကိုလည်း ရေးနေမိပါတယ်။ ဒါတွေကလည်း ကုသိုလ်လည်းရ ဝမ်း



လည်းဝ အလုပ်ဖြစ်ပါတယ်။ စပြီးရေးတဲ့အချိန်ကတည်းက ဩော် အခုခေတ်မှာ အလုပ်များကြတယ်။ လူကြီးကလည်း ဇာတ်တော်နိပါတ်တော်တွေကို ဖတ်ပြီးပြောနိုင်မှာ မဟုတ်သလို၊ ညတိုင်ညတိုင်မှာလည်း အမေတို့ငယ်ငယ်တုန်းကလို အဘွားနား ဝိုင်းဖွဲ့နိုင်မှာမဟုတ်ဘူး။ ငါတစ်နိုင်တစ်ပိုင် ရေးလိုက်လို့ ကလေးတွေ အသိပညာတိုးပွားသွားရင် ကောင်းမှာပဲလို့ တွေးပြီးရေးခဲ့တာပဲ။ စေတနာအရ ပညာဒါနမြောက်ပါတယ်။

## သမီးဖိုးချစ်

ကောင်းမှု မြတ်နိုးကောင်းအောင် ကြိုးစားခြင်းမှာ ကလျာဏမိတ္တအားကို ယူရတယ်။ အခုနတုန်းက အမေနဲ့ သမီးတည်းဟူသော မိသားစုဘဝမှာ လှူချင်တာ လှူနေရတာ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတာ အပြန်အလှန်အားဖြင့် ကလျာဏမိတ္တအားကို ယူနိုင်ကြလို့ ဖြစ်ပါတယ်။ အဲဒီအကြောင်းကို အင်္ဂတိမင်းဟာ အလာတ သုနာမနဲ့ ဝိဇယ အမတ်ကြီးတို့ကစပြီး တက္ကတွန်းဆီကို ရောက်တဲ့အထိ ဖြစ်သွားတာကို တွေးရင်း အမေပြောလိုက်မိတာပါပဲ။

ကိုင်း ကိုင်း တက္ကတွန်းဆရာဆီကနေ စိတ်နေရှိုင်းပြီး ပြန်သွားတဲ့ အင်္ဂတိမင်းနဲ့ သူ့ပရိသတ်ကတော့ ကလျာဏမိတ္တအစား ပါပမိတ္တကို ဆည်းကပ်မှားကြလို့ အမှားတွေကို ယူပြီး တွေး စပြီးပြော စပြီးလုပ်ခဲ့ကြပြီ။ ဘာတွေများ ဆက်လုပ်ကြဦးမလဲ၊ ဆက်ပြောကြည့်ကြရအောင်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို တက္ကတွန်းဆီက ပြန်ခဲ့ကြတဲ့ညမှာတော့ ဘာမှမလုပ်ဖြစ်ကြပါဘူးတဲ့။ နောက်တစ်နေ့မှာတော့ ဝိဒေဟရာဇ်ပြည့်ရှင် အင်္ဂတိမင်းကြီးဟာ အလာတ သုနာမနဲ့ ဝိဇယ အမတ်ကြီးသုံးယောက်ကိုခေါ်ပြီး မင်းပရိသတ်ကိုလည်း စည်းဝေးစေပါသတဲ့။ နောက်တော့ သူစံမြန်းတဲ့နန်းတော်မှာ ကာမဂုဏ်ခံစားဖို့ အမျိုးမျိုးပြင်ဆင်ထားစေပါသတဲ့။ တော်တော်တော့ ကြောက်စရာပဲ။ သိုသိပ်ရမယ့်ကိစ္စကို နန်းရင်ပြင်မှာ ကြေညာပြီး ပြင်ဆင်စေပါတယ်။ သူဟာ ကာမဂုဏ်စည်းစိမ်ကို အချိန်တိုင်းမှာ ခံစား စံစားနေတော့မယ်။ ပြည်ထဲရေးမှာ အကျိုးစီးပွားနဲ့ပတ်သက်တဲ့အမှု၊ လို့ဝှက်အပ်တဲ့အမှု၊ ထင်ရှားစွာပြုအပ်တဲ့အမှုစတဲ့စတဲ့ကိစ္စအကုန်လုံးကို အလာတ၊ သုနာမနဲ့ ဝိဇယအမတ်ကြီး သုံးယောက်တို့ကို လွှဲအပ်လိုက်ပါတယ်။ သူတို့က သိပ်တော်ကြတဲ့ အမတ်တွေပဲ။ သူတို့ပဲ လွှတ်တော်တက်ပြီး တရားစီရင်လိမ့်မယ်၊ စီမံခန့်ခွဲကြလိမ့်မယ်။ ငါကတော့ ကြောင့်ကြမဲ့ ကာမဂုဏ်ကို ခံစားနေမယ်။ ငါ ဘာမှ မလုပ်တော့ဘူးလို့ အမိန့်ထုတ်လိုက်ပါသတဲ့။

မင်းကြီးအမတ်တွေကလည်း မူလကတည်းက မင်းကြီးအကြိုက် လိုက်လုပ်နေတဲ့သူတွေ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ကိုယ်တိုင်လည်း တက္ကတွန်းရဲ့တပည့်ကြီးတွေ ဖြစ်လာခဲ့ပြီလေ။ တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်မှာပါလိမ့်။ ဘယ်လို စီမံခန့်ခွဲမှာပါလိမ့်။

မင်းကြီးကတော့ အလှူပေးတဲ့အဆောက်အဦတွေကို



ဖျက်ပစ်လိုက်ပြီ။ ကောင်းမှုကို ရပ်လိုက်ပြီပေါ့။ နောက်တော့ သူနှစ်သက်ပြီဆိုရင် သူတစ်ပါးမိန်းမကိုသော ဘာသောမရှောင်ဘဲ သိမ်းပိုက်တော့တာပါပဲတဲ့။ မိဘစောင့်ရှောက်တဲ့ သားသမီးကိုလည်း သိမ်းယူတာပါပဲတဲ့။ အနိုင်အထက် သိမ်းယူတာပေါ့လေ။

ဝိဒေဟရာဇ်တိုင်း မိထိလာတစ်ပြည်လုံးကတော့ အလန့်တကြား ဖြစ်ကုန်တော့တာပါပဲ။ အစောပိုင်းက မင်းကြီးလှူတာကို စားနေကြတဲ့သူများလည်း အစာရေစာ ရှားပါးသွားမယ်။ စားရမဲ့သောက်ရမဲ့ ဖြစ်သွားကြမယ်။ ကာမဂုဏ်ချမ်းသာကို မင်းကြီး ကြောင့်ကြမဲ့ ခံစားနေတော့ အမတ်တွေကအစ အားလုံးသောသူများလာည်း အထိန်းအကွပ်မဲ့ပြီး သူတို့လည်း လုပ်ချင်ရာ လုပ်နေကြမှာပါပဲ။ ဒုက္ခကို ကူမယ့်ကယ်မယ့်သူ မရှိဘဲ ခံစားနေရတဲ့သူများကတော့ တထိတ်ထိတ်နဲ့ပေါ့။ မင်းကြီးမြင်အောင် မနေကြနဲ့။ သိမ်းပိုက်နေဦးမယ်။ နန်းတော်ကဆိုရင် ဘယ်သူ့ကိုမှ အမြင်မခံရစေနဲ့။ ဘယ်သူ့ကိုမှ စိတ်မချရဘူးနဲ့ ကျီးလန့်စာစားဖြစ်နေကြမှာပါပဲ။

မင်းကြီးအကြောင်းကို တစ်ပြည်လုံးပြောကြတာတော့ ကဿပတက္ကတွန်းကို ကိုးကွယ်ပြီး မှားကုန်တော့တာပါပဲ ဆိုတဲ့ အကြောင်းရင်းလည်း ပါတာပေါ့။

၀

www.burmeseclassic.com

www.burmeseclassic.com

# ရှစာမင်းသမီး တရားတောခန်း



### သမီးဖိုးချစ်

မင်းသမီးဆိုတာ ကိုယ့်နန်းတော်အကြောင်းကို သူများပြောမှ သိရတာကွဲ့၊ သိပ်မစားသာဘူး။ အေးလေ နန်းတော်ထဲမှာကလည်း အဆောင်ဆောင် အခန်းခန်းနဲ့ကိုး။ ပြီးတော့ ရှစာဒေဝီက ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်မှာ သီးခြားနေတာကိုး။ မင်းသမီးနဲ့ ပတ်ဝန်းကျင်ကို ဆက်သွယ်ပေးတဲ့သူဆိုတာက အထိန်းတော်ပဲ။ ဘယ်နန်းတော်မှာမဆို အဲသည်လို အထိန်းတော်တွေက အပြင်ထွက် အထဲဝင်ဆိုသလို ရောက်နေတော့ မင်းသမီးကို ပြန်ပြီးတော့ လျှောက်ထားနိုင်တာပေါ့ကွယ်။ မင်းသမီးကတော့ လူတွေကြားမှာ လျှောက်သွားခွင့် မရပါဘူး။

ရှစာဒေဝီရဲ့ အထိန်းတော်ကြီးက နန်းပြင်ကို ထွက်လိုက်တော့မှ တစ်ပြည်လုံး ပွက်ပွက်ရိုက်လောက်အောင် အင်္ဂတိမင်းကြီး ဆိုးသွမ်းနေတာ၊ ဆိုးသွမ်းရတဲ့အကြောင်းကလည်း တက္ကတွန်းကိုသွားပြီး ဆည်းကပ်မိလို့ ဖြစ်တာတွေကို သိလာရပါတယ်။

### သမီးရေ

အမေတော့ အထိန်းတော်ကြီး သုတ်သုတ်ပျာပျာနဲ့ နန်းတွင်းကို ကသောကမျောပြန်လာတာ မင်းသမီးရေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ စိတ်မောလူမော ဖြစ်နေတာ၊ နောက်တော့ မလျှောက်ရင်မဖြစ်လို့ အကြောင်းစုံကို လျှောက်တင်ရတာတွေကို အမေက မျက်စိထဲမှာ မြင်ယောင်နေသလိုပါပဲ။

မင်းသမီးခများလည်း နားရှိလို့သာ ကြားလိုက်ရတာ ဖြစ်ပျက်ပုံတွေကလည်း နားဆင်လို့လည်းမကောင်းတဲ့အတွက် အလွန့်အလွန်လည်း ရှက်ကြောက်ခြင်း စိတ်ဆင်းရဲခြင်း ပြင်းပြင်းထန်ထန်ဖြစ်တော့တာပါပဲတဲ့။

– 'ဖြစ်ရလေ၊ ငါ့ခမည်းတော်ဟာ အကျင့်သီလမရှိ၊ အရှက်အကြောက်မရှိ၊ အဝတ်တောင်မှ မဝတ်တဲ့ တက္ကတွန်းဆီကိုသွားပြီး ဘာဖြစ်လို့ တပည့်ခံရသလဲ၊ ပြဿနာ မေးရသလဲ။

– တကယ်ဆိုရင် တရားကျင့်တဲ့ရဟန်း ပုဏ္ဏားတွေကို ပုစ္ဆာမေးပါတော့လား။ ငါကလွဲလို့ ခမည်းတော်ကို ဒီလို မိစ္ဆာအယူကိုပယ်ပြီး နည်းမှန်လမ်းမှန် ပြန်ရောက်အောင် ဘယ်သူမှ တတ်နိုင်မှာ မဟုတ်ပါဘူး။

– ဘာဖြစ်လို့လဲဆိုတော့ ငါဟာ အခုဘဝကိုမရောက်ခင် နတ်သမီးဘဝကတည်းက ဖြစ်ခဲ့ပြီးတဲ့ ခုနစ်ဘဝ မဖြစ်သေးတဲ့ ခုနစ်ဘဝကို မြင်ခဲ့ပြီးဖြစ်တယ်။

– ငါရှေးကပြုခဲ့ဖူးတဲ့ မကောင်းမှုကြောင့် ဘယ်လို ဆင်းရဲဒုက္ခတွေကို ခံခဲ့ရတယ်ဆိုတာ ခမည်းတော်ကို လျှောက်ထားမယ်' လို့ပြောပါသတဲ့။

ဒီနေရာမှာ ပြောစရာ တစ်ခုရှိပါတယ်။ အင်္ဂတိမင်း



ကြီးနဲ့ ရုစာဒေဝီတို့ ဘဝဇာတ်ကြောင်း ဖြစ်နေတဲ့အချိန်ဟာ ကဿပမြတ်စွာဘုရားရှင်နဲ့ ဂေါတမမြတ်စွာဘုရားရှင်တို့ ကြားကာလမှာ ဖြစ်ပွားတာဆိုတော့ သာသနာပကာလ ဖြစ်ပါလိမ့်မယ်။ လောကုတ္တရာတရားကို သိနားလည်တဲ့သူများ ရှိသော်လည်း ဟောပြော ပြသနိုင်တဲ့သူများ မရှိပေမယ့် လောကီဈာန်သမာပတ်ကိုရအောင် သီလကို စောင့်ထိန်းတဲ့ ရဟန်းပုဏ္ဏားများကတော့ ရှိနေပါလိမ့်မယ်။ ရှားတော့ရှားမှာပေါ့လေ။ အဲဒါကြောင့် ရုစာဒေဝီက တရားကျင့်တဲ့ ရဟန်းပုဏ္ဏားများကို မေးပါတော့လားလို့ ပြောတာ ဖြစ်ပါလိမ့်မယ်။

ရုစာဒေဝီက ခမည်းတော်ကို သူပဲချွတ်နိုင်မယ်လို့ ယုံကြည်ပေမယ့် ချက်ချင်းသွားပြီး မတွေ့ပါဘူး။ သူက ခမည်းတော်နဲ့ လခွဲမှ တစ်ကြိမ်တွေ့နေကျ ဖြစ်ပါတယ်။ မင်းသမီးဆိုတော့ အမေတို့သမီးတို့လို တစ်အိမ်တည်းနေတာပဲ ဆိုပြီး တွေ့ချင်တွေ့ စကားပြောချင်ပြောနဲ့ လုပ်လို့မရဘူးလေ။ သူက မင်းသမီး လခွဲတစ်ကြိမ်ပဲတွေ့ရမယ်ဆိုရင် သတ်မှတ်ချက်အတိုင်းပဲ တွေ့ရတာကိုး။ သူကစဉ်းစားပါတယ်။ တကယ်လို့ လခွဲမတိုင်မီ ခမည်းတော်ဆီကိုသွားရင် ဘာ့ကြောင့် တွေ့ခွင့်ပေးထားတဲ့ ရက်မတိုင်ခင် လာရသလဲလို့ မေးမှာပဲ။ ငါက ခမည်းတော် မိစ္ဆာအယူ ယူနေတယ်လို့ ကြားလို့ လာခဲ့တာပဲလို့လျှောက်လိုက်ရင် ငါ့စကားကို သူ နားထောင်မှာ မဟုတ်တော့ဘူးလို့ စဉ်းစားပါသတဲ့။ ရုစာ စဉ်းစားတာလည်း မှန်ပါတယ်။ အဲ အဲ လခွဲဆိုတာ လ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကို ပြောတာဖြစ်ပါတယ်။ လပြည့်အကြို အဖိတ်နေ့က တစ်ကြိမ်သွားထားလို့ လကွယ်အကြို အဖိတ်နေ့မှာ ထပ်သွားမယ်လို့ ဆိုထားတာကိုး။ အဲသည်လို သူသွားရမယ့် နေ့မှာ သွားနေကျအတိုင်းသွားမယ်။ ပြီးတော့ အလှူအတွက် ငွေကို တောင်းမယ်၊ အဲသည်တော့ ခမည်းတော်က အလှူကို လှူစရာမလိုတော့ဘူးလို့ ပြောမယ်။ အဲဒီတော့မှ ငါက ခမည်းတော်ကို မိစ္ဆာအယူစွန့်အောင် ဖျောင်းဖျမယ်လို့ စဉ်းစားပါသတဲ့။

မင်းသမီးဆိုတော့လည်း စေ့စေ့စပ်စပ် စဉ်းစားရတာကိုး။ အဲသည်လို စဉ်းစားပြီး တန်ဆောင်မုန်းလကွယ် အဖိတ်နေ့ကိုရောက်တဲ့အခါမှာ နတ်သမီးကလေးလို ဝတ်စားတန်ဆာတွေ ဝတ်ဆင်ပါသတဲ့။ သူ့ခမည်းတော်က အဝတ်အထည်တွေ လိုလေသေးမရှိ ပေးကမ်းချီးမြှင့်ထားတာကိုး၊ ဝတ်ရမှာပေါ့။ ပြီးတော့မှ နံ့သာအမျိုးမျိုးတို့ကို ထုံသင်းမွှေးအောင် လိမ်းခြယ်ပါသတဲ့။ မင်းသမီးတို့ အသရေနဲ့ ထွက်တော်မူရမှာကိုး။ သူ့ရံရွေတော်တွေကိုလည်း အဲသည်လိုပဲ လှလှပပ ဝတ်စားဆင်ယင်စေပြီး ခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကနေပြီး ဆင်းခဲ့ပါသတဲ့။

သမီးရေ

ဒီနေရာကလေးမှာ ဇာတ်ကြီးဆယ်ဘွဲ့ကို မြန်မာလို စီရင်ရေးသားတော်မူတဲ့ ဆရာတော်ကြီး မင်းဘူးဦးသြဘာသ



က ဘယ်လိုအလင်္ကာကလေးနဲ့ ဖွဲ့ထားသလဲဆိုတော့ 'ဘုံခုနစ်ဆင့်ရှိသော နန်းပြာသာဒ်မှ တိမ်မှထွက်သော လပြည့်ဝန်းကဲ့သို့ တစ်နန်းလုံးကို ပြောင်ပြောင်လင်းစေလျက် ဆင်းသက်ခဲ့၍ ခမည်းတော်စံရာ နန်းပြာသာဒ်သို့သွားလေ၏' တဲ့။

ဟုတ်တာပေါ့၊ သူတို့က မင်းသမီးတွေဆိုတော့ လှကလည်း လှ၊ ပြီးတော့လည်း အလှဆုံးဖြစ်အောင် ဝတ်စားဆင်ယင်ထားတာကိုး။ နောက် တစ်ယောက်တည်း နှစ်ယောက်တည်းမှမဟုတ်တာ၊ မင်းသမီးနဲ့ အထိန်းတော်ပါ ထည့်တွက်ရင် ငါးရာနဲ့နှစ်ယောက်၊ ပြီးတော့ ကိုယ်ရံတော်တွေလည်း ပါဦးမှာလေ။ လူတွေရဲ့မျက်စိမှာ လင်းချင်းသွားတာ လမင်းကြီး ထွက်လာသလို ဖြစ်မှာပေါ့။

အမေတို့ ရုရှကိုရောက်ခါစက ရုရှဘာသာစကားသင်ရတော့ နည်းနည်းလောက်စာဖတ်တတ်တယ်ဆိုရင် ပုံပြင်ကလေးတွေက စပြီးဖတ်ရတယ်။ ပုံပြင်တစ်ပုဒ်မှာ မင်းသမီးကလေးကို နေလိုပဲလို့ နေနဲ့နှိုင်းထားတော့ အမေတို့က ဆရာမကို မေးတာပေါ့၊ ဘယ့်နှယ် နေနဲ့နှိုင်းရတာလဲ၊ လနဲ့နှိုင်းရမှာဆိုတော့ ဆရာမက ဒါမြန်မာပုံပြင်လေတဲ့။ အမေတို့က ဟုတ်တယ်၊ ကျွန်မတို့က မြန်မာတွေပဲ။ အပူပိုင်းဒေသမှာ လူကိုနေလို့မနှိုင်းပါဘူး။ အထူးသဖြင့် မင်းသမီးဆိုရင် လနဲ့ပဲနှိုင်းပါတယ်လို့ ပြောကြတာပေါ့။ ဆရာမကလည်း ရုရှတို့ထုံးစံအတိုင်း ပခုံးကလေးကိုတွန့်ပြီး မသိတော့ဘူးလို့ ပြောတယ်။ အဲ နေလိုလှတဲ့မင်းသမီးဆိုတာကို အမေက ရုစာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်တော်မူခန်းဖတ်ရင်း သတိရသွားလို့ သမီးကို ပြောရတာပါပဲ။

အင်္ဂတိမင်းကြီးက ဘယ်လောက်ပဲ အယူမှားနေနေ လူသားတစ်ယောက်က သူ့သမီးကိုချစ်ခင်တဲ့ စိတ်တော့ မပျောက်သေးပါဘူး။ တော်ပါသေးရဲ့ကွယ်။ သမီးတော်က သူထိုင်ရမယ့်နေရာမှာ သေသေချာချာ ထိုင်မိပြီဆိုတာနဲ့ 'သမီးတော် ပြာသာဒ်ဆောင်ပေါ်မှာ နေရတာ ပျော်ရဲ့လား၊ ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်မှာရော ပျော်ပျော်ပါးပါး ရေကစားရပါရဲ့လား။ သမီးဆီကိုပို့နေကျ အဝတ်တန်ဆာ ရတနာတွေ စားဖွယ်သောက်ဖွယ်တွေရော နေ့စဉ်မပြတ်ရောက်ပါရဲ့လား၊ စကား သဇင်စတဲ့ပန်းတွေကို သမီးနဲ့တကွ ရံရွေတော်တွေ သီကုံးပြီး အခါမရွေး ပန်ရရဲ့လား၊ ချစ်သမီး ဘာလိုသေးလဲ၊ ခမည်းတော်ကို ပြောပါ၊ ချစ်သမီးလိုတာကို အခုပဲပြည့်စုံအောင် လုပ်ပေးမယ်' လို့ မိန့်တော်မူပါသတဲ့။

အားကျစရာကောင်းလိုက်တာနော် သမီးရေ ဘုရင့်သမီးဆိုတော့လည်း လိုတရဖြစ်ပေမပေါ့။ ပြီးတော့ တစ်ဦးတည်းသော သမီးကိုး။

အင်္ဂတိမင်းကြီးဟာ မိစ္ဆာအယူကိုယူပေမယ့် ဖခင်စိတ်တော့ ပြည့်ပြည့်ဝဝရှိပါသေးတယ်။ မင်းသမီးက 'ခမည်းတော်မင်းကြီး ခမည်းတော်ပေးတဲ့ပစ္စည်းတွေနဲ့ ခမည်းတော် ဘုန်းတော်ကြောင့် သမီးတော်မှာ ပြည့်စုံပါတယ်။ နက်ဖြန်ကာ ဥပုသ်နေ့ဆိုတော့ အခါတိုင်းလိုပဲ သမီးတော်ဟာ ရသေ့ ပုဏ္ဏား



ဖုန်းတောင်းယာစကာနဲ့ ဥစ္စာကုန်လို့ လာပြီးတောင်းခံတဲ့သူများကို ပေးလှူရပါမယ်။ ပေးနေကျ ငွေတစ်ထောင်ကို ပေးတော်မူပါဘုရား' လို့ လျှောက်ပါသတဲ့။

သမီးရေ

မင်းသမီးကလည်း ခမည်းတော် ဘယ်လိုစကားကို ပြောမယ်ဆိုတာ သိနေပါတယ်။ မင်းသမီး ကြိုတင်တွက်ဆထားတဲ့အတိုင်းပါပဲ။ အင်္ဂတိမင်းကြီးက 'သမီးတော် သမီးတော်ဟာ ကိုယ်ပိုင်တဲ့ဥစ္စာတွေကို အကျိုးမဲ့တဲ့နည်းနဲ့ အလကားသက်သက် ဖြုန်းတီးပစ်နေတာပဲ။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်တယ်လို့ဆိုပြီး မစားမသောက် မဖီးမလိမ်းနေတာ ဘယ်လိုအကျိုးကျေးဇူးမျှမဖြစ်ဘူး။ စားသာစား၊ ဝတ်သာဝတ်၊ စည်းစိမ်တွေကို ခံစားလိုက်စမ်း။ မယုံမရှိနဲ့ သမီးရေ၊ ခမည်းတော်တို့ အရှင်ကဿပရှေ့မှာ ဗီဇက ဆိုတဲ့လူတစ်ယောက်ကို တွေ့ခဲ့တယ်၊ သူက ရှေ့ဖြစ်ကိုသိတယ်။ သူဘယ်လောက်ပဲ သီလစောင့်ခဲ့စောင့်ခဲ့ ဒီဘဝမှာ ကျွန်မသားဖြစ်ရတယ်။ အဲသည်တော့ ချစ်သမီး စည်းစိမ်ကို အားရပါးရသာ ခံစားစံစားပေရော့' လို့ ပြောတော့တာပါပဲတဲ့။

အင်္ဂတိမင်းကြီးတို့က နောက်ဘဝမရှိဘူးသာ ပြောနေတာ အရင်ဘဝအကြောင်းကို ပြောတာတွေကိုတော့ လက်ခံတဲ့အကြောင်း အမေတို့သားအမိ ပြောခဲ့ကြပြီးပြီနော်။ ဒါကယ်တော့ လူတွေရဲ့ဘဝဟာ ဖြစ်ချင်သလိုဖြစ်နေတယ်လို့ ယုံတဲ့သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှုစာဒေဝီမင်းသမီးက ခမည်းတော်နဲ့တွေ့မှ ဗီဇကရဲ့ အကြောင်းကို ကြားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကြားလိုက်တာနဲ့ ဗီဇကဟာ ဘယ်လိုလူစားမျိုးဖြစ်တယ်ဆိုတာ သိလိုက်ပါသတဲ့။ အဲဒါကြောင့် အချက်ငါးချက် တင်လျှောက်ပါသတဲ့။

၁။ ခမည်းတော် မင်းကြီး သူမိုက်နဲ့ပေါင်းဖော်မိဝဲသူဟာ မိုက်တဲ့သူဖြစ်သွားတယ်လို့ အရင်ကလည်း ကြားဖူးတယ်၊ ကိုယ်တိုင်လည်း မြင်ဖူးတယ်။ အဲသည်စကားက အမှန်ပါပဲ။ ခမည်းတော်ဟာ သူမိုက်တွေနဲ့ပေါင်းပြီး အလွန်မိုက်သွားတာပါပဲ။

၂။ အလာတအမတ်နဲ့ ဗီဇကသူဆင်းရဲတို့ဟာ ကဿပတက္ကတွန်းကို မှီဝဲပြီး မိုက်မဲသွားကြတယ်။

၃။ ခမည်းတော်မင်းကြီးကတော့ ပညာအဆင်အခြင်နဲ့လည်း ပြည့်စုံတယ်၊ အကျိုးစီးပွားရှိတာ မရှိတာကိုလည်း နားလည်တတ်သိပါတယ်။ ဒါနဲ့တောင်မှ ဘာဖြစ်လို့ အလာတအမတ် ဗီဇကသူဆင်းရဲတို့နဲ့ ပေါင်းပြီး ကဿပတက္ကတွန်းကို ဆည်းကပ်ရပါသလဲ။

၄။ တက္ကတွန်းက ၈၄ ကမ္ဘာရောက်မှ သံသရာအစဉ်ပြတ်တယ်ဆိုရင် ဘာဖြစ်လို့ တက္ကတွန်းလုပ်နေသေးသလဲ။ အကျိုးမဲ့လုပ်တာ ဖြစ်မှာပေါ့။ တက္ကတွန်းမိုက်ဟာ မီးထဲကိုတိုးဝင်တဲ့ ပိုးဖလံလိုအဖြစ်ကို ရောက်မှာပဲ။

၅။ ခမည်းတော်မင်းကြီး သံသရာမှအလိုလိုလွတ်မြောက်



တယ်လို့ ယူဆတဲ့သူမိုက်တွေဟာ သူများကို အယူမှားအောင် ဖျက်ဆီးတာပါပဲ။ အယူမှားဆိုတာ လွတ်မြောက်ဖို့ ခဲယဉ်းတယ်၊ ငါးဟာ ငါးမျှားချိတ်မှာ မိနေသလိုပါပဲ။

အဲဒီစကားတွေဟာ ပြင်းထန်ပါတယ်။ မင်းကြီးကို သူ့သမီးတော်မှသာ ပြောဆိုဝံ့မယ့်စကားများ ဖြစ်ပါတယ်။ ဒါတောင်မှ မပြီးသေးဘူး။ မင်းသမီးက ဆက်ပြီးပြောပါသေးသတဲ့။

၁။ ခမည်းတော်မင်းကြီး သမီးတော်က ဥပမာတစ်ခုကို ဆောင်ပါ့မယ်။ ဤဥပမာရဲ့အနက်ကို ပညာရှိများ သိနားလည်ကြပါလိမ့်မယ်။

၂။ ကုန်သည်တို့ဟာ လှေပေါ်ကို နည်းနည်းချင်း နည်းနည်းချင်း ကုန်တွေကိုတင်ကြတဲ့အခါ ကြာတော့ သိပ်လေးလာပါတယ်။

၃။ အဲသည်လို ကုန်အပြည့်နဲ့ လေးနေတဲ့လှေဟာ ထွက်သွားပြီး သမုဒ္ဒရာအလယ်ရောက်တော့ နစ်တတ်ပါတယ်။

၄။ အဲသည်လိုပါပဲ သူမိုက်ဟာ မကောင်းမှုကို နည်းနည်းချင်း လုပ်ပြီး မကောင်းမှုများလာတဲ့အခါမှာ မကောင်းမှုဝန်ကြောင့် ငရဲမှာနစ်သွားတတ်ပါတယ်။

၅။ အလာတအမတ်ဟာ မကောင်းမှုကို လုပ်ဆောင်ပေမယ့် မကောင်းမှုဝန်က မပြည့်သေး။

www.burmeseclassic.com

www.burmeseclassic.com



၆။ အလာတအမတ်ဟာ ရှေးကပြုဖူးတဲ့ ကုသိုလ်အကျိုးကြောင့် လူ့အဖြစ်ကို ရခဲ့ပါတယ်။

၇။ အဲဒီကောင်းမှုအကျိုးကုန်ရင် မကောင်းတဲ့လမ်းများ လမ်းကောက်ကို လိုက်နေတဲ့ အလာတအမတ်ဟာ ကုသိုလ်အကျိုးပေးကောင်းတဲ့ လမ်းဖြောင့်က ဆင်းပြီး အပါယ်ခရီးကို ပြေးရလိမ့်မယ်။

၈။ ချိန်ခွင်ပေါ်မှာတင်ထားတဲ့ ပစ္စည်းတွေကို ချလိုက်ရင် ချိန်ခွင်ဘောင်ဟာ အထက်ဘက်ကို စောင်းထောင်ပြီး တက်သွားသလို ဗီဇကဟာ ကုသိုလ်ကို နည်းနည်းစီ နည်းနည်းစီစုပြီး နတ်ပြည်တက်စေတဲ့ ကောင်းမှုအလုပ်မှာ မွေ့လျော်ခဲ့တယ်။

၉။ အခုဘဝမှာတော့ ရှေးမကောင်းမှုကြောင့် ဗီဇကဟာ ကျွန်ဖြစ်နေရတယ်။

၁၀။ ဗီဇကဟာ တက္ကတွန်းကို မဆည်းကပ် မကိုးကွယ်ဘဲ မကောင်းတဲ့အလုပ်ကိုလည်း မလုပ်ခဲ့ရင် သူစုဆောင်းထားတဲ့ ကောင်းမှုကြောင့် ကောင်းရာသုဂတိကို ရောက်ရလိမ့်မယ်လို့ မင်းသမီးက လျှောက်ပြန်ပါသတဲ့။

သမီးဖိုးချစ်

မင်းသမီးမရှုစာ ပြောတဲ့ ဥပမာတွေကတော့ ထင်းနေတာပါပဲ။ လူတွေသတိထားကြဖို့ ကောင်းပါတယ်။ လူတွေ



ဟာ အကုသိုလ်အလုပ်ကို နည်းနည်းချင်း လုပ်မှန်းမသိလုပ်နေကြတာ နိစ္စဓူဝဖြစ်နေတတ်တယ်။ ပမာဒဆိုတဲ့ မေ့လျော့ခြင်းကြောင့် လုပ်မှန်းလည်းမသိဘဲ ဖြစ်နေတတ်ကြတာကိုး။ ကြာတော့ မကောင်းမှုဝန်တွေက လေးပြီး နစ်သွားတတ်ကြတာပါပဲ။

ကုသိုလ်မှုဆိုတာကလည်း နည်းတယ် များတယ် မဟုတ်ဘူး၊ စုမိရင်စုမိသလောက် ကောင်းတဲ့အကျိုးကို ပေးတတ်ပါတယ်။ ကောင်းမှုအကျိုးပေးချိန်မှာလည်း မမေ့မလျော့ဘဲ ကောင်းမှုကို ဆက်ပေးသင့်ပါတယ်။ မကောင်းမှုအကျိုးပေးတဲ့အချိန်မှာတော့ ပိုပြီးသတိထားရပေလိမ့်မယ်။ မကောင်းတဲ့သူများရဲ့ မှားယွင်းတဲ့စကားကို နားမထောင်ဘဲ ကောင်းမှုကိုသာ စုဆောင်းနိုင်ရမှာ ဖြစ်ပါတယ်။ အဲသည်လိုဆိုရင်တော့ မကောင်းတဲ့ဆိုးကျိုးတွေ ကုန်သွားရင် ကောင်းကျိုးပေးချိန်နဲ့ ကြုံလာဦးမှာ ဖြစ်ပါတယ်။

မင်းသမီးက အဲသည်လို ပြောရုံနဲ့အားမရဘဲ နောက်ထပ် အလင်္ကာစကားများနဲ့ ဝေဝေဆာဆာ ပြောပြန်ပါသေးတယ်။

၁။ ခမည်းတော်မင်းကြီး သီလနဲ့ပြည့်စုံတဲ့ သူတော်ကောင်းကိုဖြစ်စေ၊ သီလကြောင်တဲ့ သူယုတ်မာကိုဖြစ်စေ ပေါင်းမိသူဟာ အဲသည်လိုလူတွေရဲ့ မိတ်သဘောအတိုင်း ဖြစ်သွားတတ်တယ်။

မိတ်ဆွေသူငယ်ချင်းကို အလေးအမြတ်ပြုတဲ့သူဟာ

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေသူငယ်ချင်းနဲ့ အလေ့အကျင့် တူသွားတတ်တယ်။

၂။ မကောင်းတဲ့အကျင့်ရှိတဲ့ မမှန်တဲ့အယူအဆရှိတဲ့ သူယုတ်နဲ့ပေါင်းဖော်ရင် အဲသည်သူရဲ့အကျင့်များ အယူအဆများတွေ ကိုယ့်မှာ ကူးစက်လာမှာပဲ။ ဥပမာဆိုရင် ဆိပ်လူးမြားထည့်တဲ့ မြားတောင့်လိုပဲ။

၃။ အဲဒါကြောင့် ပညာရှိတဲ့သူဟာ မကောင်းတဲ့အကျင့်အကြံတွေ ကူးစက်မှာစိုးလို့ မကောင်းတဲ့ အဆွေခင်ပွန်းကို မပေါင်းပါ။

၄။ ငါးပုပ်ကို သမန်းမြက်နဲ့ထုပ်ရင် သမန်းမြက်မှာ ငါးပုပ်နံ့လှိုင်နေအောင် နံတတ်တယ်။ သူမိုက်နဲ့ ပေါင်းဖော်တဲ့သူဟာလည်း မိုက်သွားတတ်ပါတယ်။

၅။ တောင်ဇလပ်ပန်းကို ပေါက်ရွက်နဲ့ထုပ်ရင် ပေါက်ရွက်ဟာ အမွှေးနဲ့လှိုင်နေတတ်တယ်။ အဲသည်လိုပါပဲ။ ပညာရှိနဲ့ပေါင်းဖော်တဲ့သူဟာ ပညာရှိဖြစ်သွားတတ်ပါတယ်။

၆။ မိမိအကျိုးစီးပွားကို သိတဲ့ပညာရှိဟာ သူတော်ကောင်းမဟုတ်တဲ့သူကို မပေါင်းသင်းသင့်၊ မဆည်းကပ်သင့်။ သူတော်ကောင်းကိုသာ ပေါင်းသင်းရမယ်၊ ဆည်းကပ်ရပါမယ်။ သူတော်ကောင်းမဟုတ်တဲ့သူနဲ့ ပေါင်းရင် ငရဲရောက်တတ်တယ်။ သူတော်ကောင်းနဲ့ပေါင်းရင် နတ်ပြည်ကို ရောက်ရတတ်တယ်။



သမီးဖိုးချစ်

သမီးလိမ္မာ မရှုစာကလေး သူ့ခမည်းတော်ကို စိုးရိမ်လို့ လျှောက်တင်တာကို ဆရာတော်ကြီး မင်းဘူးဦးသြဘာသက လွယ်ကူအောင် ရှင်းလင်းအောင် ရေးထားပါတယ်။ ပါဠိပါပေမယ့် ပါဠိနဲ့ မြန်မာပြန်ကို ခွဲထုတ်ထားပါတယ်။ အမေက ပိုပြီးရှင်းအောင် ခေတ်စကားနဲ့ တိုတိုရှင်းရှင်းရေးပြီးတော့ နံပတ်စဉ်ထိုးပေးထားပါတယ်။ ပါဠိမြန်မာပြန်အတိုင်း ပေါ့လေ။

အခုတင်ပြခဲ့တဲ့ အချက် ၆ ချက်ဟာဆိုရင် ခမည်းတော်ကို မင်းသမီးက နားချတဲ့စကားအနေနဲ့မဟုတ်ဘဲ ရိုးရိုးအနေနဲ့ စဉ်းစဉ်းစားစားဖတ်ရင်တောင်မှ အလွန်ကောင်းတဲ့ ဆုံးမစာများလို့ ဆိုရပါမယ်။ ဥပမာတွေကလည်း ကောင်းလှပါတယ်။

သီလပြည့်စုံတဲ့သူနဲ့ ပေါင်းမိတဲ့သူကလည်း သီလပြည့်စုံတဲ့သူ ဖြစ်သွားတတ်တယ်။ သီလကြောင်တဲ့သူနဲ့ ပေါင်းတဲ့သူကလည်း သီလကြောင်သွားတတ်တယ်။ တကယ်မှန်တာပါပဲ။ တချို့က ကောင်းသောစကားကို ပြောသလို ကောင်းသော အပြုအမူများနဲ့သာ သူ့ဘဝကို သူကျောင်းသွားတတ်တယ်။ အဲသည်လိုသူနဲ့ ပေါင်းမိတဲ့သူများဟာ သူ့ရဲ့ကောင်းမြတ်တဲ့ စံနမူနာကို ယူသွားတတ်တယ်။ တခြားကို မကြည့်နဲ့၊ သမီးကိုယ်ကို သမီးကြည့်ပါ။ ဘွားဘွားနဲ့ အတူနေရင်း ဘုရား တရား သံဃာ ရတနာသုံးပါးကို အလွန်ရှိသေ

www.burmeseclassic.com



စွာ ကိုးကွယ်ဆည်းကပ်တဲ့ ဘွားဘွားရဲ့အကျင့် သမီးမှာ ကူးစက်လာတယ်။ ဘွားဘွားက နေ့စဉ်နေ့တိုင်း ပြောပြတဲ့ ဘုရားနဲ့စပ်တဲ့ စကား၊ တရားနဲ့စပ်တဲ့ စကား၊ သံဃာနဲ့စပ်တဲ့ စကားတို့ဟာ သမီးကို ကောင်းစွာလွှမ်းမိုးထားပါတယ်။

အဲသည်တော့ သမီးဟာ ဘွားဘွားနဲ့ တစ်နေ့တခြား တူတူလာတာပါပဲ။ သမီးဟာ ဘွားဘွားဒေါ်ရင်က အမေ့အတွက်ထားခဲ့တဲ့ အကောင်းဆုံးသော အမွေဖြစ်တယ်။ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသမီးကလေးတစ်ယောက် ပီသစွာ တရားကိုလည်းကောင်းစွာ အားထုတ်ထားတယ်။ အမေဆေးရုံတက်ရတုန်းက သမီးက အမှတ်တရားကလေး မြဲအောင်မှတ်နေပါလို့ သတိပေးဖော်ရတယ်။ အန်တီတင်ဝင်းရည်တို့ဆီက ဆရာတော် ဦးဇောတိကရဲ့ အခွေတွေ သွားငှားပေးတယ်။ သမီးကို အမေက ခေါင်းထဲမှာ ပလုံစီနေတဲ့အတွေးတွေကြောင့် တရားမမှတ်နိုင်ဘူးလို့ပြောတော့ သမီးက ကွန်ပျူတာ သမားကလေးပီပီ မလိုတဲ့အကြောင်းအရာတွေကို (Delete) လုပ်ပစ်လိုက်ပါမေမေရယ်လို့ သတိပေးခဲ့တယ်။ သမီးတို့ဆိုရင်လည်း ကွန်ပျူတာမှာ မှတ်ဉာဏ်လေးနေရင် မလိုတာတွေ ဖျက်ပေးရတယ်လို့ ပြောခဲ့ရှာတယ်။

ငါးပုပ်ထုပ်တဲ့ သမန်းမြက်မဖြစ်ရဘဲ ပန်းထုပ်တဲ့ဖက်ဖြစ်ရဟာ ကောင်းတာပေါ့ကွယ်။ ဘွားဘွားကလည်း ပန်းထုပ်ထားရင် ဖက်တောင်မှ မွှေးတယ်လို့ ပြောတတ်တယ်မဟုတ်လား။



ပညာရှိသူတော်ကောင်းနဲ့ ပေါင်းသင်းတဲ့သူဟာ ပညာရှိသူတော်ကောင်းတို့ ရောက်ရမယ့် သုဂတိဘုံကိုရောက်မှာပေါ့ကွယ်။ သုဂတိဆိုတာ ကောင်းသောဘုံဘဝကို ပြောတာဖြစ်တယ်။ ကဲ ထိုးဇာတ်ဖြစ်တဲ့ အမေနဲ့သမီးတို့ ဇာတ်လမ်းကလေးကို ထည့်ပြီးပြောရတာက ဇာတ်တော်အသားတွေက လေးနက်လွန်းတော့ ဖတ်ရတာခက်နေမှာစိုးလို့ ဖြစ်ပါတယ်။

မရှုစာကတော့ ဆုံးမစကား အသားတွေချည်းပဲ ပြောရင်းက သူ့ခမည်းတော်ဟာ ဘယ်လိုမှ သဘောမပေါက်သေးတာကို သိလို့ထင်ပါရဲ့ သူမြင်ထားတဲ့ အခုဘဝထက် အရင်ကျတဲ့ ခုနစ်ဘဝကအကြောင်းကို ပြန်လည်ပြောပြရှာပါတယ်။

ဝ

www.burmeseclassic.com

## ရစာမင်းသမီး အတိတ်ကိုဆောင်ခန်း



ခမည်းတော်မင်းကြီးလို့ မင်းသမီးက ခေါ်တယ်ဆိုတာက တော့ ရှေးထုံးစံအရခေါ်ရင်လည်း ခေါ်မှာပေါ့ကွယ်။ ချစ်ခင်စွာနဲ့ အသည်းသားလို ဖေဖေလို့မခေါ်တောင်မှ သူ့ခေတ်နဲ့သူ ခေါ်ကြတာတွေလည်း ရှိမှာပါပဲ။

မင်းသမီးကလေး မရစာအကြောင်းကို ရိုးရိုးကလေးပဲ ပြောကြည့်ကြတာကောင်းပါတယ်။ ဇာတ်လမ်းကလေးက ဒီလိုကွဲ့။ သူကလေးက တာဝတိံသာက သိကြားမင်းရဲ့အလုပ်အကျွေး နတ်သမီးဖြစ်တုန်းက ရှေးကဖြစ်ခဲ့မှုးတာကို ခုနစ်ဘဝ၊ နောင်ဖြစ်မှာကို ခုနစ်ဘဝမြင်ပါသတဲ့။

အဲသည်လိုမြင်ရတဲ့အတွက် ကောင်းမှုအကျိုး မကောင်းမှုအကျိုးတွေကို ပြန်ပြီးပြောနိုင်တာပါပဲ။ ကဲ ပြောကြည့်ကြရအောင်နော်။ သံသရာဘဝတစ်ကွေ့မှာ ရစာဒေဝီအလောင်းအလျာဟာ ယောကျ်ားစင်စစ် ကေန်ဖြစ်ခဲ့ပါသတဲ့။ သူဘယ်မှာဖြစ်ခဲ့သလဲဆိုတော့ ရာဇဂြိုဟ်ပြည်မှာ ရွှေပန်းထိမ်သည်ရဲ့သားဖြစ်ခဲ့ပါသတဲ့။

ရွှေပန်းထိမ်သည်ရဲ့သားဆိုတော့ ချမ်းသာပါလိမ့်မယ်။ အဲသည်တော့ သူ့ကိုကပ်ပြီး စားလို့ကောင်းအောင် ပေါင်းသင်းကြတဲ့ သာပေါင်းညာစား လူပေါက်ပန်းများနဲ့ ကြုံရှာပေါ့ကွယ်။ အဲသည်လို လူမျိုးတွေက ပေါင်းသင်းတဲ့အခါ သူတို့

www.burmeseclassic.com



ကို မပစ်နိုင်အောင် စွဲလမ်းစေတတ်တဲ့ အရက် သောင်းကစား မိန်းမစတဲ့ စွဲလမ်းစေတတ်တဲ့ မကောင်းတဲ့ ဆွဲဆောင်မှုများနဲ့ ညာပြီး လှိုင်းပြီးပေါင်းသင်းတတ်ကြပါတယ်။

လူဆိုတာကလည်း ဒါကိုမလုပ်နဲ့ မှားမယ်၊ ဒါကိုတော့လုပ်စသည်ဖြင့် တည်တည်ကြည်ကြည် ပြောဆိုဆုံးမတဲ့ သူများရဲ့စကားထက် ပါးစပ်ဖျားကလေးကနေပြီး အစ်ကိုရေ ညီလေးရေနဲ့ ချော့မော့ပြောဆိုရင်း ပျော်အောင်သာနေပါလို့ အဆင်းလမ်းကို သွေးဆောင်တတ်ကြတဲ့သူများကို ပိုပြီး ယုံစားတတ်ကြတယ်။ ငါ့ကိုချစ်ကြတယ်။ ငါ့ကိုပျော်စေချင်ကြတယ်လို့ ယုံမှားတတ်ကြတယ်။

ရွှေပန်းထိမ်သည်သား ပစ္စည်းဥစ္စာပေါများတဲ့ အမျိုးသားကလေးဟာ သာပေါင်းညာစားသမားရဲ့ ဆွဲဆောင်သိမ်းသွင်းမှုကြောင့် မကောင်းမှုအမျိုးမျိုးကို ပြုမိပါတယ်တဲ့။ သူများသားမယားကိုလည်း အနိုင်အထက်ခိုးယူပြီး ပေါင်းသင်းတဲ့အထိ ဆိုးဆိုးရွားရွား မကောင်းတဲ့အမှုများကို ကျူးလွန်ခဲ့ပါတယ်တဲ့။

အဲဒီဘဝကသေတော့ မကောင်းမှုက ချက်ချင်းအကျိုးမပေးသေးဘဲ မီးခဲကို ပြာဖုံးထားသလို နေနေပါသတဲ့။

ရွှေပန်းထိမ်သည်သားဘဝကနေပြီး တခြားဘဝမှာ သူပြုလုပ်ခဲ့တဲ့ ကောင်းမှုကဆက်ပြီး ကောင်းကျိုးပေးနေသေးတာကြောင့် ဝံသတိုင်း ကောသမ္ဗီပြည်မှာ အလွန်ကြွယ်ဝတဲ့ သူဌေးမျိုးမှာဖြစ်ပါသတဲ့။ သူဌေးသားဖြစ်ရုံမက တစ်ဦးတည်း



သော သားဖြစ်တဲ့အတွက် အားလုံးက ဖူးဖူးမှုတ်ပြီးထားကြပါသတဲ့။ သူဌေးသားဆိုတော့လည်း ပူဇော်ဆည်းကပ်တာကို ခံရတာပါပဲတဲ့။

သူဌေးသားဘဝမှာတော့ ကုသိုလ်ကောင်းမှုမှာ မွေ့လျော်တဲ့ အကြားအမြင်များတဲ့ အဆွေခင်ပွန်းကောင်းကို ပေါင်းသင်းမှီဝဲခွင့် ရခဲ့ပါသတဲ့။ ဟုတ်တာပေါ့သမီးရယ်၊ ချမ်းသာတိုင်းလည်း ပေါ့ပေါ့တန်တန်မနေတတ်ဘူး။ လေးနက်တည်ကြည်စွာ နေတတ်ကြတဲ့သူတွေလည်း ရှိပါတယ်။

အမေတို့သူငယ်ချင်းတွေထဲမှာလည်း ချမ်းလည်းချမ်းသာ ဘိုကျောင်းကလည်း ထွက်ကြတာဆိုတော့ လိုအပ်တဲ့အခါမှာ အင်္ဂလိပ်လိုလည်း တရွတ်ရွတ်ပြောနေကြတဲ့ သူဌေးသမီးတွေ ရှိပါတယ်။ မြန်မာဆန်ဆန် ယဉ်ကျေးဖွယ်ရာလည်း ရှိပါတယ်။ ရိုသေသမှုလည်း ရှိပါတယ်။ အိမ်ထောင်မှု ထိန်းသိမ်းတဲ့နေရာမှာလည်း တော်မှတော်ပါပဲ။ အမေ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောနေတယ်ဆိုတာ သမီးသိမှာပါကွယ်။ ဘုရားတရားကိုလည်း ကြည်ညိုတတ်တယ်။ အဲသည်လို လူမျိုးတွေကတော့ ရတဲ့အကျိုးကို တိုးပွားအောင်ပြုကြသူများ ဖြစ်ပါတယ်။

တချို့ကျတော့လည်း အတိတ်ကံကောင်းထောက်မလို့ ရုတ်တရက်ဆိုသလို ချမ်းသာလာကြပါတယ်။ နေ့ချင်းညချင်း နာမည်ကြီးလာတာပါပဲ။ အဲသည်လို လူမျိုးတွေထဲမှာလည်း အမျိုးမျိုးကွဲပြားပါတယ်။ သြော် ငါတို့ဟာ အတိတ်ကံကောင်း

www.burmeseclassic.com



ထောက်မလို့ ချမ်းသာလာကြတယ်။ အဲသည်လို ချမ်းသာလာတယ်ဆိုရင် ငါတို့ဟာ ငယ်ဘဝ သိမ်ငယ်ခဲ့ရတာတွေကို မမေ့ရဘူး။ လျှုရတန်းရမယ်။ စိတ်ကောင်းမွေးရမယ်။ ဝီရိယထားရမယ်။ အနေအထိုင်ကျစ်လျစ်ရမယ်လို့ မိမိစိတ်ကိုထိန်းပြီး အနေအထိုင်တတ်သူတွေလည်း များပါတယ်။ ကျက်သရေရှိပါတယ်၊ ငယ်ဘဝ သိမ်ငယ်တာကို သူကမဖုံးတော့လည်း သူ့အတွက် ကျက်သရေက ပိုပြီးတိုးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ဘဝမမေ့ဘူးဟဲ့။ သူက တော်လို့သာ ဒီလိုအခြေအနေကိုရောက်အောင် ကြိုးစားနိုင်တာပေါ့ကွဲ့နဲ့ ချီးမွမ်းစရာတွေကို ဖြစ်နေတာပါပဲ။

သူက အနေအထိုင်ရိုးသားပြီး လူအများအပေါ်မှာ ညှာတာတတ်လေလေ သူ့ကိုလူတွေလိုလားလေလေပေါ့။ တချို့ကျတော့လည်း ကံနဲ့ကံ၏အကျိုးပေးကို နည်းနည်းကလေးမှ ထည့်မတွက်တော့ဘဲ ငါလိုလူ ဇမ္ဗူရှိသေးရဲ့လားဆိုပြီး ဘယ်သူ့ကိုမှ ဗိုလ်မထားနိုင်ဘဲ တထောင်ထောင်နဲ့ နေတတ်ပါသေးတယ်။ သူ့လိုလူအနီးကို ပညာရှိသူတော်ကောင်းများ မကပ်တတ်ပါဘူး။ သူကလည်း ပညာရှိကို ဘာလဲ ဘယ်လိုခေတ်နောက်ကျတဲ့ စကားတွေကိုလာပြီး ပြောနေတာလဲလို့ဆိုပြီး ဂါရဝ နိဝါတ မထားနိုင်ပါဘူး။ သူ့ကိုကပ်ပြီး မြှောက်ပင့်တဲ့သူများကိုသာ သူကအဟုတ်ကြီးမှတ်တတ်သေးတာပါ။

အခုန ရှစာဒေဝီအလောင်းအလျာကတော့ ပန်းထိမ်



သည်သားဘဝမှာ လူမိုက်တွေနဲ့ပေါင်းပြီး မကောင်းတာတွေလုပ်ဖြစ်တယ်။ ဒါပေမဲ့ နောက်ဘဝကိုဆက်တော့ အရင့်အရင်ဘဝတုန်းက ကုသိုလ်အကျိုးပေးကြောင့် ကောသမ္ဗီသူဌေးသားဖြစ်ရတယ်။ အဲဒီဘဝမှာ သူတော်ကောင်းများနဲ့ ပေါင်းခွင့်ရတယ်။ သူကလည်း ပေါင်းတယ်။ သူတော်ကောင်း အဆုံးအမနဲ့ ဥပုသ်သီတင်းများ စောင့်ထိန်းပြီးနေတယ်။ အဲဒီဘဝသေဆုံးတော့ သူပြုခဲ့တဲ့ကုသိုလ်ဟာ ရေအောက်က မြေကြီးထဲမှာ မြှုပ်ထားတဲ့ ရွှေအိုးလိုပဲ တည်ရှိနေတယ်တဲ့။

ကုသိုလ်ဆိုတဲ့အကြောင်းကလည်း မပျက်သုဉ်းဘူး။ ရွှေအိုးမြှုပ်ထားသလို တည်နေပါတယ်။ အကုသိုလ်ဆိုတဲ့အကြောင်းကရော ပျက်သုဉ်းသွားသလား မပျက်သုဉ်းပါဘူး။ မီးခဲပြာဖုံးသလို တည်နေတယ်။ ဥပမာ ပေးထားတာ ကလေးတွေကို သတိထားမိပါစေနော်။

ဟော ကောသမ္ဗီသူဌေးသားဘဝကနေပြီး သေဆုံးသွားတဲ့အခါမှာတော့ ပန်းထိမ်သည်သားဘဝက မှားခဲ့တဲ့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကြောင့် ရောရုဝငရဲမှာ အကြာကြီးခံရတယ်တဲ့ကွယ်။ ရှစာဒေဝီဟာ ဘဝဟောင်းတွေကို ပြန်မြင်တဲ့အခါမှာ ရောရုဝငရဲခံရတာမြင်တော့ အလွန့်အလွန်ကြောက်ရွံ့တာကြောင့် တစ်ခဏကလေးမှ စိတ်ချမ်းသာရာ မရနိုင်ခဲ့ပါဘူးတဲ့။ တစ်ခါတုန်းက ရွှေတောင်ကုန်းက ဦးပဍ္ဍင်ဦးနန္ဒသိဒ္ဓိဟောတဲ့ တရားထဲမှာ ငရဲကိုရောက်ဖူးကြသလား၊ ဦးပဍ္ဍင်း

www.burmeseclassic.com



တော့ ရောက်ဖူးတာ သေချာပါတယ်လို့ တရားအစမှာ ထည့်ပြောတာကို သတိရတယ်ကွယ်၊ အမေတို့လည်း ရောက်ခဲ့မှာပဲ။ ပြန်မမြင်ရလို့သာ နေတာကိုး။ ဒါပေမဲ့ တွေးတာနဲ့တင် ကြောက်လှပါပြီ သမီးရယ်။

ရောရုဝရဲ့က တက်လာတော့ ဘိန္နာဂတဆိုတဲ့ပြည်မှာ ဆိတ်ဖြစ်တယ်တဲ့။ ဆိတ်ဘဝမှာ ဖုံးစေ့ကိုထုတ်ပြီး သင်းတာကို ခံရပါသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို သင်းထားရင် အားပြည့်တတ်တော့ သူ့ကျောကုန်းပေါ်ကို ဝန်တင်ပြီးလည်း ခိုင်းစေလို့ရတယ်။ လှည်းကိုလည်း အဆွဲခိုင်းလို့ရတာကိုး။ ဆိတ်ဘဝမှာလည်း သူများသားမယား ပစ်မှားခဲ့တဲ့ ပရဒါရကံဆိုးကျိုးကို ခံစားရတာပါပဲ။

ဆိတ်အဖြစ်ကနေပြီး သေလွန်ခဲ့တဲ့အခါ တောနက်ကြီးထဲမှာ မျောက်သွားဖြစ်ပါတယ်တဲ့။ သူ့အမေ မျောက်မက သားကလေးမွေးတယ်ဆိုရင်ပဲ အဖေဖြစ်တဲ့မျောက်ထီးကြီးကို သွားပြရပါသတဲ့။ ဇာတ်တော်မို့ အဲသည်လိုထူးဆန်းတယ်လို့ မထင်လေနဲ့သမီးရေ တောထဲက တိရစ္ဆာန်တွေမှာလည်း သူ့ထုံးစံနဲ့သူဆိုတာ အမေတို့ ဖတ်ဖူးတယ်လေ။

အာဖရိကမှာ ခြင်္သေ့ကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူမိတဲ့သူတွေရှိတယ်။ ဥပဒေအရ အရွယ်ရောက်လာပြီး လူတွေကို ရန်ပြုနိုင်ချေရှိလာတဲ့ ခြင်္သေ့တွေကို တိရစ္ဆာန်ရုံထဲကို ပို့ရမယ်ဆိုတာ သူတို့သိတယ်။ သူတို့အချစ်တော်ကိုဖြင့် တိရစ္ဆာန်



ရုံကို မပို့ဘူး။ တောထဲကိုပဲ ပြန်ပို့မယ်ဆိုပြီး တောထဲကို ပြန်ပို့တာလေ။ တောထဲမှာ ခြင်္သေ့မများဟာ ခြင်္သေ့ထီးကြီး စားပြီးမှ ကျန်တာကိုစားရတာကွဲ့။ အဲသည်လိုပေါ့ကွယ် မျောက်ထီးကြီးက အထီးကလေး ဟုတ် မဟုတ်ကိုယ်တိုင် ကြည့်ပြီး အထီးကလေးဆိုရင် မွေးစပေါက်သားကလေး ငိုနေတုန်းမှာ သွားနဲ့ကိုက်ဖြတ်ပစ်သတဲ့။ အဲဒီလိုခံရတာကတော့ သူများသားမယားကို ပစ်မှားခဲ့လို့ ဖြစ်ပါသတဲ့။

နောက်ဘဝကျတော့ ဒသဏ္ဏတိုင်းမှာ နွားလား သွားဖြစ်ပါသတဲ့။ နွားတွေကိုသင်းတတ်ကြတဲ့ ထုံးစံအတိုင်း သင်းတာကို ခံရပြန်ပါလေရောတဲ့။ အဲဒါကလည်း သူတစ်ပါးသားမယားကို ပြစ်မှားခဲ့ဖူးလို့ ဖြစ်ပါသတဲ့။

အဲဒီနွားလားဘဝကနေပြီး သေဆုံးတဲ့အခါ လူ့ဘဝကို ပြန်ရပါသတဲ့။ လူဖြစ်တော့ မသေးတော့မသေးဘူးကွဲ့၊ ဝဇ္ဇီတိုင်းက သူကြီးမျိုးရိုးမှာဖြစ်လာပါတယ်တဲ့။ ရခဲလှတဲ့ လူ့ဘဝမှာလည်းဖြစ်ပေမယ့် မိန်းမမဟုတ် ယောကျ်ားမဟုတ် နပုံးပဏ္ဍုက်ဖြစ်သွားသတဲ့။ မိန်းမလျာလို့ခေါ်တဲ့သူ ဖြစ်သွားတာပေါ့ကွယ်။ အဲဒါကလည်း သူများသားမယားကို ဖျက်ဆီးလို့ဖြစ်ရတာပါပဲတဲ့။ ဟိုတုန်းကတော့ အဲသည်လိုလူမျိုး သိပ်မများဘူးလို့ ထင်တာပါပဲ။ လူတွေက သိုသိပ်လို့လား မသိပါဘူး။ အခုခေတ်တော့ ပြောင်ပြောင်တင်းတင်းပါပဲ။ နိုင်ငံခြားမှာဆိုရင် ပိုပြီးပွင့်လင်းကြသကိုး။ ကြောက်စရာ ရက်စရာကြီး ပါသမီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေတို့ငယ်ငယ်တုန်းက နိုင်ငံခြားဓာတ်ကားတွေမှာ ပါတတ်တဲ့ ရှေချ်ဟဒ်ဆင်ဆိုတဲ့ ဓာတ်လိုက်ဟာ ယောကျ်ား ပီသစွာ ချောမောတဲ့ရုပ်ဆင်းရှိတယ်။ သရုပ်ဆောင်တာက လည်း ကောင်းတယ်ဆိုတော့ အပျိုချောများ တယ်ပြီးသဘော ကျတဲ့ ဓာတ်လိုက်ကျော်ကြီးဖြစ်တယ်။ သူဆုံးခါနီးကျတော့ ရုပ်ကပျက်သွားလိုက်တာ သမီးရယ်၊ ခြောက် ကင်ဆာဖြစ်နေ တယ်နဲ့ တူတယ်ပေါ့။ ဘယ်ကလာ ဟုတ်မလဲ။ အေ့ဒ်စ် ဖြစ်နေတာ။ မိန်းမလျာများမှာ ဖြစ်တတ်ကြတဲ့ ရောဂါလေ။ ကြာလေလေ အကုသိုလ်အကျိုးဆက်က ကြောက်စရာကောင်း လေလေ ဖြစ်ပါတယ်။

အဲသည်လို နပုံးပဏ္ဍုက်ဘဝက သေလွန်တဲ့အခါမှာ တော့ ရုစာအလောင်းအလျာဟာ တာဝတိံသာနတ်ပြည်က သိကြားမင်းရဲ့ အလုပ်အကျွေးနတ်သမီး ဖြစ်လာပါသတဲ့။ အောင်မယ် ဘယ်ဆိုးလို့တုံး နတ်သမီးဖြစ်လာတာပဲဟာလို့ မတွေးနဲ့လေ။ ငရဲခံခဲ့ရတာတွေ တိရစ္ဆာန်ဘဝမှာ သင်းတာကို ခံခဲ့ရတာတွေ နပုံးပဏ္ဍုက်ဖြစ်တာတွေဟာ ပန်းထိမ်သည်သား ဘဝက မကောင်းမတွေကြောင့်ခံရတဲ့ မကောင်းကျိုးများဖြစ် ကြပါတယ်။ နတ်သမီးဖြစ်လာတာကတော့ ကောသမ္ဗီသူဌေး ဘဝမှာ ကောင်းမှုတွေပြုခဲ့တာတွေကြောင့် ရလာတဲ့ ကောင်း ကျိုးပေါ့။

ဘယ်အဖြစ် ဘယ်အရာမျိုးမှာမှ အကြောင်းရင်း ကင်း



တာ မရှိပါဘူး။ အကြောင်းရင်းကောင်းရင် အကျိုးဆက်က ကောင်းပါတယ်။ အကြောင်းရင်းဆိုးရင် အကျိုးဆက်က ဆိုးပါတယ်။

၀



www.burmeseclassic.com

www.burmeseclassic.com

# ရုစာဒေဝီ ခုနစ်ဖြစ်ကို ဆင်ခြင်ခန်း



တာဝတိံသာ နန္ဒဝန်ဥယျာဉ်ထဲမှာ လှလှပပနဲ့ ကောင်းကောင်းမွန်မွန် ဝတ်စားဆင်ယင်ကာ သိကြားမင်းကို ကပြဖြေဖျော်ရတဲ့ နတ်မိမယ်ဘဝမှာ ရုစာဒေဝီအလောင်းအလျာဟာ ရှေ့ခုနစ်ဘဝ နောက်ခုနစ်ဘဝ မြင်ခဲ့တာဖြစ်ပါသတဲ့။ အဲသည်လိုမြင်တဲ့အခါ သူ့မှာ သည်းတုန် အူတုန်ဖြစ်ရ စိတ်မကောင်းဖြစ်ရနဲ့ပေါ့။

အရင်ဖြစ်ခဲ့တဲ့ ခုနစ်ဘဝကိုမြင်ပြီးတဲ့နောက် နောက်ဖြစ်မယ့် ခုနစ်ဘဝမှာ မိန်းမခြောက်ဘဝ ဖြစ်ရမယ်တဲ့။ နောက်ဆုံးဘဝကျမှ ယောကျ်ားဖြစ်ရမှာပါတဲ့။ ရုစာဒေဝီက သူ့အဖြစ်ကို သူဆင်ခြင်တာက ဒီလိုတဲ့သမီးရဲ့၊ သူဟာ သိကြားမင်း အလုပ်အကျွေးဖြစ်လာတာ ဘယ်ဘဝက ဖြစ်လာတာပါလိမ့်ဆိုပြီး ကြည့်တဲ့အခါမှာ ဝဇ္ဇီတိုင်းက ရွာသူကြီးမျိုး မိန်းမမဟုတ်ယောကျ်ားမဟုတ် ပဏ္ဍုတ်ဘဝကနေပြီး ဖြစ်လာတာပဲလို့ သိလာခဲ့ပါသတဲ့။ ဩော် ကြည့်စမ်း ငါဟာ အဲသည်လိုအဖြစ်မျိုးနဲ့တိုးခဲ့တာပါလားလို့ သိလာပြီးတဲ့နောက် နတ်ပြည်ကို ဘယ်လိုလုပ်ပြီးရောက်လာပါလိမ့်မလဲလို့ ဆင်ခြင်လိုက်တော့ ကောသမ္ဗီပြည်က သူဌေးဖြစ်စဉ်က ကောင်းမှုကုသိုလ်တွေကြောင့်ပါကလားလို့ သိလာပါသတဲ့။ ကိုင်း နပုန်းပဏ္ဍုတ်ဖြစ်တာကတော့ ဘယ်ဘဝက လာတာပါလိမ့်လို့ တွေးဆပြန်

www.burmeseclassic.com



တော့ ဝေးစေ့အထုတ်ခံရတဲ့ နွားလားဘဝကလာတယ်။ နွားကရော ဘယ်ဘဝကလာတာလဲဆိုတော့ ဝေးစေ့ကို ကိုက်ဖြတ်တာခံရတဲ့ မျောက်ကလာတယ်။ မျောက်ကရော ဘယ်ဘဝကလာသလဲလို့ ဆင်ခြင်ပြန်တော့ ဝေးစေ့အထုတ်ခံရတဲ့ ဆိတ်ကလာတယ်၊ ဆိတ်ကရော ဘယ်ဘဝကလာသလဲလို့ ဆင်ခြင်ပြန်တဲ့အခါ ရောရုဝငရဲကလာတယ်လို့ သိလိုက်ရပါတယ်တဲ့။ နတ်သမီးဟာ အတော်ကိုကြောက်လန့်သွားပါတယ်တဲ့ သမီးရယ်။

စိတ်နှလုံးတုန်လှုပ်စွာနဲ့ ပြန်ပြီးဆင်ခြင်ပြန်တော့ ကောသမ္ဗီသူဌေးမဖြစ်ခင် မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်က ရွှေပန်းထိမ်သည်သား ဘဝတုန်းက ကျူးလွန်ဖူးတဲ့ မကောင်းမှုကံကြောင့် အဲသည်လို ငရဲကျလိုက်၊ အသင်းခံရတဲ့ သတ္တဝါတွေဖြစ်လိုက် ဖြစ်နေခဲ့တာကိုးလို့ သိရပါသတဲ့။

နောက်ခုနစ်ဖြစ်ကိုဆင်ခြင်တော့ သိကြားမင်းရဲ့ အလုပ်အကျွေးနတ်သမီးအဖြစ် လေးကြိမ်၊ ဇဝနနတ်သားရဲ့ မိဖုရားကြီးအဖြစ် တစ်ကြိမ်၊ ပြီးတော့မှ ရှုစာဒေဝီ၊ နောက်မှ တာဝတိံသာမှာ နတ်သားပြန်ဖြစ်ရမယ်လို့ မြင်ပါသတဲ့။ ရွှေပန်းထိမ်သည်သား အဖြစ်ကနေပြီး ဆိုးသွမ်းမှားယွင်းလိုက်တာဟာ နတ်သားပြန်ဖြစ်တဲ့အထိဆိုရင် ဘယ်လောက်များ ကြာသွားပါသလဲ။ ကောသမ္ဗီသူဌေးသားဘဝကို နုတ်လိုက်ရင် ငရဲမှာ အကြာကြီးခံရတယ်။ ပြီးတော့မှ ဆိတ်၊ မျောက်၊ နွားလား ဖြစ်ပြီး အသင်းခံရတယ်။ အပါယ်မှာ လေးဘဝ၊ နောက်



လူ့ပြည်မှာပြန်ဖြစ်တော့ နပုန်းပဏ္ဍုတ်ဖြစ်တယ်။ ပေါင်း ငါးဘဝ၊ နောက် နတ်သမီးအဖြစ်နဲ့ ဇာတိဿရဉာဏ်ကို ရပါတယ်။ နတ်သမီး နတ်မိဖုရားအဖြစ်နဲ့ ငါးကြိမ်ဖြစ်မယ်။ စုစုပေါင်း နတ်သမီးငါးကြိမ်ဖြစ်မယ်။ မင်းသမီး တစ်ကြိမ်ဖြစ်မယ်။ နတ်သားဖြစ်မယ်။ ကောသမ္ဗီ သူဌေးဘဝနဲ့ပေါင်းတော့ စုစုပေါင်း ၁၄ ဘဝပေါ့။ ရှေ့ ၇ ဘဝ နောက် ၇ ဘဝပေါ့။

မင်းသမီးကလေး ရှုစာဒေဝီဟာ သူ့ခမည်းတော် မှားယွင်းနေတာကို ဘယ်မှာပေါ့ပေါ့နေနိုင်ပါ့မလဲ။ သူကိုယ်တိုင်ခံစားထားရတာကို အသည်းတထိတ်ထိတ် ရင်တဖိုဖိုနဲ့ မှတ်မိနေတာကြောင့် သူ့ခမည်းတော်ကိုလည်း သူ့လိုအဖြစ်ကို မရောက်စေချင်ဘူးပေါ့ကွယ်။ အဲဒါကြောင့်

ခမည်းတော် 'ကောင်းမှုရော မကောင်းမှုပါ ပျောက်တယ်မရှိဘူး၊ အရိပ်သဖွယ်လိုက်တတ်တယ်၊ မှတ်တော်မူပါ' လို့ ဆိုပါသတဲ့။

၀

www.burmeseclassic.com

www.burmeseclassic.com

## ရုစာဒေဝီက ဥပမာအမျိုးမျိုးပြပြီး နားချခန်း



နောက်ပြီးတော့ ရုစာဒေဝီက ဆက်ပြီးပြောပြန်ပါတယ်။ ယောကျ်ားဆိုတာ ဘဝဆက်တိုင်း ယောကျ်ားဖြစ်ချင်ရင် ခြေဆေးထားတဲ့သူဟာ သူ့ခြေထောက်ကို ရွံ့ညွှန်မလူးမပေအောင် ရှောင်သလို သူများသားမယားကို ရှောင်ကြဉ်ရပါတယ်တဲ့။

မိန်းမဖြစ်သူဟာ ယောကျ်ားဘဝကို ဆက်ကာဆက်ကာ ရချင်ရင်လည်း မိမိယောကျ်ားကို ကောင်းကောင်းမွန်မွန် လုပ်ကျွေးပြုစုရမယ်တဲ့။ အခုခေတ်မိန်းမတွေတော့ သိပ်ကြိုက်မယ့် စကားမဟုတ်ပေဘူး။ သို့ပေမဲ့ ဒါဟာ ပါဠိတော်လာစကားဖြစ်လေတော့ အဓိပ္ပာယ်မရှိ ထည့်သွင်းထားတာတော့ မဟုတ်ဘူး။ မိန်းမဖြစ်သူဟာ အိမ်ထောင်ကျပြီးတဲ့နောက် စားဝတ်နေရေးမှစလို့ လုံခြုံရေး တင့်တယ်ရေး အစစအရာရာမှာ ယောကျ်ားကို မှီခိုနေထိုင်ရတယ်။ အဲသည်လို ကျေးဇူးရှင်ဖြစ်နေတဲ့ ယောကျ်ားအပေါ်မှာ သစ္စာရှိရှိ ရိုရိုသေသေ ဆက်ဆံပြုစုရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ယောကျ်ားများကို ဘုန်းရှိတဲ့သူများအဖြစ် လက်ခံဆက်ဆံကြတယ်လေ။ ယောကျ်ားများဟာ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်နိုင်တယ်လို့ ငယ်ငယ်ကတည်းက လက်ခံထားကြတယ်။ မိဘများကလည်း သွန်သင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ယောကျ်ားအဝတ်အစားကို လျှော်တာဖွပ်တာ လှန်းတာ သုံးဖွဲတာကအစ တစ်မျိုးတစ်ဘာသာ နေရာပေးတတ်တယ်။ ဖခင်ဟာ အိမ်ရှေ့နတ်ဖြစ်တယ်။ လင်ယောကျ်ားဟာ အိမ်ဦးနတ်ဖြစ်တယ်လို့ သတ်မှတ်ကြတယ်။

အဲသည်တော့ သမီးတို့ခေတ် အမျိုးသမီးတွေလည်း ကိုယ်က လေးလေးမြတ်မြတ် သဘောမထားနိုင်တဲ့သူဆိုရင်တော့ ခင်ပွန်းအဖြစ်ကို အရောက်မခံနဲ့ မယူနဲ့ပေါ့ကွယ်။ ကိုယ်က သူ့ကိုယူပြီးတော့မှ မထီမဲ့မြင်ပြုနေရင်လည်း ကိုယ်ပဲ မကောင်းဖြစ်တော့မယ်ဆိုတာကို သတိထားဖို့ လိုအပ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး လေးမြတ်ညှာတာစွာ မဆက်ဆံနိုင်ရင်တော့ အကြောင်းမဆက်တာဘဲ ကောင်းပါတယ်ကွယ်။

ရှစာမင်းသမီးကလေးကတော့ သူ့ခမည်းတော်ကို ဆက်ပြီးတရားချပါတယ်။ ခမည်းတော်မင်းကြီး လူတွေဟာ လူ နတ်တို့ရဲ့ စည်းစိမ်ချမ်းသာ အခြံအရံတွေကို ရချင်ရင် မကောင်းမှုကို ရှောင်ပြီး မိမိရဲ့ ကိုယ် နှုတ် စိတ်သုံးပါးစလုံးကို ဆောက်တည်ကာ ကုသိုလ်ကောင်းမှုကို ပြုသင့်တယ်။

အခုခေတ်မှာ လူဖြစ်ပါလျက် နတ်စည်းစိမ်တမျှ စံစားနေရတဲ့သူတွေလည်း အရေအတွက်နည်းပေမယ့် ရှိပါတယ်။ အဲသည်လိုလူတွေဟာ မိမိတို့စည်းစိမ် ဘယ်ကလာသလဲဆိုတာကို စဉ်းစားဖို့သင့်ပါတယ်။ စည်းစိမ်ရအောင် မိမိအတိတ်ဘဝက အကျိုးပေးအပေါ်မှာ မိမိရဲ့ လုံ့လဝီရိယအားထည့်ပြီး တိုးတက်အောင် ကြိုးစားယူရတာ ဖြစ်ပါတယ်။ ငါတော်လို့



လို့ဆိုတဲ့နေရာမှာ အတိတ်ကတော်ခဲ့တာရော အခုတော်တာရော စုပြီးမှ အကျိုးပေးတာကိုး။

ပစ္စည်းဥစ္စာပြည့်စုံတယ်၊ အခြံအရံများတယ်၊ ကျော်စောသတင်းရှိတယ် ဆိုတဲ့ လူတွေဟာ မိမိတို့ရဲ့ပြုခဲ့ဖူးသောကောင်းမှုများကြောင့်သာ ဒီလိုဖြစ်ရတယ်ဆိုတာကို သိပြီး ကုသိုလ်ကောင်းမှုဟာ အဆွေခင်ပွန်းပဲလို့ သိနားလည်ကြရမှာဖြစ်ပါတယ်။ အတိတ်ဘဝကကုသိုလ်ပြုလို့ အခုလို့နေရတယ်ဆိုတာ သိနားလည်ပြီး ကုသိုလ်ကို အားကိုးသမှု ပြုတတ်ကြတဲ့သူများကတော့ ကုသိုလ်ကောင်းမှုကို များများစုမှာဖြစ်ပါတယ်။ ပျက်စီးဆုတ်ယုတ်စေတတ်တဲ့ အကုသိုလ်မှုကို ရှောင်ကြမှာဖြစ်ပါတယ်။

သမီးရေ

ယခင်ကောင်းလို့ အခုကောင်းကြွယ် အခုကောင်း နောင်ကောင်းပါလိမ့်မယ် ဆိုတဲ့သဘောတရားကို နားလည်ရမှာဖြစ်ပါတယ်။ အဲသည်စကားကလေးက တောစခန်းရိပ်သာမှာ အတ္တသမ္မာပဏိဓိနဲ့ဆက်စပ်ပြီး ရွှေတောင်ကုန်းဆရာတော်ဘုရားကြီး ဟောတဲ့တရားထဲမှာပါတဲ့ စကားစပ်ကလေး ဖြစ်ပါတယ်။ လူတွေဟာ များသောအားဖြင့် အမျိုးမြတ်တယ်၊ ကြွယ်ဝတယ်၊ အခြံအရံများတယ်၊ ကျော်စောသတင်းရှိတယ် လို့ဆိုရင် မာနတက်ချင်ကြတယ်။ အဲသည်လို မာနမတက်ရဘူးလို့ သင်ပေးတဲ့မိဘများကတော့ သူတော်ကောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ကလျာဏမိတ္တများ ဖြစ်ကြပါတယ်။ အဲသည်လိုမဟုတ်ဘဲ ငါတို့က တော်ရုံတန်ရုံမဟုတ်ဘူး။ ဆွေကြီးမျိုးကြီး ကြွယ်လည်းကြွယ်ဝတယ်၊ လူတကာကို တန်းတူရည်တူမှတ်ပြီး မပေါင်းနဲ့ဆိုတာမျိုးကို သင်ရင်တော့ ကလေးဟာ မာန လေဟုန်ကိုစီးပြီး ကြီးလာပါလိမ့်မယ်။

ပြောရဦးမယ်သမီးရယ်၊ လောကမှာ စည်းစိမ်ဆိုတာလည်း မမြဲပါဘူး။ အမျိုးမြတ်တယ်ဆိုတာကလည်း သီလ သမာဓိနဲ့ ဆောက်တည်အပ်တဲ့ အမျိုးမြတ်ခြင်းမျိုးဆိုရင်တော့ ကျလည်းမသွားပါဘူး။ အများရဲ့သတ်မှတ်ခြင်း အပေါ်မှာ လိုက်ပြီးပြောင်းလဲခြင်းလည်း မရှိပါဘူး။ အဲသည်လိုမှမဟုတ် လို့ကတော့ အမျိုးမြတ်တယ်ဆိုတဲ့ သူများဟာလည်း အခု တစ်ဘဝတည်းမှာတွင် သူတစ်ပါးအောက်ကျနောက်ကျ ဖြစ်ရ တတ်ပါတယ်။ သူ့ဘာသာ ပုံမှန်နေရင် တက်မှန်းလည်း မသိ ကျမှန်းလည်းမသိဖြစ်နေပေမယ့် တက်ရင် တလူလူမော်ကြွား တတ်တဲ့သူဟာ လောကဓံဆိုးလေးပါးကြုံလို့ ကျများသွားရင် တော့ ဒုံးခနဲပါပဲ။

ပြီးတော့လည်း ငွေကြေးဥစ္စာဆိုတာလည်း မမြဲတတ် ပါဘူး။ ငွေကြေးဥစ္စာ များစွာရှိနေစဉ်အခါမှာ သတိရှိရပါမယ်။ ဒီဥစ္စာရဲ့အနှစ်ကို ငါရအောင်ယူမယ်။ ရတနာသုံးပါးနဲ့ စပ် လျဉ်းတဲ့ အလှူအတန်းများကို ငါလုပ်ရမယ်။ မရှိလို့ မျက်နှာ ငယ်ကာ လိုအပ်နေတဲ့သူများကို လိုအပ်တဲ့ပစ္စည်းများ လှူ ဒါန်း ပေးကမ်းမယ်။ ငါ့ကိုကျေးဇူးပြုထားတဲ့သူများကို ငါ



ပူဇော်မယ်။ အဲသည်လို လိုအပ်တဲ့ ဒါနပြုခြင်းဖြင့် ဥစ္စာပစ္စည်း များ လျော့ပါးသွားတယ်လို့ မဆိုနိုင်ပါဘူး။ ဥစ္စာပစ္စည်းဆိုတာ မသုံးတတ်ဘဲ ဖြုန်းရင်တော့ ခဏချင်းပဲ ကုန်တတ်သေး တယ်။ ကံက ရုတ်တရက်ဆိုသလို ဆိုးသွားရင်လည်း ပျက်စီး ဆုံးရှုံးမှုတွေ စဉ်တိုက်ဖြစ်တတ်တယ်။ အဲသည်လိုဖြစ်တဲ့အခါ လှူဒါန်းစွန့်ကြဲထားတဲ့သူက သြော် ငါဟာ အကျိုးရှိစွာ သုံးခဲ့မိသေးတယ်။ ရတတ်သမျှ ဆည်မိသေးတယ်လို့ တွေး ကာ ပျော်နိုင်ပါတယ်။

သမီးရေ

အခုန အမေစကားစခဲ့တဲ့ မာနကိစ္စကလေးကို ထပ်ပြီး ပြောချင်ပါသေးတယ်။ ငွေကြေးကြွယ်ဝတာရော အမျိုးအား ဖြင့် ကြီးပါပေတယ်လို့ လူအများသတ်မှတ်တာရောဟာ မမြဲ ဘူး။ အမေတို့မျက်စိရှေ့တွင် ပြောင်းသွားတာတွေ ရှိတယ်။ လုပ်ငန်းကိုင်ငန်းများဟာ ခေတ်အခြေအနေပြောင်းသွားတာကို အမီလိုက်ပြီး မပြောင်းနိုင်လို့ကတော့ စီးပွားကျသွားတတ် တယ်။ အထူးသဖြင့် ကိုယ်တိုင်ကြိုးစားအားထုတ် လုပ်ကိုင် တာမဟုတ်ဘဲ အရင်းအနှီးကို မှီပြီးစားတဲ့သူတွေဟာ ခေတ်က ရုတ်တရက်ပြောင်းရင် မဆောက်တည်နိုင်အောင် ဖြစ်တတ် တယ်။ ခေတ်ဆိုတာကတော့ ပြောင်းတတ်တာပါပဲ။ မသိ မသာပြောင်းတာနဲ့ ရုတ်တရက်ပြောင်းတာ ကွာတာပါပဲ။ အဲသည်တော့ အရင်တုန်းက သူများကို တယ်ပြီးတူတယ်

www.burmeseclassic.com

www.burmeseclassic.com



မထင်တဲ့သူများဟာ သိပ်ပြီးဒုက္ခရောက်ကြတာပါပဲ။ အမေက မျက်မြင်ဖြစ်ခဲ့ပါတယ်။

ပြီးတော့ အမျိုးအားဖြင့် ကြီးပါတယ်ဆိုတာ သူ့ခေတ်နဲ့သူပေလေ။ ဘယ်တုန်းက ဘယ်သူ့သားတော် မြေးတော်ဖြစ်ရော ကိုယ်ရှာမှ ကိုယ်စားရတာလို့ ယူဆတဲ့ခေတ်မှာ သာမန်အဆောင်အယောင်သဖွယ်ဖြစ်နေတဲ့ အမျိုးကြီးမြတ်ခြင်းက အကျိုးမပြုဘဲ အနှောင့်အယှက်တောင်မှ ပေးနေပါသေးတယ်။ အဲဒါကြောင့် ဘယ်လိုသောအကြောင်းကိုမှ အခြေတည်ပြီး မာနတက်စရာမလိုပါဘူး။ တက်တုံသက်တုံ ဖြစ်နေတဲ့ လောကကြီးဟာ အတည်တကျအားကိုးစရာ မရှိပါဘူးလို့ သိသင့်ပါတယ်။

ကဲ ကဲ သမီးလိမ္မာ မရှစာကလေး ဘာပြောသလဲ၊ ဆက်ပြောကြရအောင်။ မရှစာက 'ခမည်းတော်မင်းကြီး စဉ်းစားပါဦး။ အခုလိုထီးနန်းအလယ်မှာ အလွန်ချောမောလှပတဲ့ မိဖုရားကြီးအပြင် မိဖုရားငယ်များ၊ အလုပ်အကျွေးများဟာ အလွန်လှပစွာ ဝတ်စားဆင်ယင်ပြီး ခမည်းတော်မင်းကြီးကို ခစားနေကြပါတယ်။ အဲသည်လို ခမည်းတော်ရထားတဲ့စည်းစိမ်ဟာ ဘာ့ကြောင့်ရတာလဲ၊ စဉ်းစားကြည့်ပါဦးတော့' လို့ ပြောပါသတဲ့။

သမီးရေ မရှစာကလေးက ခဏလောက်သာနေပြီး သူ့ခမည်းတော်ကို နားချတာမဟုတ်ဘူးတဲ့ကွယ်။ မနက်ကစပြီး ညအထိ နားချတာပါတဲ့။ ကြားထဲမှာတော့ စားတာ



သောက်တာတွေ ပါမှာပေါ့ကွယ်။ အဲ ညဘက်ရောက်တော့လည်း တစ်ညလုံး သူ့ခမည်းတော်ကို နားချပါသတဲ့။ စကားတွေကတော့ ထပ်နေမှာပဲပေါ့။ တစ်ခါတစ်ရံလည်း သူ့ခမည်းတော်က ငြင်းဆိုတဲ့စကားကို ပြောချင်ပြောမှာပေါ့။ ဒါပေမဲ့ သမီးတော်ကတော့ ကိုယ်တိုင်ကိုယ်ကျ သူတစ်ပါးသားမယားကို ကျူးလွန်ထားလို့ ခံစားခဲ့ရတာတွေကို မြင်မြင်နေပြီး ခမည်းတော်ကို သူ့လိုမခံစားစေချင်လို့ နားချနေတာကိုး။ မမောနိုင်မပန်းနိုင် ဖြစ်နေတာပေါ့။

သူပြောတဲ့စကားကလည်း ထပ်နေပါတယ်။ ခမည်းတော်မင်းကြီး

၁။ မိစ္ဆာဒိဋ္ဌိတက္ကတွန်းစကားကို မယူပါနဲ့၊

၂။ ပစ္စုပ္ပန်လောကဆိုတာလည်း ရှိတယ်၊

၃။ တမလွန်လောကဆိုတာလည်း ရှိတယ်၊

၄။ ကုသိုလ်ကံ အကုသိုလ်ကံအကျိုး ဆိုတာလည်း ရှိတယ်။

၅။ ကလျာဏမိတ္တဖြစ်တဲ့ သမီးတော်တို့လို လူမျိုးရဲ့ စကားကို နားထောင်ပါလို့ ပြောပါသတဲ့။

သမီးတော်ကလည်း ခမည်းတော် မိစ္ဆာအယူကနေပြီး ကျွတ်လွတ်သွားအောင် အမျိုးမျိုးပြောပါတယ်။ ဥပမာတွေကိုလည်း ကိုယ်တွေ့နဲ့ထင်ဟပ်ပြီး ပြောပြီးပါပြီ။ မင်းကြီးကတော့ သမီးတော်စကားကို နှစ်နှစ်ခြိုက်ခြိုက်တော့ နားထောင်ပါတယ်။ သားသမီးစကားကို မိဘများနားမှာ ခါးတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာထင်ပါ့မလဲ။ သမီးက ပြောတတ်လိုက်တာ သူပြောတာကို ငါလက်မခံနိုင်ပေမယ့် သူ့ပဲပြောပြောတတ်ပလေတယ်ကွယ်လို့ ဖခင်တစ်ဦးရဲ့ ချစ်ခြင်းနဲ့ ကြည်နူးချီးကျူးနေမှာ ဖြစ်ပါတယ်။

အမေတို့သားသမီးဘဝမှာလည်း မိခင်များက သားသမီးအားကို ယူပြီး ခင်ပွန်းသည်များကို ထိန်းတတ်ပါတယ်။ ကောင်းတဲ့ဘက်ကို ညွှတ်အောင် အမေက တိုက်တွန်းလို့မရရင် သမီးရယ် ညည်းအဖေကို ပြောလိုက်စမ်းပါအေ၊ အလုပ်တွေဘက် သိပ်စိတ်ရောက်နေတာ ဝါတွင်းမှာတော့ အချိန်ရအောင်ယူပြီး ဥပုသ်ကလေးဘာလေး စောင့်ဖြစ်အောင် စောင့်ပါဦးလို့ ပြောလိုက်ပါသမီးရယ်၊ သားသမီးစကားဆိုရင် ဖခင်က နားဝင်တတ်ပါတယ်လို့ ပြောတတ်ပါတယ်။ အဖေများက နားဝင်တာလည်းရှိပါတယ်။ နားမဝင်တာလည်း ရှိတာပေါ့လေ။ သို့သော် သားသမီးစကားကို မိဘများ နားခါးတယ်လို့ ဘယ်တော့မှ မရှိတာအမှန်ပါပဲ။

ရှစာမင်းသမီးတော့ ကျဉ်းထဲကျပ်ထဲကို ရောက်နေပါပြီ။ ခမည်းတော်ကြီးက သူ့စကားကို ရပ်တော့လို့လည်း မတားပါဘူး။ ထို့အတူပါပဲ၊ လက်လည်းမခံပါဘူး။ ခမည်းတော်က ရှစာဒေဝီရဲ့စကားကို နားထောင်မှသာ သူလိုက်စားနေတဲ့ မကောင်းမှုတွေကို ဆက်မလုပ်ဘဲနေမှာကိုး။ အဲသည်လို ဆက်မလုပ်ဘဲနေမှ ပြည်သူပြည်သားတွေ ထထိတ်ထိတ်တလန့်လန့်နဲ့ နေရတဲ့ဘေးက လွတ်မှာပါပဲလို့ မျှော်လင့်ချက်ထားနိုင်မှာကိုး။



ပြည်သူပြည်သားအများကလည်း သမီးတော်ရှစာဒေဝီကို သိပ်ယုံကြည်တာပါပဲ။ ရှစာဒေဝီကို ခမည်းတော်က သိပ်ချစ်တာဆိုတဲ့ သတင်းကလည်း ပြန့်နေမှာကိုး။ တစ်ပြည်လုံးက ရွှေနန်းတော်ကြီးက သတင်းကိုစောင့်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ စကားတွေပြောနေကြပါသတဲ့။

နန်းတော်ထဲမှာတော့ ရှစာဟာ ခမည်းတော်ကို မစည်းရုံးနိုင်သေးပါဘူး။ ခမည်းတော် ရှစာဒေဝီဘက်ကို မပါရင် ခမည်းတော်လည်း ခုရောနောင်ပါ ဒုက္ခရောက်သွားနိုင်ပါတယ်။ တစ်ပြည်လုံးကတော့ ပြည့်ရှင်မင်း သီလမလုံတဲ့ဒဏ်ကို ခါးစည်းခံပေဦးတော့ပဲ။

○

www.burmeseclassic.com

www.burmeseclassic.com

# အစီအစဉ်နှိုပ်ပြခြင်း



သမီးဖိုးချစ်

ရှစ်ာအဒေဝီက ခမည်းတော်ကို နောက်နောင်မှာ မကောင်းတဲ့အမှုကိစ္စတွေ မပြုတော့ပါဘူး။ ကောင်းတဲ့အမှုတွေကိုပဲ လုပ်ပါတော့မယ်လို့ မပြောပြောအောင် ဝန်မခံ ဝန်ခံအောင် ကြိုးစားပေမယ့် ခမည်းတော်က ဘယ်လိုနည်းနဲ့မှ အယူမှားကို မစွန့်ဘူးဆိုတာ သိလာရပါတယ်။ အဲသည်လို ဖြစ်လာတော့ မင်းသမီးခမျာ အလွန့်ကို စိတ်ဆင်းရဲမှာပါပဲ။

အဲသည်လို စိတ်ဆင်းရဲလာတဲ့အခါမှာ လူတွေဟာ ကိုးကွယ်ရာကို ရှာတတ်ပါတယ်။ တချို့လူတွေဟာ ကိုယ်တိုင်လည်း ကံ ကံ၏ အကျိုးကိုယုံကြည်ပါ၏လို့ ဆိုနေတဲ့ကြားကနေပြီး ကိုးကွယ်ရာ အရှာမှားတတ်ကြတယ်။ အဲဒါကြောင့်လည်း သာသနာရေးကို ဗန်းပြပြီး စားသာတဲ့အကွက်ကို ရှာနေကြတဲ့သူများဟာ ဆရာကြီးတစ်ဆူတွေ ဖြစ်ဖြစ်နေကြတာပါပဲ။ အဲသည်လိုလူမျိုးကို အပြစ်မမြင်သင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုကိုးကွယ်တဲ့သူမရှိရင် သူကဆရာကြီးဖြစ်မလာဘူးပေါ့။ ကိုးကွယ်တဲ့သူများအနေနဲ့လည်း ကံနဲ့ ကံ၏အကျိုးကို တကယ်ယုံကြည်ရင် ဘယ်ဆရာကိုမှ ချဉ်းကပ်စရာ မလိုပါဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com



မရှုစာတို့လို သာသနာ့ပအခါများမှာ အကိုးကွယ်မှား တတ်တာကိုး။ မရှုစာကတော့ မြင်သာထင်သာတဲ့နေရာမှာ ဆရာရှာလို့မရနိုင်တဲ့ သာသနာ့ပအခါ ဖြစ်လေတော့ ဘာလုပ်သလဲသိလား။

အစိဋ္ဌာန်ပြုလိုက်တယ်။ သူကခိုင်ခိုင်မာမာ ယုံကြည်ထားတာ ရှိတယ်လေ။ သူဟာ အမှန်ကိုသာ ပြောတယ်။ သူပြောတဲ့အမှန်စကားကလည်း သာမန်လမ်းဘေးမှာ မြင်တာကို မြင်တဲ့အတိုင်း ပြန်ပြောတဲ့ အမှန်စကားမဟုတ်သေဘူး။ အလွန်အဆင့်မြင့်တဲ့ စကားဖြစ်တယ်။ ဘယ်လိုအဆင့်မြင့်တာလဲ။ ကောင်းမှုအကြောင်းရင်းခံရင် ကောင်းမှုအကျိုးဆက် ရှိတယ်။ မကောင်းမှုအကြောင်းခံရင် မကောင်းမှုအကျိုးဆက်ဆိုတာ ရှိတယ်။ အဲသည်တော့ ကောင်းကျိုးရအောင် ကောင်းမှုကိုသာ ပြုပါလို့ ပြောတာ။ အဲသည်လို အဆင့်မြင့်တဲ့စကားနဲ့ မွေးသဖခင် ကျေးဇူးရှင်က အကျွတ်တရားရအောင် ဟောပြောတာကလည်း ကုသိုလ်ကောင်းမှုဖြစ်နေတယ်။ အများအကျိုးအတွက် ရည်ရွယ်မှန်းထားပြီး စကားပြောတာဖြစ်လို့လည်း ကုသိုလ်ဖြစ်နေတယ်။ ငါဟာ ပြောလို့မရဘူးဆိုပြီး အလွယ်တကူ လက်မလျှော့သင့်ဘူး။ ဖြစ်နိုင်တဲ့နည်းကိုရှာပြီး ခမည်းတော်ကို ကယ်တင်ရမယ်လို့ ဆုံးဖြတ်လိုက်ပါသတဲ့။ ဘယ်လိုနည်းကို



သုံးမလဲလို့ စဉ်းစားလိုက်တော့ ငါဟာ ငါ့သီလကို အားကိုးပြီး အစိဋ္ဌာန်ပြုမယ်လို့ ရှုစာဒေဝီက ဆုံးဖြတ်လိုက်ပါသတဲ့။

မရှုစာကလေး သစ္စာဓိဋ္ဌာန်ပြုတာက ဒီလိုပါတဲ့။ အရပ်ရှစ်မျက်နှာကို ရှိခိုးပါသတဲ့။ ဒါက အရပ်ရှစ်မျက်နှာမှာ ရှိနေတဲ့ သီလကိုစောင့်တဲ့သူ၊ အကျင့်မြတ်များကို အားထုတ်နေတဲ့ သူများကို ရည်မှန်းကာ ရှိခိုးတာဖြစ်ပါတယ်။

နောက်ပြီးတော့ အရပ်ရှစ်မျက်နှာမှာ လူတို့ကိုးကွယ်ဆည်းကပ်ရာဖြစ်တဲ့ တရားကိုစောင့်တဲ့ ရဟန်းပုဏ္ဏားတို့လည်း ရှိပါတယ်။ လူ့အပေါင်းကိုစောင့်ရှောက်နေတဲ့ နတ်မင်း၊ ဗြဟ္မာမင်းတို့လည်း ရှိပါတယ်။ ထိုရဟန်း ပုဏ္ဏား နတ်ဗြဟ္မာတို့ ဤနေရာသို့ လာရောက်တော်မူကြပြီးတဲ့နောက် ခမည်းတော်ကို မိစ္ဆာအယူက ချွတ်ပြီး လူ့အပေါင်းတို့အတွက် ချမ်းသာကို ဆောင်ပေးတော်မူကြပါ။ ခမည်းတော်မှာ ထောက်ထားစရာ ဂုဏ်ကျေးဇူးမရှိပေမယ့် ကျွန်ုပ်စောင့်ထိန်းတဲ့ သီလနဲ့ ဟုတ်တိုင်းမှန်ရာဆိုတဲ့ သစ္စာစကားကိုထောက်ထားပြီး လာတော်မူကြပါလို့ နှုတ်ကမြွက်ဟပြီး ဆိုပါသတဲ့။

ကိုင်း မသမီးလေး အခါတိုင်းမေးခွန်းတွေ မေးတော်သလို သမီးတို့လည်း သစ္စာဆိုလို့ရသလားအမေရို့ သမီးမေးတော့မှာ မဟုတ်ပါဘူး။ သမီးက ဘွားဘွားဆိုဆုံးမသမျှကို

www.burmeseclassic.com

www.burmeseclassic.com



နာခံထားတဲ့ သမီးကလေးကိုး။ ဘွားဘွားက သစ္စာစကားကို သိပ်ယုံတာ၊ အမေတို့ ငယ်ငယ်ကလေးကတည်းက အမှန်ကို အမှန်ဖြစ်ပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် ဆိုပြီး အလိုရှိအပ်တဲ့ ဆုကိုတောင်းလို့ ရတယ်ဆိုတာ သင်ပေးခဲ့ပါတယ်။

တစ်ခုတော့ရှိတာပေါ့လေ။ ကိုယ့်မှာ အမြဲတစေ စောင့်ထိန်းအပ်တဲ့ သီလ သစ္စာတရားများမရှိဘဲနဲ့တော့ အဓိဋ္ဌာန်တွေ တင်လို့ရမှာ မဟုတ်ပါဘူး။ ဤမှန်သော သစ္စာစကားကြောင့်လို့ ဆိုလို့မှမရတာကိုး။ နောက်ပြီးတော့ အပျင်းပြေဆိုသလို ခုတင်ခု သစ္စာဆိုနေလို့လည်း ပြည့်မှာမဟုတ်ပါဘူး။ ကိုယ်စွမ်းကိုယ်စထုတ်ပြီး ဖြေရှင်းလို့ရသမျှကို ကိုယ့်ဘာသာကိုယ် ဖြေရှင်းကြရမှာကိုး။

သစ္စာဆိုပြီး အဓိဋ္ဌာန်ပြုတာက တကယ့်ကို ကိုယ်စွမ်းဉာဏ်စွမ်းနဲ့မရတဲ့ ကိစ္စလည်းဖြစ်ရမယ်။ ပြီးတော့ အမှန်တကယ်လည်း မြင့်မြတ်ပြီး အများအကျိုးရှိမယ့်ကိစ္စလည်းဖြစ်ရမယ်ပေါ့။ အဲသည်တော့ သစ္စာဓိဋ္ဌာန်ဟာ တကယ့်တကယ်မိမိသီလကို ယုံကြည်တယ်၊ ကောင်းရာကောင်းကြောင်း လုပ်တဲ့နေရာမှာ တကယ့်ကို အခက်အခဲနဲ့ တွေ့နေရတယ်ဆိုရင် ဘယ်သူမဆို အဓိဋ္ဌာန်ပြုလို့ရပါတယ်ဆိုတာ သမီးဖိုးချစ်သိပြီးသားဖြစ်မှာ သေချာပါတယ်။



သမီးရေ အမေက အခု သမီးလိမ္မာ မရှစာကို ရေးနေတဲ့ အချိန်အတောအတွင်းမှာ ဆရာတော်သာမဏေကျော် ရေးသားတဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ တစ်ဘဝတာခရီး စာအုပ်ကို ဖတ်ပြီးခါစ ဖြစ်ပါတယ်။ စာမျက်နှာ ၅၉ က ၆၃ အထိရေးထားတဲ့ နှစ်ခါကြားဖူးတဲ့ စကားတစ်ခွန်းဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးကတော့ သစ္စာဆိုခြင်းနဲ့ သက်ဆိုင်ပါတယ်။ ရွှေတောင်ကုန်းဆရာတော်ကြီးက သစ္စာဆိုပြီး လိုရာဆုတောင်းအလုပ်လုပ်ဖို့ ဆရာတော်သာမဏေကျော်ကို တိုက်ရိုက်အမိန့်ရှိဖူးတာက တစ်ခါပါ။ နောက်တစ်ခါကတော့ ဒကာမကြီးတစ်ယောက်ကို ဆရာတော်က အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ သစ္စာဆို ဆုတောင်းပြီး အလုပ်လုပ်ဖို့ မိန့်ကြားဆုံးမနေတာကို ဆရာတော်သာမဏေကျော်က ကြားခဲ့ရတာဖြစ်ပါတယ်။

ဆရာတော်သာမဏေကျော်ကလည်း သူ့သစ္စာဆိုတဲ့ အကြောင်းကို ရေးထားတာ စိတ်ဝင်စားစရာပါပဲ။ *'ကိုယ့်ဘဝမှာ အခက်အခဲတွေပေါ်လာတဲ့အခါ သစ္စာဆိုကြည့်ပါတယ်။ ကိုယ့်မှာလည်း သစ္စာဆိုနိုင်လောက်အောင် အားကောင်းတဲ့ အရည်အသွေးတွေ ရှိနေတာပဲ။ ကိုယ့်ရဲ့ဖြူစင်မြင့်မြတ်တဲ့ လုပ်ငန်းတွေက သစ္စာဆိုတဲ့အခါမှာ စိတ်အင်အားကို များစွာ*

www.burmeseclassic.com

www.burmeseclassic.com



ပေးပါတယ်။ တွေ့ကြုံနေရတဲ့ အခက်အခဲကိုလည်း ရင်ဆိုင်ကျော်လွှားဖို့ ရဲဝံ့လာပါတယ်။ ရှေးကရော ယခုပါ ပြုထားတဲ့ ကောင်းတဲ့လုပ်ငန်းမျိုးကို တိုးပြီးလုပ်လိုတဲ့စိတ်တွေလည်း ပေါ်လာတယ်။ ကောင်းတဲ့စိတ်ထားနဲ့ ပြုလုပ်ပြောဆိုသမျှတွေ ပိုပြီးကောင်းဖို့ လိုအပ်တယ်ဆိုတာကိုလည်း နားလည်လာတယ်။ အရေးအကြောင်းရှိလာရင် တကယ်အားကိုးစရာဖြစ်လာရတာကိုလည်း သိလာတယ်။ ဒါကြောင့် ကောင်းတဲ့စိတ်ဓာတ် ကောင်းတဲ့အလုပ် ကောင်းတဲ့အပြောတွေကို ပိုပြီးအားကိုးချင်လာတယ်။ တန်ဖိုးကိုလည်း ပိုပြီးသဘောပေါက်လာတယ်။ တန်ဖိုးသိတော့ ပိုပြီးမြတ်နိုးလာတယ်။ အရသာရှိလာတယ်'တဲ့။

အမေပြောချင်တာက အဲဒါပါပဲ။ ဆရာတော့် စာပိုဒ်ထဲမှာပါတာက စိတ်အင်အားက သစ္စာဆိုလိုက်မှ ပိုပြီးပြည့်လာတာ ဘာကြောင့်လဲ၊ ကိုယ်လုပ်ထားတဲ့ အလုပ်တွေရဲ့မှန်ကန်မှု ဖြူစင်မြင့်မြတ်မှုကို ပိုပြီးထင်ရှားရှင်းလင်းစွာ သိလာရတယ်။ ပိုကောင်းအောင် ကြိုးစားသင့်တယ်လို့ အမှန်အတိုင်းမြင်လာရတယ်။ ကောင်းတဲ့အလုပ် ကောင်းတဲ့အပြော ကောင်းတဲ့စိတ်ကို ပိုပြီးအားကိုးချင်လာတယ်။ အဲဒါကိုက စိတ်အင်အားကိုပေးနိုင်တဲ့ တွန်းအားဖြစ်တယ်သမီးရဲ့။ ကောင်းတာကိုလည်း



လုပ်ခဲ့တယ်၊ အခုလည်းလုပ်တယ်၊ နောင်လည်း ဆက်ကာလုပ်ဖို့ဆန္ဒထက်သန်တယ်ဆိုတဲ့လူကတော့ သစ္စာဆိုပြီး ဆုတောင်းရင် ပြည့်မှာပါပဲ။ ကဲ သစ္စာဆိုစရာ မရှိသေးရင်လည်း လိုတဲ့အခါ အားကိုးဖို့ဆိုတာ သီလနဲ့ သစ္စာပဲဆိုတာသိပြီး အားဖြည့်ထားစို့လား သမီးရေ။

အဲဒီလို ရှစာဒေဝီသစ္စာဆိုတဲ့အချိန်မှာ ဘုရားအလောင်းတော်ဟာ ဗြဟ္မာ့ပြည်မှာ ရောက်နေပါသတဲ့။ နာရဒ အမည်နဲ့ဗြဟ္မာဖြစ်နေတာပါတဲ့။ သမီးသတိထားမိလိမ့်မယ် ထင်ပါတယ်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှာ များသောအားဖြင့် မြတ်စွာဘုရား အလောင်းတော်အကြောင်းဟာ ဇာတ်တော်ရှေ့ပိုင်းမှာကတည်းက ပါတတ်ပါတယ်။ အခုနာရဒဇာတ်မှာမှ အရှင်အာနန္ဒာအကြောင်းဟာ ရှေ့ဘက်ကလာပြီးမှ မြတ်စွာဘုရားအလောင်းတော် အမည်က အခုမှပေါ်လာတယ်။

သမီးက ဘွားဘွားဆီက ဇာတ်တော် နိပါတ်တော်များနဲ့ပတ်သက်ပြီး ကြားထားတာများတော့ အံ့သြမယ် မဟုတ်ပါဘူး။ စာဖတ်နေတဲ့ သားတို့သမီးတို့အထဲမှာလည်း သာသနာရေးနဲ့ အကျွမ်းတဝင်ရှိပြီးသားဆိုရင်ဖြင့် အရှင်အာနန္ဒာအကြောင်းကို နာရဒဇာတ်တော် ပထမပိုင်းမှာ ဖတ်ရတယ်ဆိုတာ သိမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်သမီးရဲ့၊ ရစာဒေဝီဟာ အရှင်အာနန္ဒာ အလောင်းအလျာဖြစ်ပါတယ်။ ဗုဒ္ဓသာသနာတော်မှာ ဘယ်သူကမှ ဖန်ဆင်းတာမဟုတ်ဘဲ မိမိရဲ့ကုသိုလ် အကုသိုလ်အကျိုးများအလိုက် ခံစံနေကြရတယ်လို့ တကယ့်ကို အကြောင်းအကျိုးဆက်စပ်ပုံ ခိုင်မာစွာနဲ့ မိန့်ဆိုဟောပြောထားတာ ဒီနေရာမှာ သက်သေပါပဲ။

အရှင်အာနန္ဒာ အလောင်းအလျာဟာ မြတ်စွာဘုရားကို အလုပ်အကျွေးပြုတဲ့ ရဟန်းဖြစ်ချင်လို့ ဆုတောင်းပြီး ပါရမီဖြည့်လာတာ ကမ္ဘာတစ်သိန်းတောင်ရှိပြီတဲ့ကွဲ့။ ဒါပေမဲ့ သူကပုထုဇဉ်ပဲကိုး။ သံသရာမှာ ဘဝတွေက မရေတွက်နိုင်လောက်အောင်များပြားလေတော့ တစ်ခုသောဘဝမှာ ပန်းထိမ်သည်သားဖြစ်ပြီး မှားခဲ့တာပဲ။ ကိုယ့်လူမှားရင် မှားတဲ့အပြစ်ပေးစရာမလို၊ ဒါမှမဟုတ် ညာညာတာတာ လုပ်ပါကွယ်တို့ ရယ်လို့ မျက်နှာလိုက်ပေးမယ့်သူလည်းမရှိ။ ကိုယ့်အမှု ကိုယ်ပြန်ပြီးခံရတာပဲ။ ကောင်းတာပြုမိရင်လည်း ကောင်းကျိုးကိုစံရမယ်။ မကောင်းတာပြုမိရင်လည်း မကောင်းကျိုးကို ခံရမယ်ပေါ့။ တစ်ဖြောင့်တည်း တစ်သမတ်တည်းပါပဲ။

အမေနာကြားနေရတဲ့ ရွှေတောင်ကုန်းဆရာတော်ကြီးဟောတော်မူတဲ့ စက်လေးပါးတရားထဲမှာပါတဲ့ တရား တစ်



ကြောင်းကို အမေသတိရမိတယ်ကွယ်။ 'အနည်းဆုံး သောတာပန်အရိယာ မဖြစ်သေးသမျှ အတ္တသမ္မာပဏိဓိစက် ပျက်နိုင်တယ်။ စိတ်မချရသေးဘူး။ အဲဒီလို ပျက်နိုင်လို့ ကနေ့ သူတော်ကောင်း နောက်နေ့ သူယုတ်မာဖြစ်သွားနိုင်တတ်တာပေါ့' ဆိုတဲ့ တရားတစ်ကြောင်းကို သတိရပြီး ကြောက်စရာ ကောင်းလိုက်တာလို့ အမေတွေးမိတယ်။

၀



www.burmeseclassic.com

www.burmeseclassic.com

## နာရဒဗြဟ္မာမင်း တရားဟောခန်း



သမီးကြည်ကြည်ရေ

ဒီတစ်ခါတော့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဆရာမြသန်းတင့်ကို သတိရသောအားဖြင့် သူက သမီးကိုခေါ်လေ့ရှိသလို ကြည်ကြည်ရေ လို့ခေါ်လိုက်ပါတယ်။ လူကြီးသူမများဟာ အဲသည်လိုပဲ ကလေးများကို ချစ်စနိုးခေါ်တတ်ကြသကွဲ့။ သူ့နည်းနဲ့သူ ချစ်ခင်ခြင်းကို ဖော်ကျူးတာပေါ့ကွယ်။

နာရဒဗြဟ္မာမင်း တရားဟောတဲ့အခန်းကို ပြောကြရအောင်နော်။ နာရဒဗြဟ္မာမင်းက ဗြဟ္မာလည်းဖြစ်တယ်၊ မူလကတည်းက သတ္တဝါများကို သနားလွန်းလို့ သတ္တဝါတို့ကို ကောင်းစေချင်လွန်းလို့ ဘုရားဆုပန်ခဲ့တဲ့ မြတ်စွာဘုရားအလောင်းတော်လည်း ဖြစ်တယ်ဆိုတော့ မေတ္တာ ကရုဏာနဲ့ ကောင်းသူကို ကောင်းတဲ့အလျောက် ကူညီနိုင်ဖို့ မကောင်းသူကိုလည်း မကောင်းတဲ့အလျောက် ဆုံးမနိုင်ဖို့ လောကကို ကြည့်လေ့ရှိပါသတဲ့။

မင်းသမီးက အမိဋ္ဌာန်ပြုပြီး ရှိခိုးတော့ ဗြဟ္မာမင်းကလည်း အကျိုးအကြောင်းကို ဆင်ခြင်ရတာပေါ့။ ဆင်ခြင်ပြီးငါအခုလူ့ပြည်ကိုဆင်းမှ ရစာကိုလည်း ကူညီနိုင်မယ်။ မင်းကိုလည်း လမ်းမှားကို ဦးစိုက်ကျွမ်းပြန်ပြီး မကျရောက်ရအောင် တားမြစ်နိုင်မယ်။ ပြည်သူပြည်သားအများကိုလည်း ချမ်းသာရာရစေနိုင်မယ်လို့ စဉ်းစားပြီး လူ့ပြည်ကိုဆင်းဖို့ ပြင်ပါသတဲ့။

www.burmeseclassic.com



ပြဟ္မာကလည်း တန်းပြီးဆင်းခဲ့ရင် ပြီးရဲ့သားနဲ့ ဘာဖြစ်လို့ ပြင်နေရတာလဲ။ ဘယ်လိုပြင်ရတာလဲလို့ မေးချင်ပြီလား။ ဒီလိုပါကွယ်။ သူက လိုရင် တရုံနဲ့ ပြီးပြည့်စုံစေတဲ့ တန်ခိုးရှိတဲ့သူတွေပါပဲ။ လူ့ပြည်လည်း အကြောင်းကတကယ် အရေးကြီးမှဆင်းတာကိုး။ ပြဟ္မာ့ကိုယ် ပြဟ္မာ့တန်ဆာကြီးနဲ့ နေရာတကာ ဆင်းသွားလို့လည်း မသင့်တော်ပေဘူးကွဲ့။ သူ့နေရာနဲ့ သူ့တန်ဆာနဲ့ ကိုက်ညီမှလည်း လုပ်ငန်းဆောင်တာ ပြီးပြည့်စုံမှာကိုး။

အမေကတော့ စာရေးနေရင်း တစ်ခုကိုသွားပြီး သတိရပါတယ်။ တစ်ခါတုန်းက တက္ကသိုလ်မှာ ဆရာများ တိုက်ပုံအနက်ဝတ်ပြီး ခေါင်းပေါင်း ပေါင်းချင်ပေါင်း။ ဘွဲ့ဝတ်စုံကို ဝတ်ချင်ဝတ်။ အဲသည်လို တက္ကသိုလ်ဆရာပီပီ စာသင်ခန်းကို ဝင်ရမယ်ဆိုတော့ ဆရာတစ်ယောက်က ဘောင်းဘီနဲ့ ဘွဲ့ဝတ်စုံနဲ့ စာသင်ခန်းကို ဝင်ပါတယ်။ အဲသည်လို သူ့နေရာနဲ့သူ သတ်မှတ်ပြဋ္ဌာန်းချက်အတိုင်း ဝတ်တာ အပြစ်ဆိုစရာမဟုတ်ပါဘူး။ ကြည့်လို့လည်း မဆိုးပါဘူး။ ဒါပေမဲ့ သူဟာ စာသင်ခန်းကနေ ဆရာများနားနေတဲ့အခန်းကို ပြန်ရင်တော့ အဲဒီဘွဲ့ဝတ်စုံကြီးကို ချွတ်စရာမလိုပါဘူး။ ကိုယ့်နားနေခန်းရောက်မှပဲ ချွတ်ပေါ့။ ဒါပေမဲ့ ကိုယ့်ဆရာက ကလေးများကို ကျောင်းသွားကြိုရတဲ့ အပြင်အထိ သူ့ဝတ်စုံကို မချွတ်ဘဲနဲ့ ကလေးများကို သွားသွားကြိုပါသတဲ့။ အမေက ကြားရုံတင်မကဘူး။ ကြုံကြိုက်လို့ မြင်တောင်မှမြင်ဖူးလိုက်တာ။ ကလေးများ



ထွက်လာမယ့် စကြံအပေါက်ဝမှာ လူစုထဲ တိုးတိုးဝှေ့ဝှေ့နဲ့ ဘွဲ့ဝတ်စုံကြီးကိုဝတ်လို့ အိုက်ကလည်း အိုက်သနဲ့။ လူတွေကလည်း ကြောင်လိုက်တာကွယ်ဆိုတဲ့ အကြည့်နဲ့ကြည့်လို့။ အဲသည်လိုမျိုးတော့ သူ့နေရာမဟုတ်တာ မဝတ်သင့်ဘူးပေါ့နော်။

နာရဒပြဟ္မာမင်းကလည်း အဲဒါကြောင့် ဘယ်လိုအသွင်ကိုယူပြီး အင်္ဂတိရဲ့နန်းတော်ကို သွားရမလဲလို့ တွေးတောတာပါ။ နောက်တော့ မင်းကိုဆုံးမရမယ့်သူဟာ ရဟန်းအသွင်နဲ့သွားမှ သင့်မယ်လို့ ကြံစည်မိလို့ ရဟန်းအသွင်နဲ့ သွားပါသတဲ့။ ရဟန်းအသွင်နဲ့သွားရင် လူတွေက အလေးအမြတ်ပြုတတ်ကြတယ်၊ ဒါကြောင့်မို့ ဖန်ရည်စွန်းတဲ့သင်္ကန်းကို ဝတ်သွားတယ်လို့ဆိုပေမယ့် အမေတို့သာသနာ ထွန်းလင်းတဲ့ကာလက ရဟန်းအသွင်တော့ မဟုတ်ပေဘူးပေါ့သမီးရယ်။ ဆံကျစ်ကို ခေါင်းပေါ်မှာ အဝန်းအဝိုင်းဖွဲ့တာလည်းပါတယ်။ သစ်နက်ရေကိုလည်း ပခုံးပေါ်မှာတင်ထားတယ်၊ လက်မှာလည်း ပုလဲဆိုင်းကဲ့သို့သော ကရားကို ကိုင်ထားတယ်ဆိုတော့ ရသေ့အသွင်ပေါ့လေ။ သာသနာပက ကောင်းတဲ့အကျင့်ကို ကျင့်နေတတ်ကြတဲ့ သူတော်ကောင်း ရသေ့ရဟန်းများအသွင်ကိုယူပြီး သွားတယ်လို့ ဆိုရမှာပေါ့။

နာရဒပြဟ္မာက ကောင်းကင်ပြင်မှာ လဝန်းလိုထွန်းပြီးမှ အင်္ဂတိမင်းကြီးနဲ့ မင်းပရိသတ်ရှိနေတဲ့ စန္ဒကနန်းပြာသာဒ်ထဲဝင်ပြီး ကောင်းကင်ပြင်မှာပဲ တည်နေတာပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရုစာကတော့ သူ့အစ်ဥ္စာန်ပြည့်ပြီဆိုပြီး အတော့်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမှာပါပဲ။ ရသေ့အသွင်ကိုမြင်တာနဲ့ ရုစာက ရှိခိုးပြီးနေပါတယ်တဲ့။ အင်္ဂတိကတော့ မင်းတို့ စံရာသလွန်ထက်မှာ မနေဝံ့တော့ဘဲ အောက်ဘက်ကိုလျှောဆင်းပြီး နေပါသတဲ့။ ရှိခိုးခြင်းတော့မပြုဘူးပေါ့လေ။ သို့သော်လည်း မေးခွန်းတော့ မေးပါသတဲ့။

'နတ်နဲ့တူတဲ့ရှင်ရသေ့ ပတ်ဝန်းကျင်ကို လရောင်နဲ့ ထွန်းတောက်စေပြီးတဲ့နောက် ဘယ်အရပ်ကလာသလဲ။ အသင်လာခဲ့တဲ့အရပ်ကို ကျွန်ုပ်ကို ပြောပါလော့။ သင့်ကို လူ့ပြည်မှာ ဘယ်လိုခေါ်ကြသလဲ၊ ဘယ်သူလို့သိကြသလဲ' လို့ မေးပါသတဲ့။

နာရဒဗြဟ္မာက 'မင်းကြီး ငါဟာ နတ်ပြည်ကနေပြီး ပတ်ဝန်းကျင်အရပ်တို့ကို လရောင်နဲ့လင်းစေပြီးတော့ လာတယ်။ ငါ့အမျိုးအမည်ကတော့ နာရဒ သို့မဟုတ် ကဿပလို့ လူတို့ကသိကြတယ်' လို့ ဆိုပါသတဲ့။

အင်္ဂတိမင်းကြီးက နောင်တမလွန်ဘဝကို မေးချင်ပေမဲ့ နောက်မှမေးမယ်။ အခုတော့ တယ်ပြီးတန်ခိုးကြီးတဲ့သူ ဖြစ်တယ်။ တန်ခိုးဘယ်လိုရသလဲလို့ မေးဦးမှပဲလို့ဆိုပြီး မေးလိုက်ပါသတဲ့။ 'သင်ဟာ ကောင်းကင်မှာ သွားလည်းသွားတယ်။ ရပ်လည်းရပ်တယ်။ အသင်ဟာ အံ့ဩစရာကောင်းလိုက်တာ၊ နာရဒရသေ့ ရှင်ရသေ့ ဘာဖြစ်လို့ သင်ကဘာလုပ်ခဲ့လို့ ဒီလို တန်ခိုးတွေ ရတာတုံး' လို့ မေးလိုက်ပါသတဲ့။



နာရဒဗြဟ္မာက 'ငါဟာ ရှေးတမလွန်ဘဝက သစ္စာဆိုတဲ့ မှန်ကန်ခြင်းကိုလည်းကောင်း၊ တရားဓမ္မကိုလည်းကောင်း၊ ဣန္ဒြေဆုံးမခြင်းကိုလည်းကောင်း၊ ပေးကမ်းစွန့်ကြဲခြင်းကိုလည်းကောင်း ဤလေးပါးသော တရားတို့ကို ပြုခဲ့ဖူးတယ်။ အဲသည်လို ပြုခဲ့ဖူးတဲ့ကောင်းမှုကြောင့် သည်လိုတန်ခိုးတွေဖြစ်ပေါ်လာတာပဲ။ အဲသည်လို ပြုခဲ့ဖူးတာကြောင့်လည်း ငါက စိတ်နဲ့တောင့်တတိုင်း ပြီးတာပဲ၊ ဖြစ်တာပဲ' လို့ ဖြေပါသတဲ့။

အင်္ဂတိမင်းကြီးကတော့ ရှင်ရသေ့ တန်ခိုးကြီးတယ်ဆိုတာလည်း သိတယ်။ မျက်မြင်ပဲ။ သူက ဘာကြောင့်တန်ခိုးကြီးတာလဲလို့ မေးတော့ ရသေ့အသွင်ယူထားတဲ့ ဗြဟ္မာမင်းကလည်း ကုသိုလ်အကျိုးကြောင့်လို့ဖြေတယ်။ အမှန်ကို ဖြေတာပဲ။ ဒါပေမဲ့ သူ့စိတ်ထဲမှာ တမလွန်ဘဝမရှိဘူးလို့ စွဲစွဲမြဲမြဲကြီးကို လက်ခံထားတာဆိုတော့ တမလွန်လည်းမရှိဘဲနဲ့ ကုသိုလ်အကျိုး ဘယ်လိုရှိမှာလဲလို့ သူကဆိုချင်ပါသတဲ့။

အဲသည်တော့ သူက 'ရှင်ရသေ့ အသင်ကတော့ ကောင်းမှုအကြောင်းကို စိတ်ဝင်စားစဖွယ် အံ့ဩစဖွယ် ဟောပြောတာပဲ။ တကယ်လို့ကောင်းမှုအကျိုးဆိုတာ ရှိခဲ့ရင် ကျွန်ုပ်ကိုပြပါလား' လို့ ပြောလိုက်ပါသတဲ့။ တကယ်တော့ သမီးရယ် သူကမယုံတဲ့သူဆိုတော့ မေးတဲ့စကားက ရိုးရိုးမဟုတ်ဘူး။ သရော်တဲ့သဘော ပါနေတယ်။

နာရဒရသေ့က 'မင်းကြီး သင်ဟာ ယုံမှားသံသယကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ စွဲပြီးလေးလေးမြတ်မြတ်ထားတယ်။ အဲသည်တော့ သင့်စိတ်ထဲမှာရှိတဲ့ သံသယဖြစ်နေသမျှ ပြဿနာတွေကို မေးပါ။ ငါက နည်းအမျိုးမျိုးနဲ့လည်း ရှင်းပြနိုင်ပါတယ်။ အကြောင်းနဲ့အကျိုးဆက်စပ်ပြီးလည်း ရှင်းပြနိုင်ပါတယ်’ လို့ ပြောပါသတဲ့။

အဲသည်လို မေးခွန်းမေးခွင့်ကို ပေးတော့ တစ်နည်းဆိုရင် မေးခွန်းကိုဖိတ်ခေါ်လိုက်တော့ မင်းကြီးကလည်း သူ့အစောပိုင်းတုန်းက တက္ကတွန်းကိုမေးခဲ့တဲ့ မေးခွန်းနဲ့ ဆင်ဆင်မေးခွန်းကိုပဲ ပြန်မေးပါတယ်။ မေးခွန်းမေးတဲ့အခါမှာလည်း သူမေးတဲ့မေးခွန်းကို ဟုတ်တိုင်းမှန်စွာဖြေပါ။ သူ့ကိုလည်း ပြက်ရယ်ခြင်းမပြုပါနဲ့။ လူတွေက နတ်လည်းရှိတယ်။ အမိအဖလည်း ရှိတယ်။ ပစ္စုပ္ပန်လောက တမလွန်လောကလည်း ရှိတယ်လို့ပြောကြတယ်။ အဲသည်လိုပြောတာက မှန်သလားလို့ မေးတာ ဖြစ်ပါတယ်။

တကယ်တော့ သူကိုယ်တိုင် ဖခင်လည်းဖြစ်တယ်။ လိမ္မာရေးခြားရှိပြီး ချစ်စရာကောင်းတဲ့ သမီးတစ်ယောက်လည်းရှိတယ်။ သူကိုယ်တိုင်ကလည်း သမီးကို လွန်စွာချစ်ခင်မြတ်နိုးပြီး လိုတာပေးကာ ပြုစုထားတယ်။ အဲဒါနဲ့တောင်မှ သူက အမိအဖဆိုတာ ရှိသလားလို့ မေးနေသေးတယ်။ တော်တော်တော့ ခက်တာပဲ။ အစွဲများတော့ အလွဲများတွေနဲ့ ရစ်ပတ်ချည်နှောင်ထားတာကို ခံနေရတာပေါ့ကွယ်။

ရသေ့အသွင်ယူထားတဲ့ ဗြဟ္မာက ‘မင်းကြီး လောက



မှာ နတ်လည်းရှိတယ်။ အမိအဖလည်းရှိတယ်။ ပစ္စုပ္ပန်လောကရှိသလို တမလွန်လောကလည်း ရှိတယ်။ လူတွေက ကာမဂုဏ်ကိုမက်မောပြီး တွေဝေနေလွန်းတာကြောင့် တမလွန်လောကကို မသိမမြင်နိုင်တာ’ လို့ ဖြေပါသတဲ့။

အဲဒီလို နာရဒဗြဟ္မာက ဖြေတော့ အင်္ဂတိမင်းကြီး ပြက်ရယ်ပြုတဲ့ စကားတစ်ခွန်းပြောတယ် သမီးရဲ့၊ သူမေးတုန်းကတော့ ပြက်ရယ်စကားကိုမဆိုနဲ့လို့ ပြောထားတာနော်။ ဘယ်လိုပြက်ရယ်စကားလည်းဆိုတော့ ‘နာရဒရသေ့ (သူက ရသေ့လို့ပဲ မြင်ပြီးပြောတာကိုး) သင်က တမလွန်မှာ သေသွားတဲ့ လူတွေနေတဲ့ ဘုံဗိမာန်ရှိနေတယ်။ သေသူတို့ နေတဲ့ ကမ္ဘာရှိနေတယ်လို့ ယုံသလား။ အဲသည်လိုယုံရင် အခုသင်က ငါ့ကို ငွေငါးရာချေးထားပေလေ။ ငါကသင့်ကို နောက်ဘဝကျ တစ်ထောင်ဆပ်မယ်။ ကဲ သဘောတူသလား’ လို့ ပြောတာကွဲ့ သမီးရဲ့။

အဲဒီစကားကို ဖတ်ရင်းရေးရင်း သမီးရဲ့ဘွားဘွားက အမေ့ကိုသင်ဖူးတာကို အမေသတိရတယ်ကွယ်။ သူများက ပိုက်ဆံချေးတာကို ပြန်မပေးရင် စိတ်ထဲကတစ်ခါတည်း အဆုံးထားလိုက်။ နင့်ဆီက ပိုက်ဆံပြန်မရရင် ရအောင် နောက်ဘဝအထိစောင့်တောင်းမယ်လို့ တချို့ပြောတယ်ကွဲ့၊ အဲသည်လိုများ သွားမပြောနဲ့နော်။ ဝစီဘေဒ ထိတိုင်းရှသတဲ့။ သူက အပါယ်ရောက်နေရင် ကိုယ်က ကျွတ်တမ်းဝင်ရမှာတောင် မဝင်နိုင်ဘဲ သူပြန်ပေါ်အလာကို စောင့်နေရတယ်ဆိုရင် ကိုယ့်မှာ အများကြီးနစ်နာမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း အခုနာရဒဗြဟ္မာဖြေပုံကို နားထောင်ကြဦးစို့။

'အသင်မင်းကြီး အသင်ဟာ သီလရှိတဲ့သူ သူ့ကျေးဇူးကို သိတတ်တဲ့သူ သူတော်ကောင်းဆိုရင် အသင်တောင်းတဲ့ ငွေငါးရာကို တစ်ပြားတောင်မှ မလျှော့ဘဲ သင့်ကိုပေးမှာပါပဲ။ အခုတော့ သင်က ကြမ်းကြုတ်တယ်၊ ယုတ်မာတယ်။ မိစ္ဆာအယူကို လွဲမှားစွာ လက်ခံထားတယ်၊ အဲသည်လိုလူမျိုးက နောက်ဘဝမှာ ငရဲကျမှာ အသေအချာပဲ။ အဲသည်လို ငရဲရောက်နေတဲ့သူထံက ငွေတစ်ထောင်ကို ပြန်ရအောင် ဘယ်သူက လိုက်ပြီးတောင်းလို့ ရမှာလဲ' လို့ ဖြေလိုက်ပါသတဲ့။

နောက်ပြီး ဆက်ပြောတာရှိပါသေးတယ်။ 'မင်းကြီး အခုပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ လူ့ပြည်မှာလည်း ကြွေးမြီချတဲ့သူတွေ ရှိပါတယ်။ ဆင်ခြင်စဉ်းစားတတ်တဲ့သူတွေဟာ မကောင်းတဲ့ အကျင့်ရှိတဲ့သူ ပျင်းသောသူ အလွန်ကြမ်းကြုတ် သော့သွမ်း ညစ်ညမ်းသောသူတို့ကို ကြွေးမြီချခြင်းမလုပ်ကြဘူး။ တကယ်လို့အဲသည်လိုလူမျိုးတွေကို ကြွေးမြီချလိုက်ရင်လည်း အတိုးရော အရင်းပါ ပြန်မရတတ်ပါဘူး' လို့ ပြောပါတယ်။

သမီးရေ

အခုမှ ဒီစာကိုပြန်ဖတ်မိတာ နာတယ်ကွယ်။ မကောင်းတဲ့အကျင့်ရှိတဲ့သူဆိုတာ ဘယ်မှာ မှန်ကန်ပါ့မလဲ။ သူ့ကိုပေးတော့ ငွေကိုပြန်ဆပ်မယ့်အစား စကားအတင်စီးကြီးနဲ့ ပြောတတ်ပါသေးတယ်။ အဲသည်ငွေကို ပြန်မဆပ်ဘဲနဲ့ မသေသေး



ဘူးတော်ရေ့ ဆိုတာမျိုးကို ပြောတာပေါ့။ ဟုတ်လည်းမဟုတ်ဘဲနဲ့လေ။ ပျင်းတဲ့သူဆိုတာကလည်း စီးပွား မဖြစ်နိုင်တဲ့သူလေ။ သူကတော့ ချေးပြီး ရင်းမှာမှမဟုတ်တာ။ စားပစ်မှာ။ တကယ်ရှာရတဲ့သူ စားတာထက်တောင်မှ သူကပိုပြီး ရက်ရက်ရောရောကြီး စားပစ်မှာ။ ဘယ်မှာအကြွေးပြန်ဆပ်နိုင်ပါ့မလဲ။

အလွန်ကြမ်းကြုတ် သော့သွမ်း ညစ်ညမ်းသူဆိုတာကတော့ သူလိုချင်ရင် ခခယယ တောင်းတတ်ပါတယ်။ သူက ပြန်ပေးရမယ်လည်းဆိုရော ရိုင်းသလားမပြောနဲ့။ လှည့်ပတ်သလားမပြောနဲ့။ သုံးတုန်းကသုံးပြီး သူ့မှာတာဝန်မရှိသလို ပြောတတ်ကြတာကိုး။ အဲသည်တော့ သူတို့ကို အားနာလို့ ဖြစ်ဖြစ် မချေးတာ အကောင်းဆုံးပါပဲ။ ချေးလည်းဆုံးမှာပဲ။ ဆုံးတာတောင်မှ ရန်တွေ့တာကိုခံရပြီး ဆုံးရမှာဖြစ်ပါတယ်။ အမေတို့လည်း ချေးလိုက်တာ လူတွေရဲ့ရုပ်ကို မြင်ဖူးချင်လို့ ပြန်မမြင်ရတော့တာတွေ အများကြီးပါပဲ။ အဲသည်လို လူမျိုးက လည်း မရလောက်တော့တဲ့သူဆီကို ခြေဦးပြန်မလှည့်တတ်ပါဘူး။

ဗြဟ္မာမင်းက ဆက်ပြီးဟောသေးတယ် သမီးရေ။ 'လူ့လောကမှာ ဘယ်သူတွေကို ကြွေးမြီချရမလဲဆိုတော့ ပညာအမြော်အမြင်ရှိတဲ့သူ လုံ့လထကြွ ကြောင့်ကြရှိတဲ့သူ သီလရှိတဲ့သူ သူ့ကျေးဇူးကို သိတတ်တဲ့သူတို့ကို ကြွေးမြီပေးလို့ရှိရင် အတိုးရော အရင်းပါပြန်ပြီး ရနိုင်ပါတယ်' လို့ ဗြဟ္မာမင်းက ပြောပါတယ်။

www.burmeseclassic.com



သမီးရေ သမီးကတော့ ကြွေးမြီချတယ်ဆိုတာကို နားလည်မှာပါ။ တချို့ သိပ်ငယ်တဲ့ကလေးတွေဆိုရင် နားလည်ချင်မှ နားလည်မယ်။ ကြွေးမြီချတယ်ဆိုတာ ငွေထုတ်ချေးတာကို ပြောတာပါ။

တချို့က ပညာအမြော်အမြင်ရှိတယ်။ အရင်းမရှိဘူး။ အမြော်အမြင်နဲ့ ငွေကြေးပေါင်းမိလို့ရှိရင် သူလည်း အကျိုးကျေးဇူးရှိမယ်။ ငွေထုတ်ချေးတဲ့သူလည်း ကျေးဇူးရှိမယ်။ အဲသည်လို အမြော်အမြင်ရှိပြီး မှန်ကန်တဲ့သူကိုတော့ ငွေထုတ်ချေးရင် မမှားဘူးပေါ့။

အမြော်အမြင်တော့ ရှိပုံပေါ်ပါရဲ့ ဒါပေမဲ့ ပျင်းတဲ့သူ ပေါ့ပေါ့လျော့လျော့ အလုပ်လုပ်တဲ့သူဆိုရင်တော့ အတိုးရော အရင်းပါ ပြန်လာမှာမဟုတ်ပါဘူး။ တစ်ခုသောအရည်အချင်းလောက်နဲ့တော့ မရလောက်ဘူး ထင်ပါတယ်။

သီလရှိတဲ့သူ သူ့ကျေးဇူးကို သိတတ်တဲ့သူများကို ငွေထုတ်ချေးလို့ရှိရင်လည်း မမှားနိုင်ပါဘူး။ အဲသည်လိုလူမျိုးဟာ ငွေထုတ်ပေးတဲ့သူများကို ထမင်းရှင်အနေနဲ့ သိပ်ကိုရိုသေတာကိုး။ တကယ်လို့ အလှည့်မသင့်သေးလို့ ငွေပြန်မပေးနိုင်သေးရင်လည်း ငွေရှင်က တကြောင့်ကြကြ မဖြစ်တောင်မှ သူတို့က တကြောင့်ကြကြဖြစ်ပြီး ပြန်ဆပ်နိုင်တာနဲ့ အပြေးအလွှား ပြန်ဆပ်တတ်ကြပါတယ်။

နာရဒဗြဟ္မာက အင်္ဂတိမင်းကြီးကို ထိအောင်ပြောလိုက်တာကတော့ 'အဲသည်လို လူတော်လူကောင်းတွေကို



ငွေလိုရင် လာယူနော်လို့တောင်မှ ငွေချေးတဲ့သူတွေက ဆက်ပြီးဖိတ်ခေါ်တတ်ကြပါတယ်' ဆိုတဲ့ စကားဖြစ်ပါတယ်။ အဲသည်အချိန်ကျတော့ အင်္ဂတိမင်းကြီးက ဘာပြောရမှန်းမသိလို့ ဘာမှမပြောတော့ဘဲ ငြိမ်နေပါသတဲ့။

နန်းတော်ထဲက မှူးမတ်တွေထဲမှာလည်း မင်းကြီးနဲ့ စိတ်တူသူချည်း မဟုတ်ပါဘူး။ အဲသည်လို ဗြဟ္မာမင်းက မင်းကြီးကို ဆုံးမနေတာကြားတော့ ငါတို့မင်းကြီးတော့ မိစ္ဆာအယူကိုစွန့်ပြီး မဟုတ်တဲ့အလုပ်တွေ ဆက်မလုပ်ဘဲ မှန်ကန်တာတွေကိုသာ လုပ်ပေတော့မယ်လို့ တွေးကြ ပြောကြ ပျော်ကြနဲ့ပေါ့။ တစ်ပြည်လုံးက လူအများကလည်း ဗြဟ္မာမင်းက ငါတို့မင်းကြီးကို မိစ္ဆာအယူအစွဲများက ကျွတ်အောင် ဟောပြောဆုံးမနေပြီးဟေ့လို့ ပြောကြဆိုကြ ပျော်ရွှင်ကြနဲ့ပါတဲ့။ ဗြဟ္မာမင်းတန်ခိုးနဲ့ တစ်ပြည်လုံးက ဗြဟ္မာမင်း ဟောနေတာကို ကြားကြရတာကိုး။

မင်းကြီးကတော့ မိစ္ဆာအယူကို မစွန့်သေးပါဘူးတဲ့။ ဖြစ်မှဖြစ်ရလေ၊ အဲသည်လောက်ပဲ အစွဲလွန်ရသလားလို့ မပြောနဲ့ဦးလေ။ အမေတို့တစ်တွေလည်း သံသရာမှာ လူးလာစုံဆန် မျောတာ ဘယ်လောက်များကြာပြီး ဘယ်လိုအယူမှားတွေများ စွဲခဲ့သလဲမှ မသိနိုင်တာ။ တွေးကြည့်ရင် ကြောက်စရာကြီးပါ သမီးရယ်။

○

www.burmeseclassic.com

www.burmeseclassic.com

## ငရဲအကြောင်းကို ပြခန်း



သမီး နန့်ချစ်ကြည်ရေ

နာရဒပြဟ္မာမင်းက အင်္ဂတိမင်းကြီး အစွဲမကျွတ်သေးတာကို သိတော့ ဒီမင်းကြီးဟာ မိစ္ဆာအယူကို သိပ်စွဲလမ်းတယ်။ ငရဲဆိုတာ ရှိတယ်ဆိုတာ ပြရမယ်။ ငရဲကိုမြင်လို့ ကြောက်သွားတဲ့အခါမှာ နတ်ပြည်ဆိုတာ ရှိတယ်ဆိုတာကို ထပ်ပြီးပြရမယ်။ အဲသည်လို ကုသိုလ် အကုသိုလ်အကျိုးတွေကို သေသေချာချာမသိဘဲ မိစ္ဆာအယူကို စွဲနေရင်တော့ ဒီမင်းကြီးဟာ ငရဲကိုကျတော့မှာပဲ။ ငါကြိုးစားကယ်မမှ ဖြစ်တော့မယ်လို့ ကြံစည်ပါသတဲ့။

မူလဇာတ်တော်ထဲမှာတော့ ငရဲခန်းကို ပြဆိုတဲ့အခါ အမှတ်စဉ်မထိုးပါဘူး။ အမေကတော့ သမီးကို ရှင်းအောင်ပြန်ပြောတာဖြစ်တဲ့အတွက် အမှတ်စဉ်ထိုးလိုက်ပါတယ်။

၁။ မင်းကြီး အခုဘဝကနေသေလွန်သွားတဲ့အခါ ငရဲမှာ ကျီးတွေဝိုင်းအုံပြီးထိုးတာကို ခံနေရတဲ့ ငရဲသူ ငရဲသားတွေကို သင်မြင်ရလိမ့်မယ်။ ငရဲမှာ ကျီး၊ လင်းတ၊ သိန်း၊ စွန်၊ ခွေးတို့က ငရဲခံနေရတဲ့သူများကို ထိုးဖောက် ကိုက်ဆွဲတာကြောင့် အသားတွေ စုတ်ပါသွားတာ၊ အပေါက်တွေ အခေါင်းတွေ ဖြစ်ကုန်တာ၊ သွေးစိမ်းရှင်ရှင်ယိုစီးပြီး ကယ်ပါယူပါ တစာစာ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာတွေကို သင်မြင်ရမယ်။ သင်လည်း အဲသည်လို ခံရမယ်။

အဲသည်လို ခံစားနေတဲ့ သူဆီကို ဘယ်သူက ငွေတစ်ထောင် အကြွေးလာတောင်းပါမလဲ။

၂။ မင်းကြီး အဲသည်ငရဲအပြင် နောက်ငရဲတစ်ခုအကြောင်းကို ပြောဦးမယ်။ လောကန္တရိတ်ငရဲတဲ့။ လောကန္တရိတ်ငရဲမှာ လတွေ နေတွေမရှိပါဘူး။ အဲဒါကြောင့် အလွန့်ကိုမည်းမှောင်နေတာပဲတဲ့။ ကြောက်စရာကောင်းတဲ့ အသံတွေကလည်း အုတ်အုတ်ကျက်ကျက်ဖြစ်နေပါသတဲ့။ ညမှန်းမသိ နေ့မှန်းမသိလည်း ဖြစ်နေပါသတဲ့။

အဲသည်လို ငရဲမျိုးမှာ ခံနေရတဲ့မင်းကြီးထံကို ဘယ်သူက ငွေတစ်ထောင် အကြွေးလာတောင်းပါ့မလဲ။

၃။ နောက်ငရဲတစ်ခုကတော့ ခွေးကျားကြီးငရဲ ဖြစ်ပါတယ်။ အပြောက်အကျားတွေပါတဲ့ခွေး၊ ဝါရွှေတဲ့အဆင်းရှိတဲ့ ခွေးဆိုပြီး ခွေးနှစ်ကောင်ရှိတဲ့ငရဲကို သင်မင်းကြီးကျသွားတယ်ဆိုရင် အဲဒီငရဲခွေး နှစ်ကောင်က သံနဲ့လုပ်ထားတဲ့ သွားကြီးတွေနဲ့ သင်မင်းကြီးကို ကိုက်ဖဲ့ပြီးစားသောက်ကြလိမ့်မယ်။

သင်မင်းကြီးရဲ့ကိုယ်ကြီးဟာ ခွေးကြီးတွေရဲ့ပါးစပ်မှာ ကိုက်ဖဲ့စားသောက်ခြင်းခံရလို့ အပိုင်းပိုင်းအတစ်တစ် အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေတဲ့အချိန်မှာ ဘယ်သူကလာပြီး သင့်ထံကငွေတစ်ထောင်ကို တောင်းမှာပါလဲ။



၄။ မင်းကြီး နောက်ငရဲတစ်ခုလည်း ရှိပါသေးတယ်။ မင်းကြီးကို ငရဲထိန်းတွေက အလွန်ထက်တဲ့ မြားတွေနဲ့ ပစ်လိမ့်မယ်။ လှံတွေနဲ့ ထိုးလိမ့်မယ်။ နောက် သင့်ညှဉ်းဆဲပြီး သင့်ဝမ်းကိုလည်း ခွဲလိမ့်မယ်။ သင့်ကိုယ်ကိုလည်းခွဲလိမ့်မယ်။

အဲသည်လို ငရဲသားတွေက အလုပ်ခံရလို့ တစ်ကိုယ်လုံးက အသားတွေ စုတ်စုတ်ပြတ်ပြတ်ဖြစ်ပြီး သွေးစက်လက် ယိုစီးနေတဲ့အသင့်ဆီကို ဘယ်သူက ငွေတစ်ထောင်လိုတယ်လို့ လာပြီးတောင်းခံပါ့မလဲ။

၅။ မင်းကြီး နောက်ငရဲတစ်ခုလည်းရှိတယ်။ သံမြေငရဲလို့ခေါ်တယ်။ ထိုငရဲမှာ လက်နက်အမျိုးမျိုးက မိုးလိုရွာနေတယ်။ မီးကျီးလို ပြုံးပြုံးပြက်ပြက်တောက်နေတဲ့ လက်နက်တွေကလည်း ခေါင်းပေါ်ကို ကျနေတယ်။ ရဲရဲတောက်သော ကျောက်ဖြာ မိုးကြိုးတို့ကလည်း အဆက်မပြတ်ကျနေတယ်။ လေကလည်း မခံမရပ်နိုင်အောင်ပူပြင်းနေတယ်။

တစ်ခဏလေးတောင်မှ ချမ်းသာကို ရှာမရနိုင်တဲ့ အဲဒီ သံမြေငရဲမှာ သင်မင်းကြီးခံနေရရင် ဘယ်သူက ငွေတစ်ထောင် အကြွေးလာတောင်းမှာလဲ။

၆။ သင်မင်းကြီးဟာ သံမြေငရဲမှာ ထွန်တုံးလောက်ရှိတဲ့

www.burmeseclassic.com



သံလုံတံနဲ့ ပုတ်ပုတ်ပြီး ပြေးနေရာတယ်ဆိုရင် ဘယ်သူက ငွေတစ်ထောင်လိုတယ်လို့ လာတောင်းမှာလဲ။

၇။ သင်တုန်းသွားတွေစီထားတဲ့ အလျှံတပြောင်ပြောင်တောင်ကိုတက်ရလို့ သွေးအလိမ်းလိမ်းကပ်ငြိလောက်အောင် အသားများ ဓားရှပြီး စုတ်ပြတ်နေတဲ့ သင့်ထံက ငွေတစ်ထောင်လိုတယ်လို့ ဘယ်သူကတောင်းမှာပါလဲ။

၈။ မီးကျည်စုတောင်ထွတ်ပေါ်ကို တက်ရလို့ တစ်ကိုယ်လုံး မီးလောင်ကျွမ်းကာ ငိုကြွေးမြည်တမ်းနေတဲ့ သင့်ထံကို ဘယ်သူကလာပြီး ငွေတစ်ထောင်လိုတယ်လို့ တောင်းမှာလဲ။

၉။ လက်ပံပင်ငရဲမှာ ဆူးအတိရှိတဲ့ လက်ပံပင်တွေဟာ တိမ်တိုက်လောက်မြင့်တယ်။ သံဆူးတွေဟာ အဲဒီသစ်ပင်ကို တက်နေရတဲ့ ငရဲသူ ငရဲသားတွေရဲ့ သွေးကို သောက်တယ်။ သူများမယားကို ခိုးတဲ့ယောကျ်ား၊ သူများလင်ကို ခိုးတဲ့မိန်းမတို့ဟာ အဲသည်လို ငရဲလက်ပံပင်ကို တက်ရတတ်တယ်။ လှံကို ကိုင်စွဲနေကြတဲ့ ငရဲထိန်းတို့ကလည်း ထိုးနေသတ်နေကြပါသေးတယ်။

အဲဒီငရဲမှာကျပြီး အရေမရှိဘဲ လောင်ကျွမ်းနာကျင်လွန်းလို့ ထွက်သက်ဝင်သက်ကို ပင်ပန်းကြီးစွာ ရှိုက်



ရှူနေရတဲ့ သင်မင်းကြီးထံက ဘယ်သူက ငွေတစ်ထောင်လိုတယ်လို့ တောင်းမှာလဲ။

၁၀။ သန်လျက်ဓားတွေကို အရွက်အဖြစ်စီထားတဲ့ ဆူးတွေအပြည့်လည်းစီထားတဲ့ ငရဲသစ်ပင်ကိုတက်ပြီး ကိုယ်ခန္ဓာတစ်ခုလုံး စုတ်ပြတ်ကာ သွေးအတိလူးနေတဲ့ ကိုယ်နဲ့ ငရဲခံနေရတဲ့ သင့်ထံကနေ ဘယ်သူက ငွေတစ်ထောင် လာတောင်းမှာလဲ။

၁၁။ အဲဒီငရဲလက်ပံပင်က ပြုတ်ပြုတ်ကျပြီး အောက်ကကြိမ်ပိုက်ချောင်းထဲကို ရောက်သွားလိမ့်မယ်။ ကြိမ်ပိုက်ချောင်းက ကူးပြီးလည်း လွတ်ဖို့မလွယ်ဘူး။ ကြာပင်ကအရွက်တွေကလည်း သံမြားအတိ စီထားတယ်။

ထိုကြိမ်ပိုက်ချောင်းထဲမှာ သွေးအလိမ်းလိမ်းဖြစ်နေတဲ့ အသင့်ထံကငွေ တစ်ထောင်ကို ဘယ်သူက လာတောင်းမှာလဲ။

နာရဒပြဟ္မာကြီးက ငရဲခန်းကို သေသေချာချာ ပြောပြတာကို မင်းကြီးကနားထောင်ပြီး တော်တော်ကလေး တုန်လှုပ်သွားပါတယ်တဲ့။ အမေလည်း စာရေးနေရင်း အတော်ကြောက်ပါတယ်။ ငရဲခန်းဆိုတာကတော့ ကြောက်စရာပါပဲ။ အမေတို့ သမီးတို့တစ်တွေ စစ်ဖြစ်နေကြတဲ့ နိုင်ငံတွေအကြောင်း သတင်းကားတွေကြည့်ရရင် သတင်းတွေ ဖတ်ရရင်လည်း အဲသည်လိုပါပဲ၊ ငရဲပါပဲ။

www.burmeseclassic.com



အခုငရဲခန်း အမှတ်ငါးကိုရေးရင် စစ်ဖြစ်နေတဲ့နိုင်ငံတွေမှာ အဲသည်လိုပဲလို့ တွေးမိပါသေးတယ်။ လက်နက်အမျိုးမျိုးက ခေါင်းပေါ်မှာ ကျရောက်ပေါက်ကွဲနေတယ်။ မီးကျည်လို လက်နက်တွေကလည်း အလျှံတပြောင်ပြောင်နဲ့ ပေါက်ကွဲနေတယ်။ မိုးကြိုးကျောက်ဖျာတွေကလည်း ကျနေတယ်၊ လေကလည်း မခံမရပ်နိုင်အောင် ပူနေတယ်ဆိုတာဟာ ဖြင့် စစ်ဖြစ်နေတဲ့ နိုင်ငံကလူတွေ ခံစားနေရတဲ့ လောကငရဲတွေလိုပါပဲ။

အမေတို့သမီးတို့ဟာ အေးအေးချမ်းချမ်းနေရတယ်။ ဘုရားတရားသံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နိုင်တယ်။ တော်သေးတာပေါ့နော်။


အဲ အင်္ဂတိမင်းကြီး ဘယ်လိုဖြစ်သွားသလဲဆိုတာကို ဆက်ကြရအောင်။ မင်းကြီးကတော့ တော်တော်ကလေးကြောက်သွားပါတယ်။ သူက ဗြဟ္မာမင်းကို လျှောက်တယ်။ ‘အရှင်ဘုရားစကားကို ကြားရတာ အမြစ်ပြတ်တဲ့ သစ်ပင်ကြီးလို အကျွန်ုပ်တုန်လှုပ်ပါတယ်တဲ့။ တောင်မြောက်ဆိုတဲ့ အရပ်ကိုတောင်မှ မသိနိုင်ပါဘူး။ ကြောက်လွန်းလို့ တွေဝေမိန်းမောနေလို့ပါ။ နောင်တလည်း ရနေပါပြီ။ နောင်တနဲ့ ကြောက်လန့်လို့လည်းနေပါပြီ။

အရှင်ရသေ့ ကုန်းပေါ်မှာပူလောင်နေတဲ့ငါးကို ရေထဲပြန်ချလိုက်သလို၊ သမုဒ္ဒရာထဲမျောပါနေတဲ့သူအတွက် ကျွန်းပေါ်ပေးလိုက်သလို အမှောင်ထဲမှာ ဆီမီးထွန်းပေးလိုက်သလို



အလွန်ပူပြင်းထိတ်လန့်နေတဲ့ ကျွန်ုပ်အတွက် ကိုးကွယ်ရာကို ဖြစ်ပါလေလော့။

အရှင်ရသေ့ ကျွန်ုပ်ကို အကျိုးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် အကြောင်းနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ဆုံးမတော်မူပါလော့။ အကျွန်ုပ်က အကုသိုလ်ပြုမိပါတယ်။ ငရဲကိုမကျခင် မကျအောင် ကောင်းရာသုဂတိကို ရောက်အောင် ကျင့်ကြံရမယ့် နည်းလမ်းတွေကို ပေးတော်မူပါဘိ’ လို့ အင်္ဂတိမင်းကြီးက နာရဒဗြဟ္မာမင်းကို တောင်းပန်ပါသတဲ့။



www.burmeseclassic.com

# ရှေးမင်းမြတ်တို့ အကျင့်ကို ပြဆိုခန်း



သမီးရေ

အမေက ဆရာတော်ကြီး မင်းဘူးဦးသြဘာသရဲ့ စာပေ လက်ရာတွေကို ဖတ်ပြီး ပြန်ရေးတယ်ဆိုတာ ဘာဖြစ်လို့လဲ ဆိုတော့ ခေတ်ချင်းကသိပ်ကွာဟနေပြီး စာတွေက အခုခေတ် အတွက် ခက်လို့ပါပဲ။ ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိကို ဖတ်ထားတယ်ဆိုရင် ခေတ်တွေ ဘယ်လောက်ကွာဟတယ် ဆိုတာကို သိနိုင်ပါလိမ့်မယ်။

အဲဒါကြောင့် သိပ်ခက်ခဲမယ့် အမည်များကို ချန်ထား ခဲ့ပါမယ်။ ရှေးရှေးမင်းများဟာ

၁။ ရဟန်းပုဏ္ဏားများကို ကိုးကွယ်ပါတယ်တဲ့။ သာသနာ ပဆိုရင်တော့ လူသူတော်ကောင်း ပုဏ္ဏားများကိုပဲ ကိုးကွယ်ရမှာပေါ့။ သာသနာတွင်းဆိုရင်တော့ သီလ ဝိသုဒ္ဓိဖြစ်တော်မူတဲ့ ရဟန်းတော်များကို ကိုးကွယ်ရ မှာပေါ့။

၂။ အလှူသီတင်းမှာ မွေ့လျော်ပါ။ ဒါနနဲ့သီလ အကျင့် တို့ကို ကျင့်ပါပေါ့။

၃။ မတရားသော အမူအကျင့်ကို မကျင့်နဲ့။ တရားတဲ့ အမူအကျင့်ကို ကျင့်ပါ။

၄။ နန်းတော်ရှေ့မှာ စားစရာ သောက်စရာ ဝတ်စရာ

www.burmeseclassic.com

www.burmeseclassic.com



စတဲ့လျှူဖွယ်များကို ထားပြီး ထမင်းဆာတဲ့သူ၊ ရေဆာတဲ့သူ၊ အဝတ်ကိုလိုတဲ့သူ၊ ထီးကိုလိုတဲ့သူ၊ ဖိနပ်ကိုလိုတဲ့သူများ အလိုရှိတာ လာရောက်ပြီး လိုရာရာကို အလှူခံကြပါလို့ သူများကြားအောင် ကြွေးကြော် (ဟစ်အော်) ပါစေ။

၅။ သူတစ်ပါးအိမ်အိုကိုလည်းကောင်း၊ နွားအို၊ မြင်းအိုများကိုလည်းကောင်း မပျက်စီးစေပါနဲ့လို့ ကြွေးကြော်ပါ။

၆။ အရှင်မင်းကြီးအမှုကို ထမ်းဖူးလို့ ပညာအား ကျေးဇူးအားရှိတဲ့သူတွေ အိုမင်းမစွမ်းတဲ့အခါမှာ အခြံအရံ မျိုးရိက္ခာ မပြတ်မလပ်ပေးစေပါ

လို့ နာရဒပြဟ္မာမင်းက အင်္ဂတိမင်းကြီးကို ဆုံးမပါသတဲ့။

သမီးရေ

ရှေးမင်းမြတ်တို့ ကျင့်တဲ့အကျင့်မြတ်တွေကို နားထောင်နေရင်း သမီးဘာကို သတိရသလဲ။ အေး အမေတော့ လက်ယာလက်ဖြင့် ထမင်းမုန့်တို့ကိုပေး၍ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုးတို့ကို ပေးလတ္တံ့ဆိုတဲ့ ကျန်စစ်မင်းကြီးရဲ့ ကျောက်စာပါ အချက်တွေကိုသွားပြီး သတိရတယ်ကွယ်။ ပုဂံခေတ်ကလည်း လောကုတ္တရာစာပေတွေက ထွန်းကားခဲ့မှာကိုး။ ကျန်စစ်မင်းကြီးလည်း ဖတ်ရပါလိမ့်မယ်။ ဒါမှမဟုတ် အရှင်အရဟံ ကိုယ်တော်မြတ်ကြီးတို့က ဆုံးမပါလိမ့်မယ်။ အဲဒါကြောင့် အဲသည်လို မြတ်တဲ့အကျင့်တွေကို ကျင့်တာပဲ ဖြစ်ပါလိမ့်မယ်။




သမီးရေ နာရဒပြဟ္မာမင်းဆုံးမတာက ဒါလောက် မကသေးဘူးကွဲ့၊ ရှိနေသေးတယ်။ အေးလေ နောင်တရနေတဲ့သူကို စိတ်ထားနှလုံးထား ခိုင်မာတည်ကြည်အောင် ကောင်းသောအဆုံးအမများ ပေးရဦးမှာပေါ့။

ဝ

www.burmeseclassic.com

www.burmeseclassic.com





အစောပိုင်းက ပြောခဲ့တာက ဒါနနဲ့စပ်တဲ့အလုပ် သီလနဲ့စပ်တဲ့အလုပ်တို့ ဖြစ်ကြတယ်။ အခုထပ်ပြီး ရထားဥပမာ ပြပြီး ဆုံးမဦးမယ်လို့ ဗြဟ္မာမင်းက စဉ်းစားပြီး ဒီလိုဆုံးမပြန်ပါသတဲ့။

'မင်းကြီး သင်၏ကိုယ်ကို ရထားလို့မှတ်လိုက်ပါ။ သင့်စိတ်ကို ရထားထိန်းလို့ မှတ်လိုက်ပါ။ သူတစ်ပါးတို့ကို မညှဉ်းဆဲတဲ့ မေတ္တာစိတ်ကို အနှစ်ပြည့်တဲ့ ရထားဝင်ရိုးလို့ မှတ်လိုက်ပါ။ ဝေဖန်ပိုင်းခြားခြင်းကို ရထားဝန်ခံသဖွယ်မှတ်လိုက်ပါ။ သင့်ခြေကို ရထားဘီးသဖွယ် မှတ်လိုက်ပါ။ လက်ကို ရထားလက်တင်သဖွယ် မှတ်လိုက်ပါ။ သင်ရဲ့ဝမ်းကို ဆီဖြင့်သွန်းအပ်တဲ့ ရထားပုံတောင်းသဖွယ်မှတ်လိုက်ပါ'

ခက်တော့တာပါပဲ ကြည်ကြည်ရေ ၊ အမေတောင်မှ ဆရာတော်ကြီးတို့ခေတ်က ရထားကိုခေါ်တာကို မြန်မာလို ခေတ်စကားနဲ့ ရိုးရိုးကလေး ပြောဖို့ရာ မပြောတတ်ပါဘူး ကွယ်။ အင်္ဂတိမင်းကြီးမှာ ရှိရမယ့်စိတ်ကို ပြောတာဖြစ်လို့ ပြန်ပြီး ရေတွက်ရအောင်နော်။

၁။ မေတ္တာစိတ်၊

၂။ ဝေဖန်ပိုင်းခြားခြင်း၊

၃။ ခြေ၊

၄။ လက်၊

www.burmeseclassic.com

www.burmeseclassic.com



၅။ ဝမ်း လို့ ဆိုကြပါစို့။

ရထားက သွားလိုရာကိုပို့တဲ့ ယာဉ်လေ။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီးဟောတဲ့ ဆွမ်းကျောင်းရေစက်ချတရားထဲမှာတော့ ယာဉ်ကိုပေးလှူခြင်းဟာ အလိုရှိရာရာကို သက်သောင့်သက်သာ သွားနိုင်လို့ ချမ်းသာကိုပေးလှူခြင်းဆိုတာ အမေ မှတ်မိပါတယ်။ ရထားနဲ့ ပုံနှိုင်းတာကတော့ လူတစ်ယောက်မှာ ရှိအပ်တဲ့စိတ်ထားနဲ့ ကိုယ် လက်အင်္ဂါများဟာ လူအများကို ချမ်းသာဖြစ်စေတဲ့ ရထားနဲ့ တူရမယ်လို့ ဆိုလိုတာ ဖြစ်ပါလိမ့်မယ်။

ရထားဥပမာက မပြီးသေးဘူးသမီးရေ ဒီလိုလာပြန်ပါတယ်။

'ဟုတ်မှန်စွာ စကားဆိုခြင်းကို အညီအညွတ်သော ရထားအင်္ဂါသဖွယ် မှတ်အပ်တယ်။ ချောပစ်ကုန်းတိုက်စကားကို မဆိုမူ၍ သူနှစ်ယောက်တို့အား စေ့စပ်အပ်သော စကားကိုဆိုခြင်းကို ရထားဦးမှာစိုက်အပ်သော အလံသဖွယ် မှတ်အပ်တယ်။ သိမ်မွေ့နူးညံ့သော စကားဆိုခြင်းကို ပြေပြစ်သော ရထားအင်္ဂါသဖွယ် မှတ်အပ်ပါတယ်။ ကိုယ်နှင့်တန်သော စကားကိုဆိုခြင်းကို ကောင်းစွာစေ့စပ်အပ်သော ရထားအင်္ဂါသဖွယ် မှတ်အပ်တယ်။ သဒ္ဓါခြင်း၊ အလိုနည်းခြင်းကို ကောင်းစွာ ပြုပြင်အပ်သော ရထားသဖွယ် မှတ်အပ်တယ်။ နှိမ့်ချခြင်း၊ လက်အုပ်ချီခြင်းကို ရထားဝက်စွယ်သဖွယ် မှတ်အပ်တယ်။ မာန်မခက်ထန်သဖြင့် ကိုင်းညွတ်ခြင်းကို ရထားလှည်းသန်သဖွယ် မှတ်အပ်တယ်။ သီလစောင့်ခြင်းကို ရထားစည်းကုံးသဖွယ် မှတ်အပ်တယ်' တဲ့။



ကိုင်း ကိုင်း သမီးရေ အမေတို့အရွယ်တောင်မှ မနီးစပ်တော့ ရထားအကြောင်း မသိဘူးဆိုတော့ ကလေးများဆိုရင် ပိုဆိုးမှာပေါ့နော်။ ကိုင်း ဒါပေမဲ့ အထက်မှာပါသလို အရည်အသွေးတစ်ခုချင်းကို လေ့လာကြည့်ကြပါဦးစို့။

၁။ ဟုတ်မှန်စွာစကားဆိုခြင်း၊

၂။ ချောပစ်ကုန်းတိုက်စကားမဆိုမူ၍ သူနှစ်ယောက်တို့အား စေ့စပ်သော စကားကိုဆိုခြင်း၊

ရွှေတောင်ကုန်းဆရာတော်ကြီး မိန့်လေ့ရှိသလိုဆိုရင် မိတ်ဖြစ်ဆွေဖြစ် စကားပေါ့နော်။

၃။ သိမ်မွေ့နူးညံ့သော စကားကိုဆိုခြင်း၊

၄။ ကိုယ်နှင့်တန်သော စကားကိုဆိုခြင်း၊

၄။ သဒ္ဓါခြင်း အလိုနည်းခြင်း၊

၅။ နှိမ့်ချခြင်း လက်အုပ်ချီခြင်း၊

၆။ မခက်ထန်သဖြင့် ကိုင်းညွတ်ခြင်း၊

၇။ သီလစောင့်ခြင်း၊

သမီးရေ သီလကထာကို ရှေ့မှာလည်းဟော၊ အခုတစ်ပုဒ်ထဲမှာလည်းဟောတာက သိပ်အရေးကြီးလို့ပေါ့နော်။ မင်းဆိုတော့ သူက တစ်ပြည်လုံးကို ဦးဆောင်ခေါင်းရွက်ပြုနေတာကလား။ သီလကို ပြည့်ပြည့်ဝဝ တင်းတင်းကျပ်ကျပ်ကြီး စောင့်ဖို့လိုတာပေါ့။ အမေက အချက်တွေကိုချပြီး အမှတ်စဉ် ထိုးလိုက်တော့ ရှင်းသွားတယ်နော်။

www.burmeseclassic.com



ဝစီကံသီလ နဲ့ ပတ်သက်လို့ လေးခုကို သမီးလည်း အလွတ်ရပါတယ်။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ၊ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ၊ ဖရုသယဝါစာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ၊ သမ္ဖပ္ပလာပါ ဝေရမဏီသိက္ခာ ပဒံသမာဒိယာမိ လို့ဆိုတယ် မဟုတ်လားကွယ်။ အားလုံးကို သိပြီးသားပါနော်။

နောက်ဆုံး အပိုဒ်ကို မြန်မာပြန်တော့ အကျိုးမဲ့ အနှစ်မဲ့ စကားကို မဆိုခြင်းတဲ့။ ဟော နာရဒဇာတ်တော်မှာ ပြန်ဆိုထားတာကတော့ အမေတို့လည်း နောက်ကို သတိကြပ်ကြပ်ထားပြီး စကားဆိုမှ သမီးရေ။ ကိုယ့်အတွက်ရော သူ့အတွက်ရော အကျိုးမရှိတဲ့ အနှစ်မဲ့စကားကို ဆိုမိရင် ကိုယ်လည်း အကျိုးမဖြစ်တဲ့ အနှစ်မဲ့လူသား ဖြစ်မသွားပေဘူးလား သမီးရယ်။

ဗြဟ္မာကြီးက အင်္ဂတိမင်းကြီးကို ဆုံးမတာ ကောင်းလိုက်တာနော်။

သဒ္ဓါခြင်းနဲ့ အလိုနည်းတာကို တွဲထားတာကတော့ သဒ္ဓါ ကုသိုလ် အကုသိုလ်အကျိုးများကို ကောင်းစွာသိတဲ့အတွက်ကြောင့် လှူဒါန်းပေးကမ်းခြင်းပြုတာကို ပြောချင်တာပါပဲ။ လှူဒါန်းပေးကမ်းကျင့်ရှိတဲ့သူဟာ လောဘဆိုတဲ့ လိုချင်တပ်မက်မှု ကင်းကွာသွားတတ်တယ်။

သမီးရယ် တကယ်တော့ သူများမှာ အလိုပြည့်တာကို အမေနဲ့သမီးတို့ အမြဲအလေးထားပြီး လှူတတ်တော့ ကုန်



လိုက်တာလို့ မတွေးတော့ဘူး။ ကိုယ်လှူလိုက်တာ သူတို့ ဘယ်လောက်ပြည့်စုံသွားကြပြီဆိုတာကိုပဲ တွေးကြတာနော်။ သူတို့ဆိုတဲ့နေရာမှာ ပရိယတ္တိကို ကောင်းစွာဆည်းပူးပြီး ဝိနည်းမိုရ်တော်မူကြတဲ့ ဆရာတော်သံဃာတော်များ၊ ဝေယျာဝစ္စ လူပုဂ္ဂိုလ်များ၊ သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်နေတော်မူကြတဲ့ ရဟန်းများ၊ ယောဂီများ၊ ဝေယျာဝစ္စ လူပုဂ္ဂိုလ်များတို့ အစာအာဟာရဖြင့် မပင်ပန်းစေခြင်းငှာ အမေတို့ လှူနေကြတယ်။ ဘယ်လောက်ကောင်းသလဲကွယ်။ ကိုယ်ကျိုးရှိပါစေခြင်းငှာလို့ ကိုယ့်အတွက်ထည့်ပြီး အထူးမစဉ်းစားဘူး။ ကံကိုယုံပြီးသားပဲ။

နှိမ့်ချခြင်း လက်အုပ်ချီခြင်းဆိုတဲ့ လုပ်ရပ်ကလည်း တွဲနေပါတယ်။ စိတ်က မောက်မာခြင်း ခက်ထန်ခြင်း ကင်းတယ်။ စိတ်က ရိုသေထိုက်သူကို ရိုသေခြင်း ဂါရဝတရားမရှိခဲ့ရင် နိဝါတောစ မိမိကိုယ်ကို နှိမ့်ချခြင်းမရှိတဲ့သူ အဲသည်လို ရှိအောင် သွန်သင်ခြင်းကို မခံရတဲ့သူဆိုရင် ဘယ်နေရာမှာမှ အချိုးမပြေပါဘူးသမီးရယ်။ ရဟန်းသံဃာများ လူကြီးသူမများရှေ့မှာလည်း ခပ်ထောင်ထောင်နေတတ်ပါတယ်။ ဘယ်လိုရပ်ရမှန်းမသိ၊ လက်ကိုဘယ်လိုထားရမှန်းမသိ၊ ခြေကိုဘယ်လိုထားရမှန်းမသိနဲ့ ကြည့်ရတာကိုက ကြည့်ရတဲ့သူက မျက်စိနောက်ချင်နောက်မယ်။ စိတ်ညစ်ညူးမယ်။ ရှက်စရာကောင်းမယ်ပေါ့ သမီးရယ်။

လူရဲ့စိတ်ကိုက နူးညံ့သိမ်မွေ့ပြီး ရိုသေထိုက်သူကို

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးရမယ်ဆိုတဲ့ ကိုင်းညွတ်မှုရှိသွားရင် အလွန်ကြည့်လို့ တင့်တယ်ပေတာပဲ။ တစ်ခုတော့ရှိပါတယ်။ ကိုယ့်မှာ အဘက်ဘက်က ချို့ယွင်းချက်ရှိနေလို့ သိမ်ငယ်နေတာ မဟုတ်ဘူးနော်။ ကိုယ်ကပြည့်စုံနေပါလျက် အဆန်နဲ့ပြည့်တဲ့စပါး အဖျားငိုက်သလို ငိုက်နေရမှာကို ပြောလိုတာပါသမီးရေ။ လက်အုပ်ချီခြင်းက မိမိကိုယ်ကို မနှိမ့်ချဘဲနဲ့တော့ မလုပ်နိုင်ဘူးပေါ့ သမီးရယ်။ ဒါပေမဲ့ ပူဇော်ထိုက်တာ မထိုက်တာ အပထား၊ ကိုယ်စားရဖို့ ကိုယ့်အတွက်ပြည့်စုံဖို့ ပေးနိုင်တယ်ဆိုရင် လက်အုပ်တချီချီနဲ့ လိုက်လုပ်နေတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့ကွယ်။

နောက်တစ်ချက်ကလည်း မာန်မခက်ထန်သဖြင့် ကိုင်းညွတ်ခြင်းဆိုတာကို ထည့်ထားပြန်တယ်။ သိပ်ကိုကောင်းပါတယ်ကွယ်။ အမေတို့ကျောင်းတွေမှာ သင်ဖို့သင့်ပါတယ်။ ကလေးတွေကို သင်မထားရင် ဘယ်မှာတတ်ပါ့မလဲ။ အမေတို့ငယ်ငယ်တုန်းကဆိုရင် လူကြီးတွေရှေ့သွားရင် ခေါင်းကိုညွတ် ကိုယ်ကိုကိုင်းပြီး သွားဆိုတာ သင်ထားတော့ အမေဖြင့် ဘယ်လောက်အချိုးကျနေတယ်မှတ်သလဲ။ ကိုယ်တိုင် အသက် ၂၃ ပြည့်ခါစမှာ အလုပ်ဝင်တော့ ကျောင်းသားတွေရပ်နေတဲ့ ကျောင်းစင်္ကြံမှာ ခါးကိုကိုင်းပြီး သွားမိတော့မလို ဖြစ်သွားပါသေးတယ်။ နောက်မှ ငါက ဆရာလေလို့တွေးပြီး ခပ်မှန်မှန် လျှောက်ခဲ့ရပါတယ်။

အခုတော့ ကလေးတွေဟာလေ ထောင်ထောင် ထောင်ထောင်နဲ့။ အမေရိပ်သာထဲမှာနေလည်း မြင်တော့ သင်ချင်စိတ်တွေ အတော်ဖြစ်တာ။ သက်ကြီးရွယ်အို ယောဂီတတ်နဲ့



အမျိုးသမီးကြီးနားက ဖြတ်လည်း ခေါင်းငုံ့ဖို့နေနေသာသာ ကိုယ်က အမြန်မတိမ်းရင် သူတို့နဲ့တိုက်မိတော့မယ်လို့ သိလိုက်ပါတယ်။ သြော် ကလေးတွေရယ်၊ ရင်လေးတယ်လို့ စိတ်ထဲမှာ ဖြစ်သွားသေးတယ်။ အမေက အမှတ်ကလည်း မတင်တဲ့အချိန် ဖြစ်နေတာကိုး။

ကဲ ကဲ အသက်ကြီးတော့ တစ်နည်းသာတယ်လို့ ဆိုရိုးစကားရှိတယ်။ တစ်နည်းသာ မသာတော့ မသိပါဘူး။ တစ်နည်းတော့ စကားတံ့ရှည်တယ်နော်။ အမေ့ကိုများ နတ်သိကြားများက ဆုံးမရင် စကားကြောမရှည်ရာ၊ စကားတံ မဆန့်ရာလို့များ ဆုံးမမလားမသိတော့ပါဘူး။

သမီး နန့်ချစ်ကြည်ရေ

အမေကတော့ သမီးကို နန့်ချစ်ကြည်လို့ ခေါ်ရတာ ပိုပြီးအာတွေ့ပါတယ်။ အမေ့သမီးဟာ ပိုးကရင် တစ်နည်းဆိုရင် မွန်ကရင်အမျိုးသမီးကလေးဖြစ်လို့ နန့်ဆိုတဲ့စကားကို ရှေ့ကထည့်ထားတာ။ ဟို အမေတို့ငယ်ငယ်ကတည်းက စွဲစွဲမက်မက် ဖတ်ခဲ့ရတဲ့ နန့်နောင်ခါရီနဲ့ သုခနမင်းသားတို့ အချစ်ဇာတ်လမ်းထဲက မင်းသမီးကလေးရဲ့ နာမည်ရှေ့မှာလည်း နန့်ပါလေတော့ သမီးတို့မွန်ကရင်အမျိုးက တယ်ပြီး စိတ်ဝင်စားဖွယ် ကောင်းလှပါလားနော်။

ကိုင်း မွန်ကရင်မလေး နန့်ချစ်ကြည်ရေ အခု အမေဆက်ပြီး ပြောမှာက ရထားဥပမာရဲ့ ဒုတိယနောက်ဆုံးအပုဒ် ဖြစ်တယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမျက်မထွက်ခြင်း၊ မသတ်မညှဉ်းဆဲခြင်း၊ တရားစောင့်ခြင်းတို့ကို ရထား၌စိုက်အပ်သော ထီးဖြူသဖွယ် မှတ်အပ်တယ်။ အကြားအမြင်များခြင်းကို ရထားနောက်မှီ တံကဲသဖွယ် မှတ်အပ်၏။ တည်ကြည်သောစိတ်ကိုကား ရထားခင်းနေရာသဖွယ် မှတ်အပ်တယ် တဲ့။

အခါခါကို သိသောအဖြစ်ကို ဆန်းကြယ်သော ရထားတန်ဆာသဖွယ် မှတ်အပ်တယ်။ ရဲရင့်ခြင်းကိုကား ရထားထောက်သုံးချောင်းသဖွယ် မှတ်အပ်တယ်။ နှိမ့်ချ၍ အဆုံးအမခံခြင်းကို ရထားဦး၌ဖွဲ့သော လွန်ကြိုးသဖွယ် မှတ်အပ်တယ်။ မာနမရှိခြင်းကို ရထားတံကျင်သဖွယ် မှတ်အပ်တယ်။

စိတ်မတွန့်တိုခြင်းကို အဆန်းတကြယ် ငြိမ်သက်စွာသော ရထားခင်းသဖွယ် မှတ်အပ်တယ်။ ပညာရှိကိုမှီဝဲသည်ကား မြူကိုဆေးလျှော်သည်နှင့်တူတယ်။ သတိတရားကိုကား ရထားလုံ့တံသဖွယ် မှတ်အပ်တယ်။ တည်ကြည်ခြင်း၌ ယှဉ်ခြင်းကိုကား ရထားထိန်းဆွဲသော ကြိုးသဖွယ်မှတ်အပ်တယ်။

မင်းကြီး လုံ့တံတို့ကြောင့် ကောင်းသော မြင်းတို့ဖြင့်က၍ ခရီးကိုဆောင်လေသကဲ့သို့ ထို့အတူ ယဉ်ကျေးသော နှလုံးဖြင့် နိဗ္ဗာန်သို့သာ ဆောင်နိုင်ပါတယ်။

အလိုရမ္မက်ကြီးခြင်းဆိုတဲ့ ခရီးလမ်းမဟာ အပါယ်ကိုသွားတဲ့ ခရီးလမ်းမဖြစ်တယ်။ ကိုယ် နှုတ် နှလုံးကို စောင့်တာဟာ ဖြောင့်တဲ့လမ်းမ ဖြစ်တယ်။ အာရုံငါးပါးဆိုတဲ့ လမ်းမှာ ရထားပြေးတဲ့အခါ ရထားဆိုတဲ့ကိုယ်ကို ပညာဆိုတဲ့လုံ့တံနဲ့



မတိမ်းမစောင်းအောင် ပြုရမယ်။ ကိုယ်ကရထားဆိုရင် စိတ်က ရထားထိန်းဖြစ်တယ်။

အရင်တင်ပြခဲ့တဲ့အတိုင်း ရထားဥပမာများကို အမေတို့ အမှတ်စဉ်ထိုးပြီး ပြောကြည့်ကြရအောင်နော်။

၁။ အမျက်မထွက်ခြင်း၊
၂။ မသတ်မညှဉ်းဆဲခြင်း၊
၃။ တရားစောင့်ခြင်း၊
၄။ အကြားအမြင်များခြင်း၊
၅။ တည်ကြည်တဲ့စိတ်ရှိခြင်း၊
၆။ အချိန်အခါကိုသိခြင်း၊
၇။ ရဲရင့်ခြင်း၊
၈။ နှိမ့်ချ၍ အဆုံးအမကို ခံခြင်း၊
၉။ မာနမရှိခြင်း၊
၁၀။ စိတ်၏မတွန့်တိုခြင်း၊
၁၁။ ပညာရှိကို မှီဝဲခြင်း၊
၁၂။ သတိတရားထားခြင်း၊
၁၃။ တည်ကြည်ခြင်းနှင့် ယှဉ်သောစိတ်ရှိခြင်း၊

သမီးရေ

အချက်အလက်တွေကို ရထားဥပမာနဲ့ ပြောလိုက်၊ အမှတ်စဉ်ထိုးပြီး ပြလိုက်နဲ့ဆိုတော့ နှစ်ခါနှစ်ခါပြောသလိုတော့ ဖြစ်နေပြီ။ ဒါပေမဲ့ ရထားဥပမာထဲမှာ ရောနှောပြီးပါနေတော့ မရှင်းတာကို အခုလိုခွဲထုတ်လိုက်တော့ ပိုတော့ရှင်းသွား

www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ။ အမျက်မထွက်ခြင်း ဆိုတာကတော့ လူဆိုတာ အမျက်နဲ့မကင်းနိုင်ပေမယ့် လူထဲမှာ လူထက်လူလို့ဆိုနိုင်တဲ့ လုပ်ပိုင်ခွင့်အများကြီးရှိတဲ့ မင်းဆိုတာက ပိုပြီးထိန်းရပါမယ်။ ဘာကြောင့်လဲဆိုတော့ သူက အမျက်ထွက်ရင် သတ်ဖြတ်ညှဉ်းဆဲခြင်းဆိုတာက တန်းပြီးပါလာနိုင်တာကိုး။ အမျက်စောင်မာန်ကြီးတယ်လို့ အမေတို့ငယ်ငယ်က သင်ရတဲ့စာတွေထဲမှာ ဆိုထားသလိုဆိုရင် အမျက်က လွန်လွန်မင်းမင်း ထွက်တတ်တာကို ခေါ်တာပါပဲ။ အမျက်ကို ထိန်းနိုင်တဲ့သူဟာ မသတ်မညှဉ်းဆဲမိအောင် ထိန်းနိုင်သွားပါပြီ။ ထို့အတူ တရားစောင့်ပြီးသားလည်း ဖြစ်သွားပါပြီ။

အကြားအမြင်မများတဲ့သူများဟာ ဆုံးဖြတ်ချက်ချတဲ့အခါမှာ မှားတတ်တယ်။ မင်းဆိုတော့ အများနဲ့ဆက်စပ်ပတ်သက်နေတဲ့ ပြဿနာများကို နိစ္စဓူဝ ဆုံးဖြတ်နေရတာကြောင့် အကြားအမြင်များဖို့ ပိုပြီးလိုအပ်တာပေါ့။ ဒါကြောင့်လည်း မင်းနားတစ်ထောင်ရှိတယ်ဆိုတဲ့ တင်စားချက်လို မင်းက လေ့လာစူးစမ်းဖို့ အထောက်တော်များလည်း ထားရတာပေါ့။ ဒါကတော့ သတင်းစုဆောင်းတာကို ဆိုလိုတာပါပဲ။ နောက်ကတော့ အကြားအမြင်များတာဟာ ပညာဗဟုသုတများတာကို ဆိုလိုတာပါပဲ။ ပညာဗဟုသုတ များတဲ့သူဆိုတာ မှန်မှန်ကန်ကန် သုံးသပ်တဲ့နေရာမှာ အားသာတာပဲပေါ့။ အခုတလော အမေကြုံနေရတာကတော့ ဘာကိုမဆို ကြားတာနဲ့ယုံနေတဲ့သူတွေကို တွေ့နေရသကွဲ့။ အဲသည်လိုလူမျိုးတွေရဲ့



စကားကို နားထောင်နေရင်း ပါးစပ်ပိတ်ထားနိုင်တာကတော့ အသက်ကြီးလာလို့ ဖြစ်ပါတယ်။ အသက်ငယ်တုန်းကဆိုရင်တော့ မဟုတ်တာတွေကို လျှောက်မပြောနဲ့လို့ ပြောဖြစ်တော့မှာပဲ ထင်ပါတယ်။

သမီးရေ

တည်ကြည်တဲ့စိတ် ရှိခြင်းဆိုတာကတော့ ဆောက်တည်အပ်တဲ့စိတ်ကို ဆိုလိုတာပါပဲ၊ စိတ်ဆိုတာက ဆောက်တည်တဲ့သူမှာ သိသိသာသာ အပြောင်းအလဲမြန်ပါတယ်။ အခုပဲကြိုက်တယ်။ အခုပဲ မကြိုက်တော့ဘူး။ အခု ဟိုဟာလုပ်ချင်အခု ဒီဟာလုပ်ချင်နဲ့ပါပဲ။ မင်းကြီးနဲ့အမတ်များ ဘာလုပ်ရမှန်းမသိ လှုပ်ခတ်တဲ့စိတ်နဲ့ တက္ကတွန်းဆီကို သွားကြသလိုပဲပေါ့။ တည်ကြည်တဲ့စိတ်ဆိုတာက လုပ်သင့်တယ် မလုပ်သင့်ဘူးဆိုတာ ခွဲခြားနားလည်ဖို့အတွက် တွက်ဆအားကို ပေးနိုင်လို့ မင်းကြီးတို့လိုလူမျိုးအတွက် အထူးလိုအပ်ပါတယ်။

အခါခါကိုသိသောအဖြစ် ရှိရမယ်လို့ဆိုတဲ့ သဘောကတော့ ဘယ်အချိန်မှာ ဘာလုပ်ရမယ်၊ ဘယ်အချိန်မှာ ဘာမလုပ်ရဘူးဆိုတဲ့ အချိန်အခါကို ခွဲခြားသိရမယ်လို့ ပြောတာပါပဲ။ တကယ်တော့ လူတိုင်းဟာ ဘယ်အချိန်မှာ ဘယ်အလုပ်ကို လုပ်ရမယ်၊ ဘယ်စကားကို ပြောရမယ် ဘယ်လိုတွေးရမယ်ဆိုတာ မသိဘဲနဲ့ ဘဝမှာ အောင်မြင်နိုင်ချေ မရှိပါဘူး။ ဘုရင်မင်းမြတ်များကျတော့ လူတစ်ယောက်အနေနဲ့

www.burmeseclassic.com



စဉ်းစားရတာမဟုတ်ဘဲ တိုင်းပြည်တစ်ပြည်ကိုယ်စား စဉ်းစားရပေတာကိုး။ အဲသည်တော့ ပိုပြီးအရေးကြီးပါတယ်။ ဘာပဲလုပ်လုပ် အချိန်ကိုသိတတ်မှ အောင်မြင်မယ်ဖြစ်ပါတယ်။

နောက်တစ်ချက်က ရဲရင့်ခြင်းရှိရမယ်တဲ့။ ရဲရင့်ခြင်းဆိုရင် လူအများက Physical courage ကိုပဲ သတိရတတ်ကြပါတယ်။ တကယ်တော့ အဲသည်လို ရဲစွမ်းသတ္တိမျိုးလည်းရှိရမှာပါပဲ။ Moral courage လည်းရှိရပါမယ်။ အဲသည်လိုစိတ်ပိုင်းဆိုင်ရာသတ္တိက ပိုအရေးကြီးပါတယ်။ မကောင်းတဲ့အလိုကို မလိုက်အောင် ကိုယ့်ကိုယ်ကို ထိန်းတာ၊ တော်တည့်မှန်ကန်စွာ ဆုံးဖြတ်လုပ်ဆောင်ရမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးနဲ့ကြုံရပါစေ နောက်မတွန့်တာ၊ စိတ်ဓာတ်ရေးရာအရ တည်ကြည်ခိုင်မာမှုရှိတာတွေဟာ တကယ်တော့ စိတ်ပိုင်းဆိုရာ ရဲရင့်ဝံ့စားခြင်းတို့ ဖြစ်ကြပါတယ်။ အဲသည်လို အရည်အသွေးကတော့ လူတိုင်းအတွက် လူပီသဖို့ လိုအပ်တာပါပဲ။ ဘုရင်မင်းမြတ်များဆိုတော့ တိုင်းပြည်အလုံးနဲ့ အရေးကိစ္စမှန်သမျှကို တွေးတောဆုံးဖြတ်မှုလည်း ပြုရတယ်။ အောင်မြင်အောင်လည်း ဝံ့ဝံ့စားစားဆောင်ရွက်ရတယ်လို့ဆိုတော့ ရဲရင့်ခြင်းက ပိုပြီးလိုတာပေါ့ကွယ်။

နှိမ့်ချ၍ အဆုံးအမခံခြင်းဆိုတဲ့ အရည်အချင်းကို ထပ်ပြီးတွေ့ရပြန်တယ်။ အထက်ဘက်မှာ နှိမ့်ချခြင်း၊ လက်အုပ်ချီခြင်းဆိုတာ ပါပြီးပါလျက် ဘာကြောင့်ထပ်ပြီး ဒီအချက်နဲ့ဆင်တာ ပြန်ပါရသလဲလို့ စဉ်းစားကြည့်တော့ ပထမအတွဲ



က ကိုယ်ကာယနဲ့ ဆိုင်ပါတယ်။ လက်အုပ်ချီလိုက်တာလေ။ အပေါ်ယံအားဖြင့် ရှိသေသမှုကို ပြလိုက်တာပါပဲ။

အခုကိစ္စကတော့ စိတ်နဲ့ပိုပြီး ဆိုင်ပါတယ်။ စိတ်ကို သေသေချာချာ မာန်ကင်းအောင် နှိမ့်ချခြင်းမရှိဘဲနဲ့ အဆုံးအမကို မလိုက်နာနိုင်ပါဘူး။ အပေါ်ယံက လက်အုပ်ကလေးချီနိုင်ရုံနဲ့တော့ အဲဒီပုဂ္ဂိုလ်ရဲ့ အဆုံးအမကို ခံယူနိုင်ပြီလို့ ပြောလို့မရသေးဘူးပေါ့။ အဲဒါကြောင့် တကယ့်ကို နှိမ့်ချသောစိတ်နဲ့ အဆုံးအမကို ခံယူနိုင်ဖို့ လိုတယ်လို့ ဆိုလိုဟန်ရှိပါတယ်။

သမီး နန့်ချစ်ကြည်ရေ

မာနမရှိခြင်းဆိုတာ ပြန်ပါလာပြန်ပါပြီ။ သဘောကတော့ သမီးရယ် ပထမအဆုံးအမထဲမှာ မာန်မခက်ထန်သဖြင့်လို့ပါပါတယ်။ နောက်တစ်ခါ မာနမရှိခြင်းလို့ ထပ်ပြီးပါလာပြန်ပြီ ဖြစ်ပါတယ်။ သဘောကတော့ ခက်ထန်တဲ့ မာနကို ပယ်ပြီးမှ နောက်တစ်ဆင့် မာနစိတ်ကိုလည်း ချိုးနှိမ်ရမယ်လို့ဆိုတာပါပဲ။ သိပ်ဆိုးတဲ့စိတ်နေသဘာဝကို ပယ်ရှားပြီး နောက်ပိုင်းမှ ကျန်ရှိနေတဲ့ မာနစိတ်ကို ပယ်ဖို့ရာ ဆုံးမတာပါပဲ။

ပန်းပုထုတဲ့အခါ အရုပ်ကလေးကို လှသည်ထက်လှချောသည်ထက်ချောအောင် လုပ်ကြရတယ်မဟုတ်ဘူးလား။ အဲသည်တော့ ပထမ ဆောက်နဲ့ထွင်းရထုရပါတယ်။ နောက်တော့ ကော်ပတ်အကြမ်းကြီးနဲ့ စားရပါတယ်။ နောက်မှာမှ ကော်ပတ်အနုလေးနဲ့ စားရပါတယ်။ နောက်ဆုံးပိတ်ကျတော့

www.burmeseclassic.com

www.burmeseclassic.com



မှ အဝတ်နုကလေးနဲ့ အမှုန်အမွှားများကို စင်ကြယ်အောင် ပွတ်တိုက်ပစ်ရတာကိုး။ အဲသည်လိုပေါ့ သမီးရယ်။ တစ်စ တစ်စနဲ့ ချောမွေ့အောင် အင်္ဂတိမင်းကြီးကို နာရဒပြဟ္မာမင်း က ဆုံးမတော်မူပေတာပဲ။

စိတ်၏မတွန့်တိုခြင်းဆိုတာကို မတွန့်ဆုတ်ခြင်းလို့ လည်း ပြန်ဆိုကြပါတယ်။ တွန့်တိုတာ တွန့်ဆုတ်တာက လိုအပ်တဲ့အမှုကို ပြုတဲ့အခါ အောင်မြင်ဖို့ရာ နှောင့်နှေးတတ် ပါတယ်။ များသောအားဖြင့် စိတ်အင်အားသွင်းလို့ အားပြည့် ခါမှ ကိုယ်ကပါတက်ကြွပြီး ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ရတာကလား သမီးရေ။ အဲသည်တော့ စိတ်က မတွန့်တိုမှ မတွန့်ဆုတ်မှ ကောင်းတဲ့အမှုက အောင်မြင်မှာ ဖြစ်တယ်။ တစ်ယောက်ယောက်ကို ပေးကမ်းဖို့ ချီးမြှင့်ဖို့ကိစ္စ တွေမှာ နေလိုက်ပါဦးမယ်လေ၊ နောက်များမှဆိုရင် အဲသည် ဒါနမှုဟာ ဖြစ်ဖို့ခဲယဉ်းသွားပြီ ဖြစ်ပါတယ်။

တချို့လူတွေနဲ့ပတ်သက်လို့ ဘာပဲလုပ်လုပ် တွန့်ဆုတ် တွန့်ဆုတ်နဲ့ဆိုတာမျိုး အပြောခံရပြီဆိုရင် အဲသည်လိုလူမျိုးကို ကြည့်လိုက် ဘယ်တော့မှ ထက်သန်ခြင်း၊ ရဲရင့်ခြင်း၊ အား ကြီးခြင်းဆိုတာ မရှိတော့ပါဘူး။ အဲသည်တော့ ဘုရင်မင်းမြတ် တို့မှာ စိတ်ရဲ့မတွန့်တိုခြင်းက ပိုပြီးအားကောင်းဖို့ လိုအပ် တာပေါ့။ လူတိုင်းမှာလည်း လိုတာပါပဲ။ လုပ်ရမယ့် အလုပ်နဲ့ ညီမျှတဲ့အတိုင်းအတာအတိုင်း ဖြစ်ဖို့လိုအပ်တာပါပဲ။



သမီးရေ

ပညာရှိကိုမီ့ဝဲခြင်းကို ဥပမာပေးထားတာ သိပ်လှပါ တယ်။ မြူကိုဆေးလျှော်သည်နဲ့ တူတယ်တဲ့။ ပညာရှိဆိုတာ ကတော့ အမှားနဲ့အမှန်ကို ဝေဖန်ပိုင်းခြားတတ်တဲ့သူကို ခေါ် တာပါပဲ။ အမေတို့လို ကိုယ်လေ့လာခွင့်ရတာကို လေ့လာထား လို့ အဲသည်အကြောင်းအရာကို သူများထက်အနည်းငယ် ကျယ်ပြန့်စွာ သိထားပြီး ပြောတတ် လုပ်တတ်တာလောက် ကိုတော့ ပညာရှိလို့ လောကီရေးအရသာ ခေါ်တာပါကွယ်။ ဆိုကရေးတီးပြောသလို ငါသိတာကတော့ ငါမသိတာတွေ အများကြီးပဲ ဆိုသလိုပါပဲ။

တကယ့်ပညာရှိများကတော့ မကောင်းမှုနဲ့ ကောင်းမှု ကို ခွဲခြားနားလည်ရမယ်။ ကောင်းမှုကိုပွားစေမယ့် နည်းလမ်း ကောင်းများကို သိရမယ်။ စိတ်ကိုသန့်ရှင်းစင်ကြယ်အောင် ဘယ်လိုဆောက်တည်ရမယ် ဆိုတာကို သိရမယ်။ အဲသည်လို သိထားပြီးတဲ့နောက်မှာတော့ သတ္တဝါများကို နားလည် သဘောပေါက်အောင် ဆုံးမနိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံရ မယ်။ အဲသည်လို ပညာရှိနဲ့တွေ့ပြီး မသိတာတွေကို မရှင်းတာ တွေကို မေးမြန်းပြီး အဆုံးမအသွန်သင် ခံနိုင်ရင်ဖြင့် ကိုယ့်မှာ ကြေးညှော်လိုကပ်ငြိနေတဲ့ မသိခြင်းကို ဆေးကြောလိုက်သလို နေမှာပေါ့။ စိတ်ရောလူပါ ရှင်းသန့်ပြီး အေးချမ်းကြည်လင် ကာ လုပ်သင့်တဲ့အလုပ် မလုပ်သင့်တဲ့အလုပ်များကို ခွဲခြား သိမြင်မှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သတိတရားကိုလည်း အရေးကြီးတဲ့ အရည်အချင်း တစ်ရပ်အဖြစ် ထည့်သွင်းသွန်သင်တာ အလွန်လျော်ကန် သင့်မြတ်ပါတယ်။ နာရဒဗြဟ္မာက မြတ်စွာဘုရားအလောင်း တော်ဖြစ်ပါတယ်။ ပါရမီဖြည့်တဲ့အခါတည်းကိုက မှန်သော လမ်းကို ဦးတည်ထားတယ်ဆိုတော့ သတိတရားကို အရေး တကြီးထားပြီး ဆုံးမတော်မူမှာ ဖြစ်ပါတယ်။

တည်ကြည်ခြင်းနဲ့ ယှဉ်တဲ့စိတ်ဆိုတာကိုလည်း ပြန် ထည့်ထားတာကတော့ သတိနဲ့သမာဓိတို့က ဆက်စပ်နေတာ ကိုး။ အမြဲသတိထားနေတတ်တယ်ဆိုရင် မလိုအပ်တဲ့ စိတ် ပြန့်လွင့်ခြင်းများ ကင်းဝေးပြီး တည်ကြည်မှုနဲ့ စိတ်ကယှဉ်လာ မှာပါပဲ။ လောကီရေးမှာလည်း အဲသည်လို စိတ်မျိုးရှိတဲ့သူဟာ များခဲပါတယ်။

သတိဦးစီးပြီး ယဉ်ကျေးသောစိတ်နှလုံးတို့ ရှိတယ် ဆိုရင်ဖြင့် နိဗ္ဗာန်တိုင်အောင် ခရီးပေါက်ကြမှာ ဖြစ်ပါတယ်။ ဗြဟ္မာမင်းဆုံးမတာက အနှစ်တွေနဲ့ဆုံးမတာပဲ သမီးရေ။

အလိုရမ္မက်ကြီးခြင်းဟာ အပါယ်သို့သွားရာလမ်း၊ ရထားတည်းဟူသောကိုယ်မှာ စိတ်က ရထားထိန်းဖြစ်တယ်။

ကိုယ် နှုတ် နှလုံးကို စောင့်စည်းခြင်းက ဖြောင့်သော လမ်းမဖြစ်တယ်။

မင်းကြီး ကောင်းတဲ့အကျင့် ကောင်းတဲ့တည်ကြည် ခြင်းမှာ မြဲလို့ရှိရင် မင်းကြီး အပါယ်ကို မလားရပါဘူးလို့ ဗြဟ္မာမင်းက ဆုံးမသွန်သင်ပါတယ်။



သမီးရေ

ဗြဟ္မာမင်းကတော့ အဲသည်လို လိုအပ်တဲ့အချက်များ ကို ဟောပြောဆုံးမပြီး ဘာလုပ်ရမယ်ဆိုတာကို ညွှန်ပြပြန်ပါ တယ်။

ဗြဟ္မာမင်းက အဲသည်လို မကောင်းတာက ဘာ၊ ကောင်းတာက ဘာဆိုတာကို ရှင်းလင်းသွန်သင်ပြီးတော့ မကောင်းတဲ့ အဆွေခင်ပွန်းကို ပယ်ပါ၊ ကောင်းတဲ့အဆွေ ခင်ပွန်းကို အမြဲဆည်းကပ်ပါလို့ တိုက်တွန်းခဲ့ပါတယ်။ ရုစာ ဒေဝီကိုလည်း သူ့မှာရှိတဲ့ များပြားတဲ့အရည်အချင်းတို့နဲ့ ပတ် သက်ပြီး ချီးကျူးပါတယ်တဲ့။ မင်းပရိသတ်များကိုလည်း ချီးမွမ်းပြီး အများမြင်စဉ်မှာပဲ ဗြဟ္မာ့ပြည်ကို ပြန်သွားပါတယ် တဲ့။

သမီးရေ


သမီးလိမ္မာ မရှုစာဇာတ်ကတော့ အဆုံးသတ်ခါနီး သွားပါပြီ။ တကယ်တော့ အဲသည်ထဲမှာ ပါတဲ့အဆုံးအမတွေ ဟာ တစ်ခါတည်း နားထောင်ရုံနဲ့ မှတ်မိနိုင်ဖို့ မလွယ်ပါဘူး။ အဲဒါကြောင့်လည်း စာတစ်အုပ်အဖြစ် ရေးသားလိုက်ရတာ ဖြစ်ပါတယ်။ စာအုပ်ဆိုတော့ ထပ်ခါထပ်ခါ ဖတ်ပြီး ကိုယ့် ကိုယ်ကို လေ့ကျင့်ပေးနိုင်တာပေါ့ကွယ်။

၀

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်တော်ပေါင်းခန်း



မြတ်စွာဘုရားဟာ တစ်ထောင်သော ရဟန်းပရိသတ်နဲ့ များပြားလှတဲ့ မင်းပရိသတ်တို့ကို နာရဒဇာတ်တော်ကို ဟောပြောပါတယ်။ အဲသည်လို ဟောပြောပြီးတဲ့အခါမှာ ဇာတ်တော်ကို ပေါင်းပါတယ်။

၁။ နာရဒဗြဟ္မာမင်း = မြတ်စွာဘုရား၊
၂။ အလာတအမတ် = အရှင်ဒေဝဒတ်၊
၃။ သုနာမအမတ် = အရှင်ဘဒ္ဒဇိ၊
၄။ ဝိဇယအမတ် = လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၊
၅။ ဗီဇကသူဆင်းရဲ = လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်၊
၆။ ကဿပ တက္ကတွန်း = လိစ္ဆဝီမင်းသား သုနက္ခတ်၊
၇။ ရုစာမင်းသမီး = ဘထွေးတော်သား အရှင်အာနန္ဒာ၊
၈။ အင်္ဂတိမင်းကြီး = ဥရုဝေဠကဿပ၊

ကိုင်း သမီးရေ နာရဒဇာတ်တော်ကတော့ ဇာတ်ပေါင်းသွားပြီဖြစ်ပါတယ်။ ဇာတ်တော်ပေါင်းတဲ့အခါမှာ သိပြီးသား ပုဂ္ဂိုလ်တွေပဲ များပါတယ်။ အထူးပြုပြီး ပြောရမှာကတော့ အရှင်အာနန္ဒာဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ ညီတော် အမိတ္တောဒနမင်းသားကြီးရဲ့သားတော် မြတ်စွာဘုရားကို လွန်စွာချစ်ခင်ပြီး

www.burmeseclassic.com



အလွန်ရှိသေစွာ ပြုစုလုပ်ကျွေးတော်မူခဲ့တဲ့ အရှင်အာနန္ဒာ ဖြစ်တော်မူပါသတဲ့။ ကိုင်း ဘယ်လောက်များ အံ့ဩဖို့ကောင်း ပါလိမ့်။ အရှင်အာနန္ဒာဟာ အဲသည်လို အလုပ်အကျွေးပြုရတဲ့ ရဟန်းဖြစ်ပြီးတော့ ဗဟုသုတအရာမှာ ဧတဒဂ်ရတဲ့ ရဟန်းကို မြင်ကာ ကြည်ညိုသဒ္ဓါပွားလွန်းတော့ အဲသည်လိုအလားတူ ပုဂ္ဂိုလ်ဖြစ်ရပါလို၏ ဆုပန်ခဲ့တာတဲ့ သမီးရဲ့။

ပါရမီတော်များကို ဖြည့်ဆည်းလာတာ ကမ္ဘာ တစ်သိန်းတောင်မှ ရှိပြီဖြစ်တဲ့ အရှင်အာနန္ဒာအလောင်းအလျာ တောင်မှ ပန်းထိမ်သည်ဘဝမှာ မှားခဲ့လို့ ငရဲကျတာကအစ တစ်ဆယ့်သုံးဘဝတောင်မှ ကမောက်ကမ ဖြစ်ခဲ့ရပါတယ်။ တစ်ဆယ့်လေးဘဝမြောက်မှာမှ ယောကျ်ားပြန်ဖြစ်ရပါတယ် တဲ့။

မကောင်းတာလုပ်မိရင် အလောင်းအလျာများတောင်မှ အပါယ်ငရဲက မလွတ်နိုင်ပါဘူး။ သူ့မှာ ကုသိုလ်တွေအများ ကြီးရှိတာပဲလို့ဆိုရင် အေးလေ အဲသည်ကုသိုလ်တွေကြောင့်သာ ပြန်ပြီးလွတ်မြောက်ခဲ့တာပဲ။ နို့မဟုတ်လို့ကတော့ မတွေးရဲ စရာဘဲလို့ ဖြေရမယ်ထင်ပါတယ်။

သံသရာမှာ မဖြစ်ဖူးတာမရှိလေတော့ အရှင်အာနန္ဒာ ဟာ ရှစာဒေဝီ ဖြစ်ခဲ့ဖူးပါတယ်။

ဇာတ်တော်ပေါင်းခန်းမှာ သိပြီးသားများတဲ့အထဲက အများက သိပ်မသိတဲ့သူတစ်ယောက်ပါပါတယ်။ လိစ္ဆဝီ မင်းသား သုနက္ခတ်ဖြစ်ပါတယ်။ သမီးကတော့ သိမှာပေါ့။



အမေရေးတဲ့ မပျက်စီးအောင် ဒါတွေရှောင်ဆိုတဲ့ စာအုပ်ထဲမှာ သုနက္ခတ်ရဟန်းအကြောင်း ပါတာကိုး။ ပရာဘဝသုတ်ကို လူအများနားလည်အောင် မြန်မာလို ရိုးရိုးလေးပြန်ရေးထားတဲ့ စာအုပ်ဖြစ်ပါတယ်။

များသောအားဖြင့် ပရာဘဝသုတ်ကို လူသိနည်းသလို သုနက္ခတ်ကိုလည်း လူသိနည်းကြပါတယ်။ လိစ္ဆဝီမင်းသား ဘဝကလာဟာဆိုတော့ လိစ္ဆဝီမင်းသားများဟာ လူချောလူလှ များ ဖြစ်ပါသတဲ့။ သူတို့ဝတ်စားဆင်ယင်ထားတာများ နတ် လုလင်များလို လှပချောမောကြပါသတဲ့။

သမီးရေ

အဲသည်လို လူတွေကလည်း ချောမောပြီး လူတန်းစား အနေနဲ့ပြောရရင် မင်းသားဖြစ်နေတာကြောင့် အဆင့်မြင့်တယ် လို့ဆိုရမယ့် သုနက္ခတ်ဟာ အရှင်အာနန္ဒာထက်စောပြီး မြတ် စွာဘုရားရဲ့နောက်တော်ပါးက လိုက်ရတဲ့ အလုပ်အကျွေး ရဟန်းတစ်ပါး ဖြစ်ခဲ့ဖူးပါတယ်။ အဲသည်လောက် ကံကောင်း ပေမယ့် သူဟာ စိတ်ကိုပြုပြင်ဆောက်တည်ခြင်း မလုပ်နိုင် ပါဘူး သမီးရယ်။ ကြောက်စရာကောင်းပါတယ်။

တစ်နေ့တော့ သုနက္ခတ်ရဟန်းဟာ မြတ်စွာဘုရား နောက်တော်ပါးကနေပြီး သပိတ်ကိုပိုက်ကာ ဆွမ်းခံလိုက်သွား ပါသတဲ့။ အဲသည်လို ဆွမ်းခံကြွတော်မူတဲ့ မြတ်စွာဘုရား နောက်က လိုက်သွားတဲ့အခါ လမ်းပေါ်မှာ သုနက္ခတ်ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်လိုက်ရတာက အဝတ်မပါ ဗလာကိုယ်ထီးနဲ့ တက္ကတွန်းကြီးတစ်ယောက်ဟာ ပြာပုံပေါ်မှာခွေနေတာ ဖြစ်ပါသတဲ့။ အဲသည်လို ပြာပုံပေါ်မှာ ခွေနေတဲ့တက္ကတွန်းဟာ ဆံပင်တွေက ရှုပ်ရှုပ်ထွေးထွေးနဲ့ လူကညှဉ်းသိုးသိုးနဲ့ အဝတ်ကလည်းမပါ ပြာကလည်း တစ်ကိုယ်လုံးမှာ ပေနေတယ်ဆိုတော့ ကြည့်ရတာ ဘယ်ကောင်းပါ့မလဲ။ ဒါပေမဲ့ သုနက္ခတ်ရဟန်းကတော့ '၃၂ပါး သမိုက်ထားသော ယောကျ်ားမြတ်တို့၏ လက္ခဏာရောင်ဝါမြူတေ ကျက်သရေအပေါင်းနဲ့ ပြည့်စုံတော်မူတဲ့' မြတ်စွာဘုရားကို မော့ကြည့်လိုက်ပါသေးသတဲ့။ ပြီးတော့မှ အာရုံမျိုးစုံကို ခံစားစံစားနေလို့ ဒီလိုတင့်တယ်နေတာပေါ့။ တကယ်ဆိုရင် တက္ကတွန်းကြီးက သိပ်ပြီး ခြိုးခြံတာပဲ။ ကြည်ညိုစရာ သိပ်ကောင်းတယ်လို့ တွေးပါသတဲ့။

သူဟာ ရစာရဲ့အဖေသွားပြီး ဆည်းကပ်တဲ့ ဘဝမှာသာ မကဘဲ ဘယ်နှဘဝများ တက္ကတွန်းဖြစ်ခဲ့သလဲ မသိဘူးနော်။ တက္ကတွန်းကို စွဲလမ်းလိုက်တာ။ မြတ်စွာဘုရားက သုနက္ခတ်ရဲ့ အတွေးကိုသိတော်မူလို့ သုနက္ခတ် တက္ကတွန်းကြီးကို ကြည်ညိုနေတယ်မဟုတ်လားလို့ မေးပါတယ်တဲ့။ သူကလည်း ဟုတ်ကြောင်း ပြန်ပြီးလျှောက်တင်ပါတယ်။ မြတ်စွာဘုရားက ဒီတက္ကတွန်းကြီးဟာ နောက် ၇ ရက်မြောက်မှာ စားပိုးနင့်ပြီး သေဆုံးလိမ့်မယ်။ သူ့အလောင်းကို ပုတ်လိုက်ရင် ထထိုင်ပြီး ရောက်နေတဲ့နေရာကို ပြောလိမ့်မယ်။ သူရောက်နေတာက



ငရဲဖြစ်တယ်။ သူ့အလောင်းကို သုသာန်ဆိုးကြီးထဲမှာ ပစ်ရလိမ့်မယ်လို့ မိန့်တော်မူသတဲ့။ သမီးတို့ အယူအဆမမှားအောင် ပြောရဦးမယ်။ အဲဒီတက္ကတွန်းကြီး သေရမယ့်ကိစ္စတွေ၊ ငရဲကျမှာတွေ၊ သုသာန်ဆိုးမှာ ပစ်ရမှာတွေဟာ မြတ်စွာဘုရားနဲ့လည်း ဘာမှမဆိုင်ဘူး။ သုနက္ခတ်ရဟန်းအနေနဲ့လည်း ဘာမှ မဆိုင်ပါဘူး။ တက္ကတွန်းကြီးက သူ့အကုသိုလ်နဲ့သူ ဖြစ်ရမှာပါပဲ။ မြတ်စွာဘုရားက အဲသည်အကြောင်းကို မိန့်တော်မူတာက သုနက္ခတ်ရဟန်းကို သတိတရားရစေချင်လို့ ဖြစ်ပါတယ်။

သို့သော်လည်း သုနက္ခတ်ကတော့ မြတ်စွာဘုရားတောင်မှ ကယ်လို့မရတဲ့ သူတစ်ယောက် ဖြစ်နေပါတယ်။ သူဟာ ဆွမ်းခံရာကပြန်လာတော့ ဆွမ်းကိုခပ်သုတ်သုတ်စား၊ ပြီးတော့ သပိတ်သင်္ကန်းတွေကို အမြန်သိုမှီးပြီး တက္ကတွန်းကြီးဆီကို လစ်တော့တာပါပဲတဲ့။ ပြီးတော့မှ တက္ကတွန်းကြီး ဂေါတမဗုဒ္ဓက အသင့်ကို စားပိုးနင့်ပြီး သေလိမ့်မယ်လို့ ပြောတယ်၊ အစားကိုများများ မစားပါနဲ့၊ အထူးသဖြင့် ၇ ရက်မြောက်မှာ သေမယ်ပြောတယ်၊ ၇ ရက်မစားပါနဲ့လို့ ပြောတော့ တက္ကတွန်းကြီးကလည်း အေး မစားဘူး၊ ဂေါတမဗုဒ္ဓ ပြောတာ မှန်တတ်တယ်လို့ပြောပြီး အစားမစားဘဲ ၇ ရက် လုံးလုံး နေပါသတဲ့။

သူဟာ အလွန်ဆာလောင်နေပေမယ့် ၇ ရက်ပြည့်တဲ့အထိ ဘာမှမစားဘဲ နေနေခဲ့ပါတယ်။ ၇ ရက်လည်းပြည့်ရော

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကိုးကွယ်တဲ့ ဒကာတစ်ယောက်က အင်း ငါတို့တက္က တွန်းကြီး ၇ ရက်အစားမစားဘဲနေတာ ဒီကနေ့ ၇ ရက် ပြည့်ပြီ၊ စားလို့ရလောက်ပြီလို့ဆိုပြီး ထမင်းတွေ ဝက်သားဟင်းတွေ အများကြီးချက်လာပြီး တက္ကတွန်းကြီးနေတဲ့ နေရာမှာ လာပြီး လောင်းလှူပါသတဲ့။ တကယ့်ကို လောင်းတာသမီးရေ ပြာပုံပေါ်ကို လောင်းချတာတဲ့ကွဲ့။

တက္ကတွန်းကြီးကလည်း ဆာလှပြီဆိုတော့ လောင်းချသမျှကို အကုန်စားတာပေါ့။ စားလို့လည်းပြီးရော တအစ်အစ်နဲ့မြည်ပြီး လဲကျသေဆုံးပါလေရောတဲ့။ သုနက္ခတ်ရဟန်း အပါအဝင် သူ့ကိုကြည်ညိုသူတွေက လာတဲ့ပြီး တက္ကတွန်းကြီးပခုံးကို ပုတ်လိုက်တော့ အလောင်းကောင်ကြီးက ထပြီး ထိုင်ပါတယ်တဲ့။ ဘယ်ရောက်နေသလဲဆိုတော့ ငရဲကိုရောက်နေတယ်လို့ ဖြေပါတယ်။ ကဲ ဗုဒ္ဓက ကြိုပြီးမိန့်တော်မူတာ ဘယ့်လောက်မှန်နေပြီလဲ။ သုနက္ခတ်ရဟန်းက အခုထိ နောင်တမရသေးပါဘူး။ နောက်ဆုံးတစ်ခုတော့ မြတ်စွာဘုရား မိန့်ဆိုတာကို မမှန်အောင်ကြိုးစားမယ်ဆိုပြီး တက္ကတွန်း အလောင်းကြီးကို ကြိုးပုခက်ကြီးပေါ်ကိုတင်ပြီး ထမ်းကာ မြုပ်စရာ သုသာန်လည်ပြီး ရှာပါတယ်တဲ့။

သမီးရယ်

အမေဖြင့် သီတဂူဆရာတော်ကြီးရဲ့ ပရာဘဝသုတ်



ရှစ်ခွေတွဲကို နာကတည်းက ဆရာတော်ကြီးကလည်း ပြောပြောတာ အလွန်အသက်ဝင်တော့ မြင်ကိုမြင်ယောင်လာပါတယ်။ ဘယ့်နှယ်ကွယ် အဝတ်မပါ ဗလာကိုယ်ထီးနဲ့ တက္ကတွန်းအလောင်းကြီးကို သယ်ပိုးတဲ့အထဲမှာ ဗုဒ္ဓတပည့်သားသံဃာတစ်ပါးက ဘယ်လိုမှ အဆက်အစပ်မမိဘဲ လတ်လျားလတ်လျားပါနေတာ ဘယ်လိုမှ အဆင်မပြေပါဘူး။ စိတ်ကိုက အဆင်မပြေဖြစ်တတ်တဲ့သူတွေဟာ လုပ်တော့လည်း အဲသည်လို အဆင်မပြေလှတဲ့အလုပ်ကို လုပ်တတ်ကြပါတယ်။

တိုတိုပြောရရင် သုနက္ခတ်ရဟန်းနဲ့ တက္ကတွန်းများဟာ တက္ကတွန်းအလောင်းကြီးကို သယ်ပြီး သုသာန်ရှာလိုက်ကြတာ နေလည်းဝင်ခါနီးရော သုသာန်ဆိုးကြီးတစ်ခုထဲရောက်သွားကြပါတယ်တဲ့။ အဲသည်လိုအရောက်မှာ ကြိုးပုခက်ပေါ်က အလောင်းကြီးက ပြုတ်ကျသွားလိုက်တာ ပြန်တင်မလို့ မတာကို မရတော့ဘူးတဲ့။

သုနက္ခတ်ရဟန်းဟာ အဲဒီကိစ္စဖြစ်ပြီးတဲ့နောက်ပိုင်းမှာလည်း သင်္ကန်းဝတ်ကြီးနဲ့ပေမယ့် တက္ကတွန်းများနဲ့ တတွဲတွဲလုပ်နေပါသေးသတဲ့။ နောက်တော့ မြတ်စွာဘုရားသာသနာကနေပြီး ထွက်သွားပါသတဲ့။ သေဆုံးတဲ့အခါ မဟာအဝီစိငရဲကို ရောက်သွားပါသတဲ့။ ကဲ သမီးရေ မြတ်စွာဘုရားနဲ့ အလွန်ကို နီးစပ်တဲ့နေရာမှာ နေခွင့်ရပေမယ့် သူ့စိတ်သူ့အစွဲက ဘုရားနဲ့ဝေးကွာလှတော့ သူ့ပဲဒုက္ခရောက်ရတာပဲပေါ့။

www.burmeseclassic.com



ကဲ ဒီလောက်ဆိုရင် နာရဒဇာတ်တော် ဇာတ်သိမ်းပိုင်းမှာပါတဲ့ ပုဂ္ဂိုလ်များအကြောင်းကို စုံအောင်သိသွားပြီ ဖြစ်ပါတယ်။ သုနက္ခတ်ကလွဲလို့ ကျန်တဲ့ပုဂ္ဂိုလ်တွေကို သိကြသူများပါတယ်။

အမေက နာရဒဇာတ်တော်လာ သမီးလိမ္မာ မရှုစာကို ရှေ့တန်းတင်ပြီး ပြောရတာကတော့ သူကလေးလို လိမ္မာတဲ့ သမီးတစ်ယောက်ကို ကလျာဏမိတ္တအဖြစ် အင်္ဂတိမင်းကြီးမှာ ရမထားရင် သူဟာ နာရဒပြဟ္မာမင်းရဲ့တရားကို နာခွင့်ရမှာ မဟုတ်ဘူးပေါ့။ အဲသည်လိုသာ နာခွင့်မရလို့ရှိရင် သူ့ဘဝဟာ တွေးဝံ့စရာမရှိအောင် ဒုက္ခရောက်သွားမှာ ဖြစ်ပါတယ်။

သားသမီးပေမယ့် မိဘကိုကောင်းစွာ အကူအညီ အထောက်အပံ့ပေးနိုင်တယ်ဆိုတာကို သားသမီးများကလည်း မမေ့သင့်ပါဘူး။ မိမိတို့ရဲ့ မိခင်ဖခင်များကို လောကီရေးနဲ့သာ အထောက်အပင့် ဖြစ်စေရမှာ မဟုတ်ပါဘူး။ ကုသိုလ်ပြုနိုင်အောင် သတိပဋ္ဌာန်တရားကို အားထုတ်နိုင်အောင် ကူညီပေးရပါမယ်။

မိဘများကလည်း သားသမီးပြောတဲ့စကားကို ပေါ့ပေါ့ဆဆ မအောက်မေ့ပါလေနဲ့။ အဖထက်သားတစ်လကြီး၊ သမီးတစ်လကြီး လုပ်နေကြတယ်လို့လည်း မပြောကြပါလေနဲ့။ သူတို့မေတ္တာ သူတို့စေတနာကို လေးစားသောအားဖြင့် နားထောင်ကြစေလိုပါတယ်။ ကိုယ့်ဘက်ကမှားနေရင်လည်း ပြင်ကြရပါမယ်။



ဒါမှသာ သားသမီးနဲ့မိဘတို့ဟာ ပါရမီဖက်များ ဖြစ်လာကာ လောကကောင်းကျိုး လောကုတ္တရာ ကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြပါမယ်။ သံသရာက မထွက်မြောက်နိုင်သေးဘူးဆိုရင်တောင်မှ သုဂတိဘုံဘဝများမှာ ကျင်လည်ရင်း သံသရာက ထွက်မြောက်ကြောင်းတရားကို မွားများအားထုတ်နိုင်ခွင့် ရနိုင်ပါတယ်။

၀

www.burmeseclassic.com

# နာရေဒဇာတ်တော် သန္တေတည်ခဲ့ရာဒေသနဲ့ ကျမ်းပြုသူအကြောင်း

သမီး နန့်ချစ်ကြည်ရေ

သမီးကတော့ ဘွားဘွားကို ပြုစုစဉ် လူနာခန်းမှာ တစ်နေ့ကုန်နေနေရတော့ စာဖတ်နေတတ်တယ်။ ဖတ်ရတဲ့ စာအုပ်ကလည်း အမေကအလုပ်လုပ်ရင်း လူနာနားမှာ နေရတော့ တွင်းသင်းမြန်မာရာဇဝင်သစ်လို စာအုပ်မျိုးကိုပဲ လူနာခန်းကို ယူလာမိတယ်။ သမီးကလည်း အမေမရှိတဲ့အခါ အဲဒီစာအုပ်ကိုပဲ ယူဖတ်ပါတယ်။ ပြီးတော့ အမေ့ကိုမေးခွန်းတွေမေးတယ်။

နောက်လူနာစောင့်တစ်ယောက်ကတော့ တက္ကသိုလ်ကျောင်းသား၊ တွင်းသင်းမြန်မာရာဇဝင်ကိုမြင်တော့ နှာခေါင်းရှုံ့ပါတယ်။ သမီးက အဲသည်မောင်လေးကို ပြောလိုက်တဲ့စကားကို အမေသတိထားမိလိုက်တယ်။ ၉ ကျော် ၁၀ နှစ်တွင်းကိုရောက်လာပေမယ့် အမေမမေ့ဘူး။ သမီးက အစပိုင်းမှာ ဘယ်လောက်ပဲ ပျင်းစရာကောင်းကောင်း နင်သည်းခံပြီးဖတ်လိုက်ပါ။ နောက်ပိုင်းမှာ သိပ်စိတ်ဝင်စားစရာတွေကို တွေ့လိမ့်မယ်တဲ့။



သမီးက ကိုယ်ပြောတဲ့စကားကို ကိုယ့်ဘာသာ သိချင်မှ သိတော့မှာပါ။ အမေကတော့ စာရေးသူလည်းဖြစ်တယ်။ လူငယ်လူရွယ်တွေကို စိတ်ဝင်စားတယ်။ သူငယ်တွေရဲ့စိတ်နေသဘာဝကိုလည်းသိချင်လို့ တစေ့တစောင်း စောင့်ကြည့်နေတတ်တယ်ဆိုတော့ သမီးဟာ တစ်နေ့မှာ ထုတ်ဝေသူ ဖြစ်လာမယ်ဆိုတာ မသိသေးပေမယ့် ကောင်းစားမည့်ရုပ်ရည် စိတ်နေသဘောထားဆိုတဲ့ ဝေါဟာရနဲ့ကိုက်ညီတဲ့ အရည်အချင်းတော့ သမီးမှာရှိနေပြီလို့ အမေလက်ခံခဲ့တယ်။

သမီးက ဘွားဘွားဆုံးပြီးတော့ အမေ့ကိုဆက်ပြီး ပြုစုပါတယ်။ အမေ့စာကြည့်ခန်းကို သန့်ရှင်းပေးရင်း သမီးက တစ်ပတ်တစ်ခါဆိုသလို အမေ့ဆီက ငှားဖတ်တဲ့စာအုပ်တွေဟာ တော်တော်တန်တန် လူငယ်တွေက ပျင်းလှချည့်ရဲ့လို့ ရှောင်မယ့် စာအုပ်တွေချည်းပါပဲ။

ဟော အခုတော့ ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းနဲ့ သမီးဝါသနာနဲ့ ဟပ်မိနေတော့တာပဲ။ တော်တော်ကြာ ဆရာဆန်းလွင်ရေးတဲ့စာတွေက ဘယ်လောက်ကောင်းတာ၊ တစ်ခါတလေကျတော့ ဗိုလ်မှူးကြီးသောင်းထိုက်စာအုပ်က ဘယ့်လောက်ကောင်းတာစသည်ဖြင့် ပြောပြောနေတတ်လို့ အမေကတော့ စာစီစာရိုက်အပ်တဲ့ ထုတ်ဝေသူတွေကို ကျေးဇူးတင်ရပါတယ်။ အမေ့သမီးကလေးကို အလုပ်ပေးရင်း စာပေဗဟုသုတပြည့်စုံအောင် ကူညီနေကြလို့ပါပဲ။

www.burmeseclassic.com



သမီးက သမီးအတွက် အမေက သမီးလိမ္မာ မရစာကို ရေးပေးနေပြီလို့ ပြောတော့ ဆရာတော်ကြီး မင်းဘူး ဦးသြဘာသအကြောင်းကို သမီးကပဲ ချီးကျူးအံ့သြစွာနဲ့ ပြောပါတယ်။ သြော် သမီးသိသကိုးလို့ အမေကပြောလိုက်ပါသေးတယ်။

အဲသည်တော့ သမီးလိုသိပြီးသား လူငယ်တွေလည်း များပါလိမ့်မယ်။ မသိသေးတဲ့သူတွေလည်း ရှိမှာပါပဲ။ အမေကတော့ ဇာတ်တော်များ နိဂုံးမှာ ဆရာတော်ကြီးမင်းဘူး ဦးသြဘာသ ရေးသားလေ့ရှိတဲ့ မင်းဘူးအကြောင်း လေသာကျောင်းလို့ခေါ်တွင်တဲ့ ဇာတ်တော်များကို ပြုစုရာကျောင်းတော်သာ အကြောင်းကိုပါ ပြောပြချင်မိပါတယ်။

မင်းဘူးကိုတော့ ရွှေစက်တော်ကို သွားတဲ့အခါတုန်းက သမီးနဲ့အမေတို့အတူ ဖြတ်ခဲ့ကြပါသေးတယ်။ မကွေးနဲ့ မင်းဘူးက မျက်နှာချင်းဆိုင် ဖြစ်ပါတယ်။ ဆရာတော် ဦးသြဘာသတို့လက်ထက်ကတော့ မိုးလေဝသလည်းကောင်းမယ်ဆိုတော့ မင်းဘူးနဲ့ မကွေးကြားက သောင်ခုံကြီးလည်း မရှိတတ်သေးပါဘူး။ ဧရာဝတီမြစ်ကြီးကလည်း ရေတွေပြည့်နေမှာပါပဲ။ မင်းဘူးမြို့ကို မင်းဘူးလို့မခေါ်ခင်က မင်းပူးလို့ ရေးကြခေါ်ကြတာကိုး သမီးရဲ့၊ အဲသည်လို ရေးကြခေါ်ကြတာကို အမျိုးမျိုးဖွင့်ဆိုကြပါတယ်။ မင်းဘူးသူမင်းဘူးသားများကတော့ ဘယ်လိုဖွင့်ဆိုတာကို ပိုပြီးနှစ်ခြိုက်မလဲ မသိတော့ပါဘူး။



ဖွင့်ဆိုချက်တစ်ခုကတော့ ရွှေစက်တော်ကို ရစ်ခွေပြီး စီးလာတဲ့ မန်းမြစ်အပါအဝင် မြစ်လက်တက်များဟာ မင်းဘူးတည်ရှိရာ နေရာအနီးမှာ ဧရာဝတီမြစ်နဲ့ ပေါင်းဆုံပါတယ်။ အဲသည်တော့မြစ်ပူး မြစ်ဖူးကနေပြီး မင်းပူး မင်းဘူးရယ်လို့ ဖြစ်လာပါသတဲ့။

နောက်တစ်နည်းကတော့ ရွှေစက်တော်ကို ကလေးကျေးတောင်ညိုနဲ့အတူ ပြေးလာတဲ့ရှင်ဘို့မယ်ဟာ ကလေးကျေးတောင်ညိုလည်း သေဆုံးပြီး မိုးညှင်းမင်းတရားက အင်းဝကိုသိမ်းပိုက်ပြီးတဲ့အချိန်မှာ ရွှေစက်တော်မှာ တပ်ကြီးတည်ပြီး နေပါတယ်။ နောက်တော့ မိုးညှင်းမင်းတရားက ပြန်လာပါခေါ်လို့ မင်းဘူးမြို့အနီးမှာ မင်းနှစ်ပါး တွေ့ဆုံပူးပေါင်းမိကြလို့ မင်းဘူးလို့တွင်လာတာလို့လည်း ဖွင့်ဆိုထားပါတယ်။ အမေကတော့ မင်းနှစ်ပါးဆုံကြတာဟာ စစ်ကိုင်း ရွာသစ်ကြီးအနီးက ဧရာဝတီကမ်းစပ်မှာ ဖြစ်တယ်လို့ ဖတ်ဖူးထားတာလည်းရှိတယ်ဆိုတော့ အဲဒီအချက်ကို လက်ခံရမှာ ခပ်ခက်ခက်ပါပဲ။

နောက်ပြီးတော့ မင်းဘူးဟာ ပုဂံခေတ်ကတည်းက အထင်ကရဒေသတစ်ခု ဖြစ်ပါတယ်။ ကျောက်ဆည်ဒေသဟာ ပုဂံရဲ့ဝမ်းပိုက်ဒေသတစ်ခုဖြစ်သလို မင်းဘူးခရိုင်ကလည်း အရေးကြီးတဲ့ ဝမ်းပိုက်ဒေသတစ်ခုပဲ ဖြစ်ပါတယ်။ အဲသည်လို အထင်ကရဒေသဟာ မိုးညှင်းသတိုးနဲ့ ရှင်ဘို့မယ်တို့ ပေါင်းဆုံလို့ မင်းဘူးတွင်တယ်ဆိုတာကတော့ မဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ မင်းဘူးဟာ အထင်ကရဒေသဆိုတော့ အမည်နိုင်နိုင်ခဲ့ခဲ့ ရှိခဲ့ပြီး ဖြစ်မှာပါပဲ။

နောက်တစ်နည်းကတော့ မင်္ဂလာပူရလို့ခေါ်တွင်ရာက မင်္ဂပူ မင်ပူ မင်းပူး မင်းဘူးရယ်လို့ တွင်လာတယ်လို့ ဆိုပါတယ်။ အမေတော့ အဲသည်မြို့ကို မင်္ဂလာပူရကနေပြီး မင်းဘူးဖြစ်လာတာကို ပိုပြီးသဘောကျပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဆရာတော်ကြီးဦးသြဘာသလို ပညာရှိသူတော်ကောင်းတစ်ပါး ထွက်ပေါ်လာတဲ့ မြို့ဖြစ်လို့လည်း မင်္ဂလာရှိပါပေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဆရာတော်ကြီး ဦးသြဘာသတို့ မိဘဆွေမျိုးများဟာ မင်းဘူးဌာနေမှာ ကြာရှည်စွာအခြေချပြီး မြို့တည်ကာ နေခဲ့ကြတဲ့သူများတော့ဖြင့် မဟုတ်ပေဘူး။ ရပ်သာဆိုတဲ့မြို့ကနေပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်တဲ့အချိန်မှာ မင်းဘူးကို ပြောင်းလာကြတာပါတဲ့ သမီးရယ်။ အဲသည်လို တစ်မြို့တစ်ရွာကို ပြောင်းလာတဲ့ပုံကလည်း တော်တော်ကလေးတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ ဆွေမျိုးတွေ အုပ်အုပ်စည်းစည်းနဲ့ ကိုးကွယ်တဲ့ဆရာတော်ကိုပါပင့်ပြီး လာကြတာပါတဲ့။ ကသုတ်ကရက်နဲ့ ပြေးလာကြတာတော့ ဟုတ်ပုံမပေါ်ပါဘူး။ တိုင်းကားပြည်ရွာ မငြိမ်ရာတွင်လို့သာ ပါတာကိုး။

တကယ်လို့သာ အင်းဝဧကရာဇ်နိုင်ငံတော်အပျက်မှာ ပြေးလာကြတယ်ဆိုရင်လည်း အင်မတန်အခြေအနေ မဆိုးခင်က ကြိုပြီးထွက်လာကြတာ ဖြစ်မှာပါပဲ။ များသောအားဖြင့်



ဆရာတော် စာရေးတော်မူတဲ့နှစ်တွေဟာ ကုန်းဘောင်ခေတ်ဦးပိုင်းမှာ ရေးတာဆိုတော့ အင်းဝအပျက်မှာ ပြေးလာကြတာပဲဖြစ်မယ်ထင်ပါတယ်။ စောစောကပြောသလိုပေါ့လေ။ သိပ်ပြီးမဆိုးခင်ကတည်းက ဆွေမျိုးများ စုစုစည်းစည်း တိုင်တိုင်ပင်ပင်နဲ့ လိုအပ်ရာရာပစ္စည်းဥစ္စာများကို သယ်ပိုးပြီး ထွက်လာကြတာ ဖြစ်ပါလိမ့်မယ်။

ဆရာတော်ကြီးက နာရဒဇာတ်နိဂုံး ပိုဒ်စုံရတုထဲက မခက်ခဲတဲ့ အပိုဒ်တစ်ပိုဒ်ကို အမေ ရွတ်ပြပါမယ်။ 'ရပ်သာနဂရ ထိုဌာနမှ၊ တူကွမကွေ၊ မျိုးဆွေနွယ်ချည်း၊ တစ်အုပ်ထည်းလျှင်၊ တစည်းတဝေး၊ လုပ်ကျွေးကိုးကွယ်၊ မြတ်နွယ်ဆရာ၊ တို့ထိပ်ချာနှင့်၊ သာယာပျိုနု၊ စကုမြို့ကျေး၊ ရွာသူဌေးဟု၊ နီးဝေးခိုလာ၊ ငြိမ်းချမ်းစွာသား၊ မင်းဘူးအောင်မြေ၊ ကျက်သရေသို့' လို့ ထည့်သွင်းစပ်ဆိုခဲ့လို့ သိရပါတယ်။ မင်းဘူးရောက်တော့ မင်းဘူးက ပဋိရူပဒေသဖြစ်နေတာရယ်၊ ဆရာတင့်တယ် မျိုးကောင်းနွယ်မြတ်ပါ ပါလာတာရယ်ကြောင့် သမွတ္တိစက်လေးပါးမှာ နှစ်ပါးတော့ဖြင့် ချက်ချင်းပြည့်စုံပါတယ်လို့ ဆရာတော် ဦးသြဘာသက စပ်ဆိုထားပါတယ်။

မင်းဘူးကိုလည်း ရောက်ကြပြီ ဆရာတော်လည်း ပါလာပါတယ်။ ဆရာတော်ဘယ်မှာ သီတင်းသုံးတော်မူမှာပါလိမ့်။ 'မင်းဘူးတန်ဆောင်၊ နောက်တောင်ခပ်ယွန်း၊ သီကြားညွှန်း၍၊ တက်ထွန်းကြက်သရေ (သတ်ပုံကျောင်းအတိုင်း)၊ ဘုန်းပွင့်မြေဝယ်၊ မာတ်မွေတော်ပေါင်း၊ ကျိန်းအောင်းပျော်ရာ၊

www.burmeseclassic.com



ရွှေမျက်နှာက၊ များစွာစေတီ၊ သရီရမျိုး၊ ဂူပုထိုးဝယ်၊ အမျိုး တကာ၊ ပုဇော်ရာသား၊ မဟာစေတီယ၊ ပဗ္ဗတနှင့်၊ ချိုမြရသာ၊ ဩဇာပြည့်နှက်၊ သရက်အုန်းပေ၊ ညွန့်ဝေရွှင်ရွှင်၊ မြေပြင်သန့်ရှင်း၊ ရေတွင်း ရေကန်၊ ပန်းမာန်ကြိုင်မွှေး၊ ထုံနံ့အေးလျက်၊ ရန်ဆေးမိစ္ဆာ၊ ပျောက်လင့်ကွာသား၊ လေသာသမိုက်၊ ကျောင်းတိုက်တော်ကြီး' ကိုင်း သမီးရေ ဘုရားကျောင်းကန်များကိုရောက်သွားရတဲ့ အရသာကို စာထဲမှာ တွေ့လိုက်နိုင်တယ်နော်။ နာရဒဇာတ်တော် မွေးဖွားရာ ကျောင်းတိုက်တော်ကြီးကတော့ လေသာကျောင်းလို့ အမည်တွင်ပါသတဲ့။ ဘယ်နေရာကြည့်ကြည့် မြေပြင်ကလည်းရှင်းပြီး အပင်တွေက ပွင့်တဲ့အပင်ပွင့် သီးတဲ့အပင်ကလည်းသီးနေလေတော့ ပန်းရနံ့ကလည်းထုံပြီး အေးချမ်းသာယာတဲ့ လေသာလို့ အမည်တွင်တဲ့ ကျောင်းတိုက်တော်ကြီးထဲမှာ ဦးဩဘာသလို့ အမည်မရသေးတဲ့ ကိုရင်ဩဘာသဟာ နာရဒဇာတ်တော်ကို ရေးသားတော်မူခဲ့ပါတယ်။ တကယ့်ကို အံ့ဩချီးမွမ်းဖို့ ကောင်းလိုက်တာနော်။

အဲသည်လို ကိုရင်ဘဝကတည်းက ရေးရတာကတော့ ကျောင်းဒကာကြီးရဲ့သားဖြစ်သူ မောင်ထောက်က တောင်းပန်လို့ ရေးရတာဖြစ်ပါသတဲ့။ မောင်ထောက် တောင်းပန်လို့ ရေးတာ တစ်အုပ်မကပါဘူးကွယ်။ မောင်ထောက်ကိုလည်း ဆရာတော်ကြီးက ချစ်ခင်နှောင်လားလို့ နာမဝိသေသ ပေးထားတယ်ဆိုတော့ ဆရာဒကာတွေကလည်း အရွယ်သိပ်ကွာ



ကြပုံမပေါ်ပါဘူး။ သမီးနဲ့အမေတို့ အိမ်မှာ သူဌေးကိုယ်တိုင်ရေးတဲ့ ဝိနည်းမြန်မာပြန်စာအုပ်တွေရှိတာကို သမီးသတိရလားတော့ မသိဘူး။ အမေတော့ သတိရပါတယ်။ ရှေးရှေးက သူဌေးတွေဟာ သူ့ခေတ်နဲ့သူ စီးပွားရေးကိုသာ ကျွမ်းကျင်တတ်မြောက်တာ မဟုတ်ပါဘူး။ သာသနာရေးကိစ္စများကို စိတ်ဝင်စားတဲ့သူတွေလည်း များစွာရှိပါတယ်။ သူတို့ကိုယ်တိုင်လည်း စာတတ်သလို စာတတ်တဲ့ပုဂ္ဂိုလ်များကိုလည်း ကိုးကွယ်ဆည်းကပ်တတ်ပါတယ်။

အခုလည်း ဆရာတော်ဦးဩဘာသတို့ ဆရာတော်ကို ကျောင်းဆောက်လှူတဲ့ ကျောင်းဒကာရဲ့သား မောင်ထောက်ဆိုတော့ ငွေကြေးဥစ္စာထိုက်သင့်သလို ချမ်းသာပြည့်စုံ ကုံလုံသူဖြစ်ပေလိမ့်မယ်။ တကယ်တော့ မောင်ထောက်လို့ဆရာတော်ရေးခဲ့တဲ့ပုဂ္ဂိုလ်လည်း မရှိတော့ပါဘူး။ မောင်ထောက်နေခဲ့တဲ့နေရာလည်း မသိတော့သလို မရှိလည်းမရှိတော့ပါဘူး။ မောင်ထောက် တို့ ခံစားစံစားခဲ့တဲ့ စည်းစိမ်ဥစ္စာများလည်း မရှိတော့ပါဘူး။

သမီးရေ

မပျောက်မပျက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့နိုင်တာကတော့ ဆရာတော်ကြီး ရေးသားစီရင်တော်မူတဲ့ ဇာတ်တော်ကြီး ဆယ်ဘွဲ့ထဲက ရှစ်ဘွဲ့ပဲဖြစ်ပါတယ်ကွယ်။ အဲသည်လို ဇာတ်တော်ကြီးတွေ မပျောက်ပျက်သလို မောင်

www.burmeseclassic.com



ထောက် ကျေးဇူးကလည်း မပျက်ပြယ်ပါဘူး သမီးရယ်။ မောင်ထောက်က သာသနာရေးစာပေတွေအပေါ်မှာ တစ်နည်း မဟုတ် တစ်နည်းနဲ့ ကျေးဇူးပြုခဲ့ပေတာပဲ။

ဆရာတော်အကြောင်းကို မပြောခင် လေသာတိုက်မှာ ရေးသားစီရင်တော်မူတဲ့ နာရဒဇာတ်တော်ကို ဘယ်အချိန်မှာ အဆုံးသတ်ခဲ့သလဲဆိုတာ ပြောကြရအောင်။ အမေ ငယ်ငယ် ကတည်းက အလေးထားခဲ့တဲ့ ကြိုက်လည်းကြိုက်နှစ်သက်တဲ့ ရာသီမှာ နာရဒဇာတ်တော်အပြီးသတ်တာကိုး။

မြန်မာကောဇာသက္ကရာဇ်အရဆိုရင် ၁၁၄၄ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်နေ့မှာ ပြီးပါသတဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၁၈ နှစ်က စာပေလက်ရာဖြစ်ပါတယ်။ သူ့ခေတ် နဲ့သူဆိုရင် အတော်ကိုလွယ်ကူပြေပြစ်စွာ လူအများနားလည် အောင် ရေးသားထားတဲ့ ဇာတ်တော်တစ်စောင် ဖြစ်ပါတယ်။

ဇာတ်တော်အပြီးသတ်တဲ့ ရာသီရဲ့အလှကို ဖော်ကျူး ထားပုံကလည်း အလွန်ကို လှပါတယ်။ ဖတ်ကြည့်ရအောင် ပါ။ 'တပေါင်းကျူးလစ်၊ ရွက်ဟောင်းပစ်၍၊ ရွက်သစ်ရှင်ရှင်၊ မင်းလွင်ဆိုင်းဆိုင်း၊ ညိုမှိုင်းရီရီ၊ သရဖီဖျော်ဖျော်၊ ကန့်ကော် ဆွတ်ဆွတ်၊ ရင်ကပ်သင်းသင်း၊ အင်ကြင်းလှိုင်လှိုင်၊ ပျံ့ကြိုင် စုံခြေ၊ မြစ်ရေဖွေးဖွေး၊ မြစ်တွေးရင်ကား၊ ဟသ်ာလည်နွဲ၊ ဝမ်းဘဲအတူ၊ သဲဖြူပြင်ရိပ်၊ ကမ်းဆိပ်သာယာ၊ ရေမှာတသွယ်၊ ကန်းဝယ်တထူး၊ ပျော်ဖွယ်မြူးသား၊ တန်ခူးဆန်းတက် ဆယ့် နှစ်ရက်နေ့' လို့ ပါပါတယ်။



အဲဒီအချိန်က သက်တော် ၂၄ နှစ်သာရှိနေသေးပေမယ့် အမေတို့အဖို့တော့ ဆရာတော်ကြီး မင်းဘူးဦးသြဘာသ ပေါ့နော်။ အဲသည်ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် ဇာတ်တော်လက်စသတ်တဲ့ အချိန်က ရာသီအလှက ပတ်ဝန်းကျင်မှာ မြင်နေရမှာပါပဲ ကွယ်။ ဆရာတော်ကြီးဟာ ငယ်ငယ်ကတည်းက မြင်လည်း မြင်တတ်တယ်။ ဘာသာစာပေကိုလည်း အထူးနိုင်နင်းတယ် ဆိုတာ သိနိုင်ပါတယ်။ တွဲပြီးသုံးထားတဲ့ ရွက်သစ်ရှင်ရှင် ဆိုတဲ့စကား၊ မင်းလွင်ဆိုင်းဆိုင်းဆိုတာက နွေဦးမှာ တွေ့ရတဲ့ တိမ်ကို မင်းလွင်တိမ်လို့ခေါ်ပါတယ်။ တိမ်တွေ ကောင်းကင် မှာ ပြည့်နေရင် တိမ်တွေဆိုင်းနေတာပဲလို့ ပြောတတ်ကြတယ် လေ။ တိမ်တွေဆိုင်းပြီး ပတ်ဝန်းကျင်မှာ မှိုင်းမှုန်ပြာဝေနေဟန် တူပါရဲ့၊ ညိုမှိုင်းရီရီလို့ ဆိုထားပြန်ပါတယ်။ ရီဆိုတာကတော့ ရီဝေဆိုတဲ့စကားစပ်အတိုင်းပေါ့။ လင်းလင်းချင်းချင်းရဲ့ ဆန့် ကျင်ဘက် မှိုင်းပျပျဖြစ်နေတာပေါ့လေ။

အဲသည်လိုရာသီမှာ ပွင့်တဲ့ပန်းတွေနဲ့ ပတ်သက်ပြီး သုံးထားတဲ့ စကားတွေကျတော့ ရှင်နေသလိုပဲ။ သရဖီဖျော် ဖျော်လို့ဆိုတာကတော့ သရဖီပန်းတွေ အများကြီးပွင့်နေတာ ကို ပြောတာဖြစ်ပါတယ်။ မင်းဘူးက မြေလတ်ကိုးသမိုင်။ ရာသီကလည်း အေးမြနေတဲ့အချိန် တောများကလည်း မပြုန်း သေးဘူးဆိုတော့ သရဖီပန်းတွေကလည်း သူ့ရာသီနဲ့သူ ပွင့်မှ ပွင့်ပေါ့လေ။ ပြီးတော့ သရဖီပွင့်ဟာ ပင်စည်မှာကပ်ပြီး

www.burmeseclassic.com



ပွင့်ရင်လည်း နေ့ချင်းညချင်း ပွင့်ပစ်တတ်ပါတယ်။ ဟော ကံ့ကော်ဆွတ်ဆွတ်လို့ သုံးထားတာကတော့ ကံ့ကော်ပန်း ပွင့်ဖတ်ကလေးတွေက ဆွတ်ဆွတ်ဖြူနေတာများ အဖြူက ကြွေရောင်တောင်မှ တောက်နေတတ်တာကိုး။ ရင်ခတ်ပန်းက လည်း အဝါရောင်ပွင့်ဖတ်နဲ့ တကယ့်ကိုသင်းတာ၊ သူက ပင်စောက် အပွင့်က ခပ်ဝါဝါပေမယ့် သူ့အနံ့က ဇီဇဝါဆန် ဆန် တော်တော့ကို သင်းပါတယ်။ ဆရာတော်ကြီးက ရင် ခတ်သင်းသင်းလို့ ဆိုထားတာ တကယ်ကိုက်ညီပါတယ်။ ဟော အင်ကြင်းလှိုင်လှိုင်ဆိုတာက သရဖီဖျော့ဖျော့လိုပါပဲ။ တစ်စုတစ်စည်း တစ်ပွေ့တစ်ပိုက်ကြီးပွင့်တာကို ပြောတာ ပါပဲ။ အဲသည်အင်ကြင်းက ဘွားဘွားသိပ်ကြိုက်တတ်တဲ့ ပန်းပေါ့။ မြန်မာအင်ကြင်းပန်းလေ၊ အဖူးသေးသေးကလေး တွေ အဝါနဲ့အနီရောပြီး ပြေပြေကလေးမွှေးတဲ့ပန်း၊ အခက် လိုက် ခူးကြရပါတယ်။ ဘွားဘွားက ပြောဖူးပါတယ်။ ရွှေ စက်တော်များသွားရင် ချောင်းတစ်ဖက်ကမ်းကို တက်သွားလို့ ကတော့ အင်ကြင်းပင်တွေက ပုပုလေးတွေနဲ့ပွင့်နေတာ လက် တကမ်းပါပဲတဲ့။ သူငယ်ငယ်က ရွှေစက်တော်ကိုသွားရင် အင်ကြင်းခက်တွေကို တဝချိုးခဲ့ရတာ သိပ်ပျော်တာပါပဲတဲ့။ အင်ကြင်းလှိုင်လှိုင်ပွင့်တဲ့ တပေါင်း တန်ခူးဆိုရင် ရွှေစက်တော် ဘုရားပွဲကလည်း ကျင်းပချိန်ကိုးသမီးရဲ့။

ကိုင်း ကိုင်း အမေကလည်း အမေ့အရွယ်နဲ့ အမေ



ရာသီဖွဲ့ပန်းဖွဲ့တွေနဲ့ ကျမ်းပြီးနိဂုံးမှာ ဘာမှုမကျန်ရအောင် ထည့်သွင်းစပ်ဆိုတော်မူတဲ့ ဆရာတော်ကြီးကို ကြည်ညိုဖွာနဲ့ ဆရာတော်ကြီးစပ်ဆိုတဲ့ စာတွေကို ခံစားပြနေတာပဲ ဆိုပါ တော့ကွယ်။

ကိုင်း အခု မင်းဘူးဦးဩဘာသရဲ့အကြောင်းကို ပြော ရပါတော့မယ်။ ဆရာတော် မင်းဘူးဦးဩဘာသကို မြန်မာ သက္ကရာဇ် ၁၁၂၀ ခုမှာ မွေးဖွားတယ်လို့ ယူဆကြပါတယ်။ ခရစ်နှစ်အရဆိုရင် ၁၇၅၈ ခုမှာ မွေးဖွားတာပေါ့ကွယ်။ ၁၇၅၂ မှာ တတိယမြန်မာဦးဆုံးဖြစ်တဲ့ ကုန်းဘောင်ဆက်ကို အလောင်းမင်းတရားကြီး ထူထောင်ခဲ့ပါတယ်။ အလောင်း မင်းတရားကြီးက ၁၇၆၀ မှာ နတ်ရွာစံခဲ့ပါတယ်။ ၁၇၅၈ မှာ မင်းဘူးဦးဩဘာသကို မွေးဖွားခဲ့တယ်လို့ဆိုတော့ အလောင်းမင်းတရားကြီး နတ်ရွာမစံမီ ၂ နှစ်အလိုမှာ မွေးဖွား ခဲ့တာဖြစ်ပါတယ်။ အသက်တော် ၆ နှစ်ကတည်းက စာပေ ကို သင်ကြားခဲ့ပြီး သက်တော် ၁၅ နှစ်မှာ ပျို့ကဗျာများကို နိုင်နိုင်နင်းနင်း ရေးသားခဲ့ပါသတဲ့။ ဦးဩဘာသဟာ လေသာ ကျောင်းမှာ ရှင်အဖြစ် ရဟန်းအဖြစ်ကိုရောက်ပြီး စာတော် တယ်လို့ ကျော်ကြားသူဖြစ်ခဲ့ပါတယ်။ ပြောခဲ့ပြီးတဲ့အတိုင်း ကျောင်းဒကာသားဖြစ်သူ စာသင်ဖက် မောင်ထောက် တောင်း ပန်လို့ ၁၁၄၄ ခုမှာ နာရဒဇာတ်ကို ရေးသားတော်မူပါတယ်။ ၁၁၄၃ ခုမှာ ဘိုးတော်မင်းတရား နန်းတက်တော်မူတယ်

www.burmeseclassic.com



ဆိုတော့ ၁၁၄၄ ခုက ဘိုးတော်နန်းတက်ပြီး တစ်နှစ်အကြာ အမရပူရမြို့တော်ကို တည်ထောင်ပြီးစီးခဲ့တဲ့နှစ်လို့ ဆိုကြပါ စို့ကွယ်။

မင်းဘူးဦးသြဘာသ ရေးသားတော်မူတဲ့ ဇာတ်တော်ကြီး ရှစ်ဇာတ်ကို အစဉ်အတိုင်းပြရရင်

၁။ နာရဒဇာတ်တော်ကို ၁၁၄၄ ခု တန်ခူးလ၊

၂။ စန္ဒကုမာရဇာတ်တော်ကို ၁၁၄၃ ခု ပြာသိုလ၊

၃။ ဝိဓုရဇာတ်တော်ကို ၁၁၄၅ ခု ဝါခေါင်လ၊

၄။ ဝေဿန္တရာဇာတ်တော်ကို ၁၁၄၅ ခု တပေါင်းလ၊

၅။ မဟောသဓဇာတ်တော်ကို ၁၁၄၆ ခု တန်ခူးလ၊

၆။ မဟာဇနကဇာတ်တော်ကို ၁၁၄၇ ခု နယုန်လ၊

၇။ နေမိယဇာတ်တော်ကို ၁၁၄၈ ခု ဝါဆိုလ၊

၈။ တေမိယဇာတ်တော်ကို ၁၁၄၈ ခု တပို့တွဲလတို့မှာ ပြီးစီးအောင် ရေးတော်မူပါတယ်။ အဲဒီနောက်မှာတော့ ဂုဏ်တော်အဖွင့်ကျမ်းတစ်စောင်ကို ရေးသားတော်မူခဲ့တယ်လို့ ဝေဿန္တရာဇာတ်တော်ကြီး အမှာစာမှာ ဆရာတော်ကြီး ရဝေထွန်း ရေးသားထားတာ သမီးလည်း ဖတ်ဖူးသားပဲ။

ဆရာတော်ဟာ ငယ်ငယ်ကလေးနဲ့ အဲသည်လောက် လက်ရာကောင်းတဲ့ စာပေများကို ပြုစုတော်မူပြီး သက်တော် ၄၀ အရွယ် ခပ်ငယ်ငယ်မှာပဲ ပျံလွန်တော်မူခဲ့ပါတယ်။ ဘိုးတော်လက်ထက်မှာ ပျံတော်မူခဲ့တာ သိပ်နှမြောစရာကောင်းပါတယ်။



တကယ်တော့ ဆရာတော် မင်းဘူးဦးသြဘာသရဲ့ လက်ရာများဟာ ရှေးတော်တော်ကျနေပြီဖြစ်ပေမယ့် ခေတ်လူများတောင်မှ စိတ်ဝင်စားစွာ ဖတ်ခဲ့လို့ရှိရင် နားလည်နိုင်ပါသေးတယ်။ သူ့ခေတ်နဲ့သူဆိုရင် အများသူငါအတွက် လွယ်ကူနားလည် ဖတ်ရှုနိုင်တဲ့ ခေတ်ရှေ့ပြေး စာပေလက်ရာများလို့ ဆိုနိုင်ပါတယ်။

ကဲ သမီးရေ၊ အဲသည်လောက်ဆိုရင် သမီးလိမ္မာ မရစာကို သမီးနားထောင်ရကျိုး နပ်လောက်ပါပြီနော်။

သားတို့သမီးတို့ဟာ နာရဒဇာတ်တော်ကို လွယ်ကူအောင် ပြန်လည်ရေးသားထားတဲ့ သမီးလိမ္မာ မရစာကို ဖတ်ကြပြီးတဲ့နောက် လိမ္မာရေးခြားရှိတဲ့ လူလိမ္မာကလေးများ ဖြစ်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်။ ။

ဒေါက်တာခင်ဝင်း (ပညာရေးတက္ကသိုလ်)

ဝ